ရန်ကုန်

မင်းကွန်းဆရာတော်ဘုရား၏

# ဝိသုဒ္ဓိခုနှစ်ပါး - မင်းကွန်းသွား

နှင့်

# မင်းကွန်းသွားပေါင်းချုပ်


**<u>ပုံနှိပ်မှတ်တမ်း</u>**

၂၀၁၆-ခုနှစ်၊ မတ်လ၊ အုပ်ရေ - ၂၀၀၀။

**ဆဋ္ဌမအကြိမ်**

စာမူခွင့်ပြုချက် - ၂၄၀/၂၀၀၃ (၄)

မျက်နှာဖုံးခွင့်ပြုချက် - ၂၀၀/၂၀၀၃ (၄)

**ထုတ်ဝေသူ**

**ဦးထွန်းမြအောင် (မြဲ ၀၃၈၄၅)**

**ဒုတိယညွှန်ကြားရေးမှူးချုပ်**

**သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန**

**အဖုံးနှင့်အတွင်းစာသား ပုံနှိပ်တိုက်**

**ဒေါ်မိုမိုအိ**

**သုဝဏ္ဏသိဒ္ဓိပုံနှိပ်တိုက်**

**ပဒုမ္မာလမ်း၊ စမ်းချောင်းမြို့နယ်**

**ရန်ကုန်**

**တန်ဖိုး**

(ဓမ္မဒါန)

# မာတိကာ

- နိဒါန်း ၇
**<u>ဝိသုဒ္ဓိ ခုနစ်ပါး - မင်းကွန်းသွား</u>** ၉
၁။ သီလဝိသုဒ္ဓိ ၁၀
၂။ စိတ္တဝိသုဒ္ဓိ ၁၃
- ကိလေသာကင်းစင်သော စိတ်ခုနစ်မျိုး ၁၅
၃။ ဒိဋ္ဌိဝိသုဒ္ဓိ ၂၀
- နာမရူပပရိစ္ဆေဒဉာဏ် ၂၀
- ရုပ်နာမ်ကွဲပုံ ၂၆
- ဒိဋ္ဌိစင်ကြယ်ပုံကိုပြခြင်း ၂၉
- သက္ကာယဒိဋ္ဌိ ၂၀-ကိုပြခြင်း ၃၀
- ဖဿပဉ္စကပေါ်ပုံပြခြင်း ၃၂
၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ ၃၄
- ပစ္စယပရိဂ္ဂဟဉာဏ် ၃၄
- ရုပ်အကြောင်းကိုခွဲပြခြင်း ၃၈
- နာမ်အကြောင်းကိုခွဲပြခြင်း ၃၉
- ယုံမှားပျောက်ပုံ ၄၂



၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ၄၃
- သမ္မသနဉာဏ် ၄၃
- ပရိညာသုံးပါးကိုပြခြင်း ၄၃
- ပရိညာသုံးပါးကို ဉာဏ်နှင့်ပိုင်းခြား၍ပြခြင်း ၄၅
- အားထုတ်ပုံ ၄၆
- ၁၁-ဌာနသုံးသပ်ပုံ ၄၈
- ဥဒယဗ္ဗယဉာဏ်အနု ၅၂
၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ၅၆
- ဥဒယဗ္ဗယဉာဏ်ရင့် ၅၆
- ဘင်ဉာဏ် ၅၉
- ဘယဉာဏ် ၆၄
- အာဒီနဝဉာဏ် ၆၇
- ပဋိစ္စသမုပ္ပါဒ် ၁၂-ပါး ၇၀
- နိဗ္ဗိဒါဉာဏ် ၇၄
- မုဉ္စိတုကမျတာဉာဏ် ၇၅
- ပဋိသင်္ခါဉာဏ် ၇၆
- သင်္ခါရုပေက္ခာဉာဏ် ၈၁
- လွတ်ခြင်း - လွတ်ပေါက် - ပြည့်စုံပုံ ၈၅
- သင်္ခါရုပေက္ခာဉာဏ်အစ မဂ်ဉာဏ်တိုင်အောင် ပြခြင်း ၈၈
၇။ ဉာဏဒဿနဝိသုဒ္ဓိ ၈၉
- မဂ်ဉာဏ် ၈၉
- မဂ်မှား, မဂ်မှန်, သိနိုင်ရန် ၉၀
- ဖလသမာပတ် ၉၃

**နိဗ္ဗာန်တရား - မင်းကွန်းသွား** ၉၄
- နိဗ္ဗာန် ၁၂-မျိုးထင်ပုံ ၉၄
- နိဗ္ဗာန်ထင်ပုံ ၆၀ ၉၅
- နိဗ္ဗာန်ထင်ပုံ ၄၀ ၁၀၅

**ဉာဏ်စဉ် ၁၀ ပါး - မင်းကွန်းသွား** ၁၀၉
၁။ နာမရူပပရိစ္ဆေဒဉာဏ် ၁၀၉
- နာမ်ရုပ်ပေါ်ပုံ ၁၁၂
၂။ ပစ္စယပရိဂ္ဂဟဉာဏ် ၁၁၃
- နာမ်ရုပ်၏အကြောင်းပေါ်ပုံ ၁၁၄
၃။ သမ္မသနဉာဏ် ၁၁၅
- ရုပ်နှင့်နာမ်သုံးသပ်ပုံ ၁၁၅
၄။ ဥဒယဗ္ဗယဉာဏ် ၁၁၇
- ရုပ်နှင့်နာမ်၏အဖြစ်အပျက်ပေါ်ပုံ ၁၁၇
၅။ ဘင်ဉာဏ် ၁၁၈
-ရုပ်နာမ်၏အပျက်ပေါ်ပုံ ၁၁၈
၆။ ဘယဉာဏ် ၁၂၀
၇။ အာဒီနဝဉာဏ် ၁၂၀
၈။ နိဗ္ဗိဒါဉာဏ် ၁၂၀
- အာနိသင်ရှစ်ပါး ၁၂၀
- ရုပ်နာမ်၌ ဘေး, အပြစ်, ငြီးငွေ့ပုံ ၁၂၂
- ကြိယာပုထ်လေးပါး၌ ဘေး, အပြစ်, ငြီးငွေ့ပုံ ၁၂၄
- ရုပ်နာမ်မှ လွတ်လို, ဆင်ခြင်, အညီ အညွတ်ရှုပုံ ၁၂၆



၉။ မုဥ္စိတုကမျတာဉာဏ် ၁၂၇
၁၀။ ပဋိသင်္ခါဉာဏ် ၁၂၇
၁၁။ သင်္ခါရုပေက္ခာဉာဏ် ၁၂၈
၁၂။ အနုလောမဉာဏ် ၁၃၁
၁၃။ ဂေါတြဘူဉာဏ် ၁၃၂
၁၄။ မဂ်ဉာဏ် ၁၃၃

**သစ္စာလေးပါး - မင်းကွန်းသွား** ၁၃၆
- ဒေသနာသစ္စာလေးပါး ၁၃၆
- အာရုံထင် ဥပစာသစ္စာ ၁၃၆
- အလုပ်သစ္စာ ၁၃၇
- မုချသစ္စာ ၁၃၈
- သစ္စာအနက် ၁၆-ချက် ၁၃၉

**သတိပဋ္ဌာန်တရား - မင်းကွန်းသွား** ၁၄၁
- ပါဠိဘာသာပွားပုံ ၁၄၁
- မြန်မာဘာသာပွားပုံ ၁၄၃

**ဓမ္မစကြာတရား - မင်းကွန်းသွား** ၁၄၅
- ဟောရာ မာတိကာ ၁၄၅
- အယုတ်တရားနှစ်ပါး ၁၄၅
- မဂ္ဂင်ရှစ်ပါး ၁၄၇
- မဂ္ဂင်နှစ်မျိုး ၁၄၈

# နိဒါန်း

၁၃၁၀ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်နေ့က အင်းစိန်မြို့၌ ကရင်တို့၏ ဆူပူသောင်းကြမ်းသော ဘေးဒုက္ခတို့ကြောင့်၊ ရန်ကုန်မြို့ ပဋိပတ္တိသာသနာ နုဂ္ဂဟအသင်းချုပ်ကြီးက မင်းကွန်းဆရာတော်ဘုရား အမှူးထား၍ နောက်ပါသံဃာတော်အပါး ၂၀ - လူသီလရှင်, ယောဂီ, ၄၀ ပေါင်း (၆၀) တို့အား၊ ရွှေတိဂုံဘုရာကြီး၏ ခြေတော်ရင်းသို့ ကြိုဆိုလာပြီးနောက်၊ ရာဇဝတ်ဝန်မင်း - ဦးဘရီ၊ မင်းကတော် ဒေါ်လှဖူးတို့က သဒ္ဓါစေတနာ ထက်သန်စွာဖြင့်၊ အထက်ပါဘုရားကြီး ၏ စနေထောင့်၌၊ မင်းကွန်းသုဓမ္မာကြီး, မင်းကွန်းဝါဆိုကျောင်း အစရှိသောတည်းကျောင်း မဏ္ဍပ်များကို ဆောက်လုပ်လှူဒါန်းပါကြောင်း၊ ထိုသို့လှူဒါန်းသော တည်းကျောင်းမဏ္ဍပ်တို့၌ သီတင်းသုံးတော်မူနေခိုက်တွင် ဩဝါဒသူဒနီစာဘွဲ့ကို ဉာဏ်စဉ် ၁၀-ပါး၊ မင်းကွန်းသွား ဟူသောအမည်ဖြင့်၊ ရိုက်နှိပ်,ဝေကမ်း,လှူဒါန်းခဲ့ပါကြောင်း။ ၎င်းနောက် ၁၃၁၁-ခုမှ ၁၂-ခုသို့ အကူးတွင် ဝိသုဒ္ဓိ ၇-ပါး၊ မင်းကွန်းသွားဟူသောအမည်ဖြင့် ရိုက်နှိပ်, ဝေကမ်း, လှူဒါန်းခဲ့ပါကြောင်း။ ယခု ၁၃၁၂-ခု ၁၃-ခု အကူး၌ ကိစ္စအဝဝများပြားလှပါသဖြင့်၊ နိဗ္ဗာန်တရား မင်းကွန်းသွားဟူသော စာစောင်ကို ရိုက်နှိပ်ဝေကမ်း လှူဒါန်းရန်အတွက်၊ ရည်ရွယ်ချက်သည် ပျက်ကွက်ခဲ့ပါကြောင်း၊ သို့ပင်ဖြစ်ငြားသော်လည်း။ တရားနာပရိသတ်များမြောင်လှစွာသော တပည့်အပေါင်းတို့ကတောင်းပန်ကြပါသဖြင့်၊ ဝိသုဒ္ဓိ ၇-ပါးမင်းကွန်းသွား,ဉာဏ်စဉ် ၁၀-ပါး မင်းကွန်းသွား, နိဗ္ဗာန်တရား မင်းကွန်းသွားတို့ ကိုစုပေါင်း၍ မင်းကွန်းသွားပေါင်းချုပ်-ပဌမအုပ်ကို ပဋိပတ္တိသာသနာနုဂ္ဂဟအသင်းကြီးက မူပိုင်ပြုလုပ်ပြီးလျှင် လာလာသမျှ၊ မင်းကွန်း ဝိပဿနာတရားကို အားထုတ်ကြသော ယောဂီများ၏ ဆွမ်းစရိတ် အတွက်ငဲ့ကွက်၍ ထုတ်ဝေရသည်ကို-စေတနာသဒ္ဓါထက်သန်စွာဖြင့် လှူဒါန်းကြပါမည့်အကြောင်း လေးမြတ်စွာတိုက်တွန်းအပ်ပါသတည်း။

ဦးဘရီ
ဥက္ကဋ္ဌ

# နိဒါန်း

ရန်ကုန်မြို့၊ မူလမင်းကွန်း ပဋိပတ္တိသာသနာနုဂ္ဂဟအသင်းကြီးမှ ၁၃၁၂ -ခုနှစ်က မူပိုင်ပြုလုပ်ပြီး ထုတ်ဝေခဲ့သော ဤ ‘ဝိသုဒ္ဓိ ၇-ပါး မင်းကွန်းသွား’ ကျမ်းစာကို ရေးသားစီရင် တော်မူသော ရန်ကုန်မြို့၊ ကျေးဇူးရှင် မူလမင်းကွန်းဆရာတော် ဘုရားသည်ကား-

‘ရဟန္တာအရှင် ဗုဒ္ဓမတည်ူ အဌကထာကျမ်းပြုဟု ကျော်ကြား တော်မူသော သထုံမြို့ ကျေးဇူးရှင် မူလမင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီး၏အထံတော်တွင် ဝိပဿနာ ဉာဏ်လမ်း အကျင့်စခန်းကို နှစ်,လများစွာ အားထု=တ်ပြီးမှ ဟောနည်းအတန်တန် ပြနည်းအဝဝ ရှုမှတ်ပုံ နည်းနိသျတို့နှင့် တကွ စစ်မှန်သောမူဝါဒ လမ်းစဉ်များကို တိတိကျကျလိုက်နာ ကျင့်သုံး ဟောပြတော်မူခဲ့ သော တပည့်ကြီး ဖြစ်ပေသည်။

ထို ရန်ကုန်မြို့၊ ကျေးဇူးရှင် မူလမင်းကွန်းဆရာတော်ဘုရား ကြီး ရေးသားစီရင်တော်မူအပ်သော ဤ ဝိသုဒ္ဓိ ၇-ပါး မင်းကွန်းသွားကျမ်းသည် ယောဂီပုဂ္ဂိုလ်များ ရှုမှတ်ပွားများ အားထုတ်ပုံနှင့် ဉာဏ်ပေါ်ပုံ၊ ကိလေသာကွာပုံ၊ နာမ်ရုပ်ပေါ်ပုံ- အလုံးစုံတို့ကို ဉာဏ်အားဒိဌ ထင်မြင်ကြလျက် နိရောဓမှန် မြတ်နိဗ္ဗာန်သို့ မျက်မှောက်ပြုပုံတို့ပါ စုံလင်စွာပါရှိသောကျမ်း ဖြစ်ပါသည်။

သို့ပါ၍ ဤဝိသုဒ္ဓိ ၇-ပါး မင်းကွန်းသွားကျမ်းကို သံသရာ ဝဋ်ဒုက္ခမှ လွတ်မြောက်လိုကြကုန်သော ယောဂီသူတော်စင် အပေါင်းတို့ လွယ်လင့်တကူ ကြည့်ရှုကျင့်ကြံနိုင်ကြစေရန် ရည်ရွယ်



လျက်တစ်မျိုး၊ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်အလယ်ပစ္စယံ စနေထောင့်ရှိ ရန်ကုန်မြို့ မူလမင်းကွန်းပဋိပတ္တိသာသနာနုဂ္ဂဟ အသင်းကြီး၏ ယာယီကမ္မဌာန်းဌာန၌ သီတင်းသုံးတော်မူလျက် ရှိသည့် ဆရာတော်သံဃာတော် အရှင်သူမြတ်များနှင့်တကွ ယောဂီ များ၏ ဆွမ်းကွမ်းစရိတ်အတွက် ရည်သန်ကာတစ်ဖုံ ရန်ကုန်မြို့ မူလမင်းကွန်းပဋိပတ္တိသာသနာနုဂ္ဂဟအသင်းကြီးက ဆဌမအကြိမ် ထုတ်ဝေလိုက်ပါသတည်း။

**အမှုဆောင်အဖွဲ့**

**ရန်ကုန်မြို့၊မူလမင်းကွန်းပဋိပတ္တိသာသနာနုဂ္ဂဟအသင်းကြီး**

**ရွှေတိဂုံစေတီတော်အလယ်ပစ္စယံစနေထောင့်၊**

**ရန်ကုန်မြို့။**

**ဖုန်း -၀၁-၃၇၁၈၇၃၊ ၀၉၂၆၃၆၅၀၇၈၉**

**website - www.mulamingon.com**

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
## ဝိသုဒ္ဓိ ၇-ပါး မင်းကွန်းသွား

သုဒ္ဓိ - ဟူသည်ကား စင်ကြယ်ခြင်းကို ဆိုလိုသည်။ ဝိသုဒ္ဓိ - ဆိုသည်ကား အထူးသဖြင့် စင်ကြယ်ခြင်းကို ဆိုလိုသည်။ ထို စင်ကြယ်ခြင်းသည် ၇-မျိုးရှိ၏။

၇ - မျိုးဟူသည်ကား -

(၁) သီလအားဖြင့် စင်ကြယ်ခြင်းတစ်မျိုး၊
(၂) စိတ်အားဖြင့် စင်ကြယ်ခြင်းတစ်မျိုး၊
(၃) အယူအားဖြင့် စင်ကြယ်ခြင်းတစ်မျိုး၊
(၄) ယုံမှားခြင်းအားဖြင့် စင်ကြယ်ခြင်းတစ်မျိုး၊
(၅) မဂ် ဟုတ်သည်, မဟုတ်သည်ကို အသိဉာဏ်အမြင်အားဖြင့် စင်ကြယ်ခြင်းတစ်မျိုး၊
(၆) အကျင့်၏ဉာဏ်အမြင် စင်ကြယ်ခြင်းတစ်မျိုး၊
(၇) အသိ၏ဉာဏ်အမြင် စင်ကြယ်ခြင်းတစ်မျိုး၊

ဟူ၍ ၇-မျိုးရှိ၏။ ထို ၇-မျိုးတို့တွင် ယခုဆိုလတ္တံ့သော ဝိသုဒ္ဓိသည်ကား သီလဝိသုဒ္ဓိပင်တည်း။



## ၁။ သီလဝိသုဒ္ဓိအခဏ်း

သီလဆိုတာက၊ ၂-ခုပြား
ကျင့်သီလက၊ တစ်ခုတစ်ပါး
ဆောင်သီလက၊ တစ်ခုတစ်ပါး
ကျင့်သီလ ဆိုတာက၊ စာရိတ္တတရား
ဆောင်သီလဆိုတာက၊ ဝါရိတ္တတရား
ရိုသေရမည့်သူကို၊ ရိုသေရာ
မှတ်ပါ စာရိတ္တာ
ကိုင်းရှိုင်းရမည့်သူကို၊ ကိုင်းရှိုင်းရာ
မှတ်ပါစာရိတ္တာ
ငါးပါးသီလ၊ စောင့်ခဏ
ဝါရိတ္တသီလလုံ
ရှစ်ပါးသီလ ဆယ်ပါးသီလ၊ စောင့်ခဏ
ဝါရိတ္တသီလလုံ။

အထက်ပါစကားအရသီလဆိုခြင်းသည်ကား အလေ့အကျင့်ကိုဆိုသည်။ ထိုအလေ့အကျင့်သည် မိရိုးဖလာအားဖြင့် ကျင့်သော အလေ့အကျင့်တစ်မျိုး၊ ခံယူဆောက်တည်၍ ကျင့်သော အလေ့အကျင့် တစ်မျိုးဟူ၍ ၂-မျိုးရှိ၏။ ထို ၂-မျိုးတို့မှာ အမိကို အမိအလျောက်၊ အဖကို အဖအလျောက်၊ အသက်သိက္ခာ ဂုဏ်ပညာ

ကြီးသောသူကိုလည်း ၄င်းတို့အလျောက် ရိုသေကိုင်းရှိုင်း ဦးနှိမ့်ချခြင်းသည် စာရိတ္တသီလနှင့်ပြည့်စုံသည်ဟု ဆိုရ၏။ ဤစကား၌ ငါတို့ ဗုဒ္ဓဘာသာလူမျိုးများသည် ဝါဝင်ဝါထွက် ဆရာသမား မိဘများနှင့်တကွ အသက်အားဖြင့် လည်းကောင်း၊ ဂုဏ်အားဖြင့် လည်းကောင်း၊ သိက္ခာအားဖြင့်လည်းကောင်း၊ ကြီးကုန်သောပုဂ္ဂိုလ် တို့အား ကန်တော့ကြခြင်းသည် စာရိတ္တသီလဟုဆိုလိုသည်။ ဝါရိတ္တ သီလသည်ကား လူအတွက် ငါးပါးသီလ, ရှစ်ပါးသီလ၊ သာမဏေ အတွက် ၁၀-ပါးသီလ၊ ရဟန်းတော်များအတွက် ၂၂၇-သွယ် သိက္ခာပုဒ်တို့ပေတည်း။

လောက၌ မိမိဌာန, သူတစ်ပါးဌာနအားဖြင့် ၂-ပါး။ ထို ၂-ပါးတို့တွင် မိမိဌာန, ဤလောက၌ အကြင်သူသည် ရုပ်နာမ်ကိုသိ၏။ ထိုသူသည်ကား ရုပ်နာမ်မှတစ်ပါး ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျာ်း, မိန်းမ မရှိဟု ဆုံးဖြတ်သောအယူသည် ပရမတ္ထသစ္စာဖြစ်၏။

သူတစ်ပါးဌာန, ဤလောက၌ အကြင်သူသည် အမိ မရှိ, အဘ မရှိ, သား မရှိ, သမီး မရှိ, မောင် မရှိ, နှမ မရှိ, လင်မရှိဟု ယူမှားသည်ဖြစ်အံ့၊ ထိုသူသည်ကား လောကပညတ်အမှန် သမုတိ သစ္စာကို ပယ်ဖျက်ခြင်း ကြောင့် မိစ္ဆာဒိဋ္ဌိဖြစ်၏။ မိစ္ဆာဒိဋ္ဌိဖြစ်ခြင်း ကြောင့် ထိုသူ အမိ၌ပြုအပ်သောဝတ်ကို မကျင့်၊ အဘ၌ပြုအပ် သော ဝတ်ကို မကျင့်၊ သား၌ပြုအပ်သောဝတ်ကို မကျင့်၊ သမီး၌ ပြုအပ်သောဝတ်ကို မကျင့်၊ မောင်၌ပြုအပ်သောဝတ်ကို မကျင့်၊ နှမ၌ပြုအပ်သောဝတ်ကို မကျင့်၊ မယား၌ပြုအပ်သောဝတ်ကို မကျင့်၊ လင်၌ပြုအပ်သောဝတ်ကို မကျင့်၊ မကျင့်ခြင်းကြောင့် စာရိတ္တသီလနှင့် မပြည့်စုံ။



သူ့အသက်ကို သတ်၏, မရှောင်ကြဉ်၊ သူ့ဥစ္စာကို ခိုး၏, မရှောင်ကြဉ်၊ သူ့သားအိမ်ရာကို ပြစ်မှား၏, မရှောင်ကြဉ်၊ မဟုတ် မတရား မုသားဆို၏, မရှောင်ကြဉ်၊ သေရည်သေရက်ကို သောက် စား၏, မရှောင်ကြဉ်၊ မရှောင်ကြဉ်ခြင်းကြောင့် ဝါရိတ္တသီလနှင့် မပြည့်စုံ။ စာရိတ္တသီလ, ဝါရိတ္တသီလနှင့်မပြည့်စုံခြင်းကြောင့် မိမိ ကိုယ်က မိစ္ဆာဒိဋ္ဌိဖြစ်ခြင်းကြောင့် အားထုတ်သော်လည်း နာမ်ရုပ်ကို မသိ၊ နာမ်ရုပ်ကိုမသိခြင်းကြောင့် ထိုသူအား သဿတဒိဋ္ဌိ, ဥစ္ဆေဒ ဒိဋ္ဌိဖြစ်၏။

သူတစ်ပါးဌာန, ဤလောက၌ အကြင်သူသည်ကား အမိအဖ, သားသမီး, မောင်နှမ, မယား, လင်ရှိ၏ဟု ယူသည်ဖြစ်အံ့၊ ထိုသူ သည်ကား လောကပညတ်အမှန် သမုတိသစ္စာ မပယ်မဖျက် ခြင်းကြောင့် သမ္မာဒိဋ္ဌိဖြစ်၏။ သမ္မာဒိဋ္ဌိဖြစ်ခြင်းကြောင့် ထိုသူ အမိ၌ပြုအပ်သောဝတ်ကို ကျင့်၏။ အဖ၌ပြုအပ်သောဝတ်ကို ကျင့်၏။ သား၌ ပြုအပ်သောဝတ်ကို ကျင့်၏။ သမီး၌ပြုအပ်သော ဝတ်ကို ကျင့်၏။ မောင်၌ပြုအပ်သောဝတ်ကို ကျင့်၏။ နှမ၌ ပြုအပ်သောဝတ်ကို ကျင့်၏။ မယား၌ပြုအပ်သောဝတ်ကို ကျင့်၏။ လင်၌ပြုအပ်သောဝတ်ကို ကျင့်၏။ ကျင့်ခြင်းကြောင့် စာရိတ္တသီလနှင့်ပြည့်စုံ၏။

သူ့အသက်ကိုမသတ်, ရှောင်ကြဉ်၏။ သူ့ဥစ္စာကိုမခိုး, ရှောင် ကြဉ်၏။ သူ့သားအိမ်ရာကို မပြစ်မှား, ရှောင်ကြဉ်၏။ မဟုတ် မတရား မုသားမဆို, ရှောင်ကြဉ်၏။ သေရည်သေရက်ကို မသောက် မစား, ရှောင်ကြဉ်၏။ ရှောင်ကြဉ်ခြင်းကြောင့် ဝါရိတ္တသီလနှင့် ပြည့်စုံ၏။

စာရိတ္တသီလ, ဝါရိတ္တသီလ ၂-ပါးနှင့် ပြည့်စုံခြင်းကြောင့်လည်းကောင်း၊ မိမိကိုယ်က သမ္မာဒိဋ္ဌိဖြစ်ခြင်း ကြောင့်လည်းကောင်း၊ ဝိပဿနာတရားကို အားထုတ်သည်ရှိသော် ရုပ်မှန်၊ နာမ်မှန်ကို ဧကန်ဒိဋ္ဌ မြင်နိုင်တွေ့နိုင် ကြပေ၏။

**သီလဝိသုဒ္ဓိအခန်းပြီး၏။**

## ၂။ စိတ္တဝိသုဒ္ဓိအခန်း

လွန်ပြေးစိတ်လဲ၊ ပြန့်လွင့်တယ်
မရောက်သေးစိတ်လဲ၊ တုန်လှုပ်တယ်
တွန့်ဆုတ်စိတ်လဲ၊ ပျင်းရိတယ်
တက်ကြွစိတ်လဲ၊ ပြန့်လွင့်တယ်
ညွတ်လွန်းစိတ်လဲ၊ တပ်မက်တယ်
မညွတ်လွန်းစိတ်လဲ၊ ပျက်စီးတယ်

အထက်ပါ စိတ်၏အင်္ဂါ ၆-ပါးတို့တွင် -

၁။ လွန်ပြေးစိတ်ဆိုသည်ကား ရောက်ခဲ့ပြီး, ဖြစ်ခဲ့ပြီးသော အတိတ်စိတ်ကို ဆိုသည်။ ထိုအတိတ်ကာလ နောက်သို့လိုက်၍ ရှုသောစိတ်သည် ပြန့်လွင့်ရာကျသဖြင့် ထိုပြန့်လွင့်ရာကျသော စိတ်ကို ကြဉ်ဖယ်၍ ပစ္စုပ္ပန် တစ်နေရာတည်း၌ တည်ထား၍ ရှုမှတ်ခြင်းသည် ပြန့်လွင့်ခြင်း ဝိက္ခေပမှ ကင်းလွတ်ရာ၏။ ဤကား အင်္ဂါတစ်ပါး။

၂။ မရောက်သေးစိတ်လဲ တုန်လှုပ်တယ် ဆိုရာ၌ မရောက်သေး, မဖြစ်သေးသော အနာဂတ်အာရုံကို ဆိုသည်။ ထိုအနာဂတ်



အာရုံကို အာရုံပြု၍နေသောသူ၏စိတ်သည် ဝိက္ကမ္ပိတ တုန်လှုပ်ရာကျ၏။ ၎င်းစိတ်ကိုလဲ ပစ္စုပ္ပန်တစ်နေရာတည်း၌ တည်ထား၍ တုန်လှုပ်ခြင်းမှကင်းလွတ်အောင် ရှုမှတ်ရ၏။ ဤသည်လည်း အင်္ဂါတစ်ပါး။

၃။ တွန့်ဆုတ်စိတ်လဲ ပျင်းရိတယ်ဆိုရာ၌ တရားအားမထုတ်ဝံ့ တွန့်သောစိတ်ကို လီနစိတ်ဟု ဆိုသည်။ ၎င်းလီနစိတ် ဖြစ်ပေါ်လာသောအခါ တွန့်ခြင်း, ဆုတ်ခြင်း ဖြစ်ပါသဖြင့် ဤအတွန့်အဆုတ်မှ ကင်းလွတ်စေခြင်းငှာ အားပေးချီးမြှောက်၍ ပယ်စွန့်ပြီးလျှင် ရှုမှတ်ရ၏။ ဤသည်လည်း အင်္ဂါတစ်ပါး။

၄။ တက်ကြွစိတ်လဲ ပြန့်လွင့်တယ် ဆိုရာ၌ အားတက်လွန်းသောစိတ်, လုပ်လို, ကိုင်လို, အားထုတ်လို, ပွားများလိုလွန်းသော စိတ်ကို ဆိုသည်။ ဤစိတ်သည် အတိပဂ္ဂဟိတစိတ်ဟု ဆို၏။ ဤစိတ်ဖြစ်ပေါ်လာသောအခါ ဘာဝနာအာရုံ၌ ပြန့်လွင့်သော ဥဒ္ဓစ္စ ဖြစ်ပါသဖြင့် ထိုတက်ကြွလွန်းသောစိတ်ကို နှိမ်ချ၍ ပြန့်လွင့်သော ဥဒ္ဓစ္စကို ပယ်စွန့်ရာ၏။ ဤသို့ ပယ်စွန့်သဖြင့် ပြန့်လွင့်ခြင်း ဝိက္ခေပသို့မရောက်ဘဲ တည်ကြည်ငြိမ်သက်ရာ၏။ ဤသည်လည်း အင်္ဂါတစ်ပါး။

၅။ ညွတ်လွန်းစိတ်လဲ တက်မက်တယ် ဆိုရာ၌ ဘာဝနာ အာရုံ၌ ညွတ်လွန်းသောစိတ်သည် အဘိနတ စိတ်ညွတ်လွန်းသဖြင့် ရာဂဖြစ်ရာကျ၏။ ဤရာဂစိတ်ကို သမ္ပဇဉ်ဆင်ခြင်၍ဖြစ်သော ရာဂကိုပယ်စွန့်သဖြင့်လည်း မပြန့်လွင့်အောင် ပြုလုပ်ရ၏။ ဤသည်လည်း အင်္ဂါတစ်ပါး။

၆။ မညွတ်လွန်းစိတ်လဲ ပျက်စီးတယ် ဆိုရာ၌ မညွတ်လွန်းသောစိတ်ကို အပနတစိတ် ဆိုသည်။ ဤ အပနတစိတ် ဖြစ်ပေါ်

သောအခါ တရားကို ဒေါသဖြစ်ရာကျပါသဖြင့် ဘာဝနာအာရုံ မဖြစ်နိုင်ပေ။ ထိုစိတ်ကို သိ၍ ဒေါသကို ပယ်စွန့်ရာ၏။ ဤသည်လည်း အင်္ဂါတစ်ပါး။

ဤစိတ်၏ အပြစ်ခြောက်မျိုးတို့မှ လွတ်သော အားထုတ်သော ဘာဝနာ ပွားများရာ၌ လုပ်နည်းကျအောင် ကျင့်ကြံနိုင်ကြပါစေ သတည်း။

## ကိလေသာစင်သော စိတ် ၇-မျိုး

စွန့်ကြဲမှုထင်၊ ကိလေစင်
သမထနိမိတ်ထင်၊ ကိလေစင်
အပျက်လက္ခဏာထင်၊ ကိလေစင်
နိဗ္ဗာန်ကိုထင်၊ ကိလေစင်
ဈာန်စိတ်အစဉ်၊ ကိလေစင်
ဈာန်အနီး၌ပင်၊ ကိလေစင်
ရုပ်နာမ်ကိုမြင်၊ ကိလေစင်

အထက်ပါ ကိလေစင်သော စိတ် ၇-မျိုးတို့ကို လေးမျိုး တစ်ပိုင်း, ၂-မျိုးတစ်ပိုင်း, တစ်မျိုးတစ်ပိုင်းဟု ခွဲခြားမှတ်သားရ၏။ အစလေးမျိုးအပိုင်းကား ပါဠိတော်ကျမ်းမြတ်မှလာသော စကား ရပ်များကို ဆက်စပ်၍ ထုတ်နုတ်ထားခြင်းပင်တည်း။ အလယ် ၂-မျိုးအပိုင်းကား အဋ္ဌကထာကျမ်းမြတ်မှလာသော စကားရပ် များကို ဆက်စပ်၍ ထုတ်နုတ်ထားခြင်းပင်တည်း။ အဆုံးတစ်မျိုး အပိုင်းကို ဋီကာကျမ်းမြတ်မှလာသော စကားရပ်များကို ဆက်စပ်၍ ထုတ်နုတ်ထားခြင်းပင်တည်း။ ထို့ကြောင့် -



အစ, စကားလေးချက်က
ပါဠိတော်ကျမ်းမှထွက်၊
အလည်စကား ၂-ချက်က
အဋ္ဌကထာကျမ်းမှထွက်၊
အဆုံးစကားတစ်ချက်က၊
ဋီကာကျမ်းမှထွက်။

ထို ကိလေသာစင်သော စိတ် ၇-မျိုးတို့တွင် -

၁။ စွန့်ကြဲမှုထင် ကိလေစင်ဆိုရာ၌ 'ဒါနဝေါ သဂ္ဂုပဋ္ဌာနေ ကတ္တံ စာဂါဓိမုတ္တာနံ' (ဒါနဝေါ သဂ္ဂုပဋ္ဌာနံ၊ စွန့်ကြဲသော အလှူ ထင်ခြင်းသည်၊ စာဂါဓိမုတ္တာနံ၊ စာဂဂုဏ်ကို နှလုံးသွင်းကုန် သောသူတို့၏ ဧကတ္တံ၊ ဥပစာရ သမာဓိ ဧကတ္တတည်း။ တစ်နည်း။ ဧကတ္တံ၊ ကိလေသာ အဖော်ကင်း စိတ်တစ်ကိုယ်တည်းခြင်း တည်သည်၊ ဟောတိ ဖြစ်၏) ဟု ဟောတော်မူခြင်းကြောင့် စာဂါ နုဿတိဂုဏ်ကို အာရုံပြု၍ စွန့်ကြဲ, ပေးကမ်း, လှူဒါန်းသောသူတို့မှာ ဥပစာရသမာဓိ အာရုံ၌ ပရိယုဋ္ဌာန် ကိလေသာ၏ အဖော်ကင်းဝေး ခြင်းကို ကိလေသာစိတ် စင်ကြယ်ခြင်းတစ်မျိုး ဆို၏။

၂။ သမထနိမိတ်ထင် ကိလေစင် ဆိုရာ၌ 'သမထနိမိတ္တု ပဋ္ဌာနေကတ္တဥ္စ အဓိစိတ္တာနုယုတ္တာနံ' (သမထ နိမိတ္တုပဋ္ဌာနံ၊ အပ္ပနာ သမထနိမိတ်ထင်ခြင်းသည် အဓိစိတ္တာနုယုတ္တာနံ၊ ဈာန် အပ္ပနာ သမာဓိကို အားထုတ်ကုန်သော ယောဂီတို့၏၊ ဧကတ္တံ၊ အပ္ပနာသမာဓိ ဧကတ္တတည်း။ တစ်နည်း၊ ဧကတ္တံ၊ ကိလေသာ အဖော်ကင်းစိတ် တစ်ကိုယ်တည်းခြင်းတည်သည်၊ ဟောတိ၊ ဖြစ်၏) ဟု ဟောရာ၌ ဈာန်အပ္ပနာသမာဓိကို အားထုတ်ကုန်သော ယောဂီ

တို့အား အပ္ပနာသမထနိမိတ်ထင်ခြင်းသည် အပ္ပနာသမာဓိ၏ ပရိယုဋ္ဌာန် ကိလေသာမှ စင်ကြယ်ခြင်းတစ်မျိုးဆို၏။

၃။ အပျက်လက္ခဏာထင် ကိလေစင်ဆိုရာ၌ (ဝယလက္ခဏုပဋ္ဌာနေကတ္တဥ္စဝိပဿကာနံ) ဝယလက္ခဏုပဋ္ဌာနံ၊ ရုပ်နာမ်တို့၏ အပျက်လက္ခဏာထင်ခြင်းသည်၊ ဝိပဿကာနံ၊ ဝိပဿနာယောဂီ တို့၏၊ ဧကတ္တံ၊ ဝိပဿနာဧကတ္တတည်း။ တစ်နည်း၊ ဧကတ္တံ ကိလေသာအဖော်ကင်းစိတ် တစ်ကိုယ်တည်းခြင်း တည်သည်၊ ဟောတိ ဖြစ်၏ဟု ဟောရာ၌ ဝိပဿနာယောဂီပုဂ္ဂိုလ်တို့အား ရုပ်နာမ်တို့၏အပျက်လက္ခဏာကို ထင်သော, မြင်သော, တွေ့သော အာရုံသည် အနုသယကိလေသာ၏ အဖော်ကင်းခြင်းကို ကိလေသာ စင်ကြယ်ခြင်းတစ်မျိုး ဆို၏။

၄။ နိဗ္ဗာန်ကိုထင် ကိလေစင်ဆိုရာ၌ ‘နိရောဓုပဋ္ဌာနေ ကတ္တဥ္စ အရိယပုဂ္ဂလာနံ’ (နိရောဓုပဋ္ဌာနံ၊ မဖြစ်ဘဲချုပ်သော အနုပ္ပါဒနိရောဓ နိဗ္ဗာန်ထင်ခြင်းသည်၊ အရိယပုဂ္ဂလာနံ၊ မဂ်ဝင်, ဖိုလ်ဝင် အရိယာ ပုဂ္ဂိုလ်စင် တို့၏ ဧကတ္တံ၊ မဂ်ဧကတ္တတည်း။) တစ်နည်း၊ ဧကတ္တံ၊ ကိလေသာအဖော်ကင်းစိတ် တစ်ကိုယ်တည်းခြင်း တည်သည်၊ ဟောတိ၊ ဖြစ်၏ဟု ဟောသောကြောင့် မဂ်ဝင်, ဖိုလ်ဝင် အရိယာ ပုဂ္ဂိုလ်စင်တို့အား မဖြစ်ဘဲချုပ်သော အနုပ္ပါဒနိရောဓ နိဗ္ဗာန်ထင် ခြင်းသည် အနုသယ ကိလေသာ၏ အဖော်ကင်းခြင်းကို ကိလေသာ စင်ကြယ်ခြင်း တစ်မျိုးဆို၏။

(ဤလေးမျိုးသော ကိလေသာစင်ခြင်းတို့ကို ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ ဟောတော်မူ၏)။

၅-၆။ဈာန်စိတ်အစဉ်ကိလေစင်၊ ဈာန်အနီး၌ပင် ကိလေစင်ဆိုရာ၌ ‘စိတ္တဝိသုဒ္ဓိနာမ သဉပစာရာ အဋ္ဌသမာပတ္တိယော’ (သဉပ



စာရာ၊ ဥပစာနှင့်တကွဖြစ်ကုန်သော အဋ္ဌသမာပတ္တိယော၊ ရှစ်ပါး သော သမာပတ် တို့သည်၊ စိတ္တဝိသုဒ္ဓိနာမ၊ စိတ္တဝိသုဒ္ဓိမည်၏) ဟူ၍ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ၌ ဖွင့်ဆိုသောကြောင့် ဥပစာရသမာဓိ နှင့်တကွ သမာပတ်ရှစ်ပါးတို့သည် စိတ္တဝိသုဒ္ဓိ မည်ကုန်၏။ သို့အတွက် သမာပတ်ရှစ်ပါးတည်းဟူသော ဈာန်စိတ် အစဉ်သည် ပရိယုဋ္ဌာန်ကိလေသာမှ စင်ကြယ်ကြောင်းကိုပြသည်။ ဥပစာရ သမာဓိဟု ဆိုအပ်သော ဈာန်၏ အနီး၌ပင်လည်း ပရိယုဋ္ဌာန် ကိလေသာ စင်ကြယ်ခြင်းကိုပြသည်။

၇။ ရုပ်နာမ်ကိုမြင် ကိလေစင် ဆိုရာ၌ ‘သမထယာနိက ဿ ဟိ ဥပစာရပ္ပနာဘေဒံ သမာဓိံ၊ ဣတရဿ ခဏိကသမာဓိံ။ သမထ ယာနိကဿ၊ သမထယာနိက ပုဂ္ဂိုလ်အား၊ ဥပစာရပ္ပနာ ဘေဒံ၊ ဥပစာရ, အပ္ပနာအားဖြင့်, ကွဲပြားသော သမာဓိံ၊ သမာဓိ ၂-မျိုးကို၊ ဝိနာ-ကြဉ်၍၊ ကဒါစိပိ၊ တစ်ရံတစ်ခါမျှလည်း၊ လောကုတ္တရာ ဓိဂမော၊ လောကုတ္တရာတရားကို ရခြင်းသည်၊ နသမ္ဘဝတိ၊ မဖြစ်။ ဣတရဿ၊ ဝိပဿနာ ယောဂီ ပုဂ္ဂိုလ်အား ခဏိကသမာဓိံ၊ ခဏိကသမာဓိကို၊ ဝိနာ၊ ကြဉ်၍၊ ကဒါစိပိ၊ တစ်ရံတစ်ခါမျှလည်း၊ လောကုတ္တရာ ဓိဂမော၊ လောကုတ္တရာ တရားကိုရခြင်းကို၊ နသမ္ဘဝတိ၊ မဖြစ်။

(‘ဝိနာ နကဒါစိပိ လောကုတ္တရာ ဓိဂမော သမ္ဘဝတိ’ ဟူသော ဋီကာ၏ ရှေ့ဝါကျနှင့်ဆက်စပ်၍ အနက်ပေး သည်။)

ဤသို့ မဟာဋီကာ၌ ဖွင့်ဆိုသောကြောင့် သမာဓိသည် ဥပစာရ သမာဓိ, အပ္ပနာသမာဓိ, ခဏိကသမာဓိ ဟူ၍ ၃-မျိုးရှိ၏။ ထို သုံးမျိုးတို့၌ ဥပစာရ, အပ္ပနာသမာဓိ ၂-ပါးသည် သမထယာနိက ပုဂ္ဂိုလ်တို့နှင့် သက်ဆိုင် ပေ၏။ ခဏိက သမာဓိသည် ဝိပဿနာ

ယာနိက ပုဂ္ဂိုလ်တို့နှင့် သက်ဆိုင်ပေ၏။ ခဏိက ဟူသော စကားသည် ခဏငယ်ကို ဆိုလိုသည်။ ဤခဏငယ်ဆိုရာ၌ ဝီထိစိတ်တို့တွင် စိတ်လုံးရေ ၁၇-ချက်။ ခဏငယ်၊ ၅၁-ချက် ဆိုသော စကား၌ ခဏငယ်ဟူသည်ကား ဥပါဒ်ခဏငယ်၊ ဌီခဏငယ်၊ ဘင်ခဏငယ်ဟု ၃-မျိုးရှိ၏။ စိတ်တို့၏ ဖြစ်စကို ဥပါဒ်ဟု ဆိုသည်။ ဖြစ်လယ်ကို ဌီ၊ ဖြစ်ဆုံးကို ဘင်ဟုဆိုသည်။ ဤစိတ်တို့၏ ဥပါဒ်ခဏ တည်မှု သဘောသည် ခဏိက သမာဓိမည်၏။ ဌီ ခဏ ဘင်ခဏ အတူတူ။ ဝိပဿနာရှုမှတ်ရာ၌ ဥပါဒ်နှင့် ဘင်သာလျှင် အရေးကြီးလှပေ၏။ ဥပါဒ်ကား ဖြစ်မှုသဘော ဥဒယဟု ဆို၏။ ဘင်ကား ပျက်မှုသဘော ဝယဟုဆို၏။ ဤ ဥဒယ, ဝယကို ထောက်၍ ဝိပဿနာဉာဏ်စဉ်တွင် ဥဒယဗ္ဗယဉာဏ်ဟု ဆို၏။ ဥဒယဗ္ဗယကား ရုပ်နာမ်အစုံ ဖြစ်၍ အစုံပျက်သည်ကိုဆိုသဖြင့် ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော သီလ, သမာဓိ ပညာတို့တွင် သမာဓိကို ဆိုရာရောက်သဖြင့် ဖြစ်ဆဲရုပ်နာမ်ကို သိမြင်နေသော ယောဂီသည် ခဏိကသမာဓိအာရုံ၌ အနုသယကိလေသာ ကုန်စင်ပေ၏။ ထို့ကြောင့် ရုပ်နာမ်ကိုမြင်၊ ကိလေစင်ဟု ဆိုရပေသည်။

အထက်ပါစကား ၇-ချက်တို့တွင် လေးချက်သောစကားသည်ကား ပဋိသမ္ဘိဒါမဂ်ပါဠိတော်မှ ထွက်သည်။ ၂-ချက်သော စကားသည်ကား ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းမှ ထွက်သည်။ တစ်ချက်သော စကားသည်ကား မဟာဋီကာကျမ်းမှ ထွက်သည်ကို ပိုင်းခြားမှတ်သား သတိထားရာ၏။

**စိတ္တဝိသုဒ္ဓိအခန်းပြီး၏။**



# ၃။ ဒိဋ္ဌိဝိသုဒ္ဓိအခန်း

## နာမရူပ ပရိစ္ဆေဒဉာဏ်

ဒိဋ္ဌိဝိသုဒ္ဓိဆိုရာ၌ ဒိဋ္ဌိဟူသည်ကား အယူကိုဆိုသည်။ သုဒ္ဓိဆိုသည်ကား စင်ကြယ်ခြင်းကို ဆိုသည်။ ဝိ-ဆိုသည်ကား အထူးသဖြင့်ဟူသော အနက်ကိုဆိုသည်။ ဤအရာ၌ ဝိ-ဟူသော ဥပသာရပုဒ်သည် ဥပဂစ္ဆတိ ဟူသော ပြယုဂ်ကဲ့သို့ ဥပ ဟူသော ဥပသာရပုဒ်သည် သွားခြင်းဟူသော ဂမုဓာတ်၏ အနက်ကို အထူးပြုသကဲ့သို့ ဝိ-ဟူသော ဥပသာရပုဒ်သည်လည်း စင်ကြယ်ခြင်းဟူသော အနက်ကို အထူးပြုသည်ဟု ကြံဆရာ၏။

ကြံပုံကား - လောက၌ သမုတိသစ္စာအားဖြင့် အမိ, အဖ, ညီအစ်ကို, မောင်, နှမ, အစရှိသောအားဖြင့် ယူဆခြင်းသည် အမှန်ပင်ဖြစ်၏။ ပရမတ္ထသစ္စာအားဖြင့် ခန္ဓာ, အာယတန, ဓာတ် အစရှိသည်တို့ကို တွေ့ထင် သိမြင်မှသာလျှင် မှန်၏။ ပုဂ္ဂိုလ် သတ္တဝါ အထင်ကားမှား၏။ သို့အတွက် သမုတိသစ္စာအလို ပုဂ္ဂိုလ် သတ္တဝါ ဟူသော အယူမှ အထူးပြု၍ ရုပ်နာမ်ဟူသော အယူကို ထုတ်နုတ်၍ ယူရာဖြစ်သောကြောင့် ဝိ-ဟူသော ဥပသာရပုဒ်ကို ဓာတွတ္ထ ဝိသေသကဟု ကြံဆရာ၏။

ပရမတ္ထသစ္စာအလိုအားဖြင့် ရုပ်နာမ်, ခန္ဓာ စသည်ကိုမြင်မှသာလျှင် ဒိဋ္ဌိအယူ စင်ကြယ်မည်ဖြစ်ပါသော ကြောင့် ထိုရုပ်နာမ်သည် မြင်ခိုက်၌ မျက်စိမှာဖြစ်ပေါ်ခြင်း, ကြားခိုက် စသည်တို့၌ နား အစရှိသည်မှာ ဖြစ်ပေါ် ခြင်းသည် သဘာဝရုပ်နာမ်တို့၏ အာရုံအခိုက်အတန့်ဖြစ်သော သဘောတို့ပေတည်း။ ထိုသို့ဖြစ်ရာ၌

မျက်စိနှင့် အဆင်းဟူသော ရုပ်တရားကို မှန်ပြင်ကဲ့သို့ ဥပမာထား၍ မြင်ခြင်း, တွေ့ခြင်း, ခံစားခြင်းဟူသော နာမ်တရား တို့ကို အရိပ် ဥပမာထားပြီးလျှင် ရှုမှတ်ပိုင်းခြားခြင်းဟု ဆိုအပ်သော သတိဖြင့် ပွတ်ဖန်များသောသူသည် ရုပ် မှန်ပြင်၌ နာမ်ရိပ် ၃-မျိုး တစ်မျိုးမျိုးပေါ်လာပါမူကား ရုပ်နှင့်နာမ်ကို ပိုင်းခြားသော နာမရူပပရိစ္ဆေဒဉာဏ်ဟု ဆိုရ၏။

**မျက်စိ**

မျက်စိ, အဆင်း၏ ရုပ်မှန်ပြင်
မြင်တယ်မှတ်၍ ပွတ်တိုက်လျှင်
မြင်စိတ်ဆိုတဲ့ နာမ်ရိပ်ထင်
ဖဿကြောင့်လဲ နာမ်ရိပ်ထင်
ဝေဒနာကြောင့်လဲ နာမ်ရိပ်ထင်
ဝိညာဏ်ကြောင့်လဲ နာမ်ရိပ်ထင်။

ထိုသို့ထင်ရာ၌ မျက်စိဟူသည်ကား မျက်စိ၏အတွင်း၌ အကြောတည်းဟူသော ကြိုးဖြင့် နှောင်ဖွဲ့၍ ထားအပ်သော သသမ္ဘာရစက္ခုဟု ဆိုအပ်သော အသားဆိုင်, အသားတုံးကို မယူမူ၍ ထိုအတွင်း၌တည်ရှိသော အာရုံထင်လာလျှင် ကြည်လင်သော သန်းဦးခေါင်းပမာဏရှိသော ကြည်မှုပသာဒကိုသာလျှင် မျက်စိဟု ယူရာ၏။ အဆင်းဆိုသည်ကား အညို, အရွှေ, အနီ, အဝါ, အနက်, အဖြူ အစရှိသော အရောင်အသွေးတို့ကို မယူမူ၍ ကြည်လင်သော စက္ခုပသာဒ၌ ထင်မှုဟုဆိုအပ်သော အာရုံသဘောကိုသာလျှင် ယူရာ၏။ မြင်စိတ်ဆိုသည်ကား ထိုစက္ခု ပသာဒ၏ ကြည်ခိုက် သိမှုသဘောသည် ထင်သော အာရုံ၏ အပေါ်၌ ကိုင်း၍,



တွယ်၍, ညွတ်၍သာ ဖြစ်၏။ ထိုကိုင်းတွယ်မှုကို ရည်၍ နမတီတိနာမံ။ နမတိ၊ ညွတ်တတ်၏။ ဣတိ၊ ထို့ကြောင့် နာမံ၊ နာမ်မည်၏ဟု ဆိုသောကြောင့် ဝိညာဏ်ကို နာမ်ဆို၏။ ထို့အတူ ဝေဒနာ, ဖဿတို့ကိုလည်း နာမ်ဟုဆို၏။ မြင်တယ်မှတ် ဆိုသော စကား၌ ဒိဋ္ဌေ ဒိဋ္ဌမတ္တ ဗာဟိယဒေသနာ လာသည့် အတိုင်း မြင်တုန်းမြင်ခိုက် ဤတရားငါးခု စု၍ပေါ်လာသော အမှန် ရှိသော သဘောတရားကို မြင်တယ်, မြင်တယ်ဟု အထပ်ထပ် မှတ်သားပွားများခြင်းသည် ဟုတ်တိုင်း မှန်ရာကို ပွားများသည် မည်၏။

**နား**

နားအသံ၏၊ ရုပ်မှန်ပြင်
ကြားတယ်မှတ်၍၊ ပွတ်တိုက်လျှင်
ကြားစိတ်ဆိုတဲ့၊ နာမ်ရိပ်ထင်
ဖဿကြောင့်လဲ၊ နာမ်ရိပ်ထင်
ဝေဒနာကြောင့်လဲ၊ နာမ်ရိပ်ထင်
ဝိညာဏ်ကြောင့်လဲ၊ နာမ်ရိပ်ထင်။

ထိုသို့ထင်ရာ၌ ယခု လူအပေါင်းတို့ တွေ့, ထင်, မြင်နေကြသော သသမ္ဘာရနားကို မယူမူ၍ ထိုနား၏ အတွင်း၌ရှိသော ကြေးနီလက်စွပ်ကွင်းသဏ္ဌာန်ရှိသော သောတပသာဒရုပ်ကြည်မှုသတ္တိကို နားဟု ယူရာ၏။ အသံ ဆိုသည်ကား ထိုကြည်သော သောတပသာဒ၌ ထင်မှုအာရုံကို ယူရမည်။ ထိုကြည်မှုနား, ထင်မှုအာရုံ ၂-ပါးစုံ တို့၏ ဖြစ်ပေါ်နေတုန်းအခိုက်တွင် ညွတ်၍, ကိုင်း၍, ရှိုင်း၍ နေသော သိမှုသဘောတရားကို နာမ်ဟုဆိုသည်။

**နှာ**

နှာခေါင်းအနံ့၏၊ ရုပ်မှန်ပြင်
နံ့တယ်မှတ်၍၊ ပွတ်တိုက်လျှင်
နံ့စိတ်ဆိုတဲ့၊ နာမ်ရိပ်ထင်
ဖဿကြောင့်လဲ၊ နာမ်ရိပ်ထင်
ဝေဒနာကြောင့်လဲ၊ နာမ်ရိပ်ထင်
ဝိညာဏ်ကြောင့်လဲ၊ နာမ်ရိပ်ထင်။

ထိုသို့ထင်ရာ၌ နှာခေါင်းဆိုသည်ကား ယခု လူအပေါင်းတို့ ထင်ကြ, မြင်ကြသော နှာခေါင်းအိမ်ကို မယူမူ၍ ထိုနှာခေါင်းအိမ် အတွင်း၌ ဆိတ်ခွာဖျားပြတ်သဏ္ဌာန်ရှိသော သဘောတရား ကိုမှီ၍ဖြစ်သော ပသာဒ အကြည်ကို ဃာနပသာဒအကြည်ဟု ဆို၏။ ထိုဃာနပသာဒအကြည်သည် အနံ့နှင့်တွေ့ဆုံသောအခါ ကြည်မှု အာရုံဖြစ်ပေါ်၍လာ၏။ အနံ့ဆိုသည်ကား အမွှေးအကြိုင် အသင်း အပြန့် အပုပ်အညှီကို ဆိုလိုသည်မဟုတ်၊ ကြည်မှု ဃာနပသာဒ နှင့် ထိခိုက်တိုင်း, ထိခိုက်တိုင်း ထင်သောသဘောတရားကို ဂန္ဓာရုံ ဟုဆို၏။ ဤဂန္ဓာရုံနှင့် ဃာနပသာဒ ၂-ခုကို ရုပ်မှန်ပြင်ဟုဆို၏။ ထိုရုပ်မှန်ပြင်ပေါ်၌ နံ့တယ်, နံ့တယ်ဟု သတိဖြင့် ပွတ်တိုက်ဖန် များသောအခါ ဖဿ, ဝေဒနာ, ဝိညာဏ်ဟု ဆိုအပ်သော နာမ်တရား ၃-ပါး ဖြစ်ပေါ်တာတွေကို နာမ်အရိပ် ထင်သည်ဟု ဆိုရ၏။

**လျှာ**

လျှာအရသာ၏၊ ရုပ်မှန်ပြင်
စားတယ်မှတ်၍၊ ပွတ်တိုက်လျှင်
စားစိတ်ဆိုတဲ့၊ နာမ်ရိပ်ထင်



ဖဿကြောင့်လဲ၊ နာမ်ရိပ်ထင်
ဝေဒနာကြောင့်လဲ၊ နာမ်ရိပ်ထင်
ဝိညာဏ်ကြောင့်လဲ၊ နာမ်ရိပ်ထင်။

ထိုသို့ထင်ရာ၌ လျှာဆိုသည်ကား ယခု လူအပေါင်းတို့ တွေ့ထင်နေကြသော လျှာအပြားကြီးကို မဆိုလို၊ ထိုလျှာ၏ အတွင်း၌ရှိသော ကြာရွက်အဖျား၏ ဖြတ်ထားသော သဏ္ဌာန်နှင့် တူသော ဇိဝှာပသာဒရုပ်၌ ကြည်မှုသဘောကို ဇိဝှာပသာဒဟု ဆိုသည်။ ထိုကြည်မှုသဘော ဇိဝှာပသာဒ၌ ထင်လာသော အချို, အချဉ်, အစပ်, အငန်, အဖန်, အခါးကို မယူမူ၍ ထင်မှုသဘော တရားသက်သက်ကို ရသာရုံဟု ယူရာ၏။ ထိုဇိဝှာပသာဒ ရသာရုံ ရုပ်မှန်ပြင်ကို ကြည်လင်အောင် စားတယ်, စားတယ်ဟု ပွတ်တိုက် သည်ရှိသော် ဖဿ, ဝေဒနာ, ဝိညာဏ် ဟုဆိုအပ်သော အရိပ်ကဲ့သို့ သော နာမ်တရားတို့သည် ထင်ကြကုန်၏။

**ကိုယ်**

ကိုယ်အတွေ့၏၊ ရုပ်မှန်ပြင်
ထိတယ်မှတ်၍၊ ပွတ်တိုက်လျှင်
ထိစိတ်ဆိုတဲ့၊ နာမ်ရိပ်ထင်
ဖဿကြောင့်လဲ၊ နာမ်ရိပ်ထင်
ဝေဒနာကြောင့်လဲ၊ နာမ်ရိပ်ထင်
ဝိညာဏ်ကြောင့်လဲ၊ နာမ်ရိပ်ထင်။

ထိုသို့ထင်ရာ၌ ကိုယ်ဆိုသည်ကား ခြေသည်းဖျား, လက်သည်း ဖျား, ဆံပင် အစရှိသည်တို့၌ တွေ့ထိခိုက် ရာတွင် နာကျဉ်မှုကင်းမဲ့ သော နေရာများကို ပယ်ရှား၍ ကြွင်းကျန်သောနေရာတို့၌ ထိခိုက်

ရာတွင် သိသော သဘောတရား၏ ဖြစ်မှုနှင့်ယှဉ်သော နေရာဌာနတို့၌ ကာယပသာဒ ကိုယ်အကြည်ရှိသည်ဟု ဆိုရ၏။ ထိုကိုယ်အကြည်နှင့်တွေ့ထိသော အာရုံထင်မှုကို ဖောဋ္ဌဗ္ဗာရုံဟုဆို၏။ ဤကိုယ်အကြည်, ဖောဋ္ဌဗ္ဗာရုံ ၂-ပါးတည်းဟူသော ရုပ်မှန်ပြင်ပေါ်၌ ထိတယ်, ထိတယ်ဟု ဆိုအပ်သော ရှုမှတ်ပွားများ ပွတ်တိုက်ပါများသောသူတို့မှာ ဖဿ, ဝေဒနာ, ဝိညာဏ်ဟု ဆိုအပ်သော နာမ်အရိပ် ထင်ရှား၍ ပေါ်ပေါက်လာကြပေသည်။

**နှလုံး**

နှလုံးသဘော၏၊ ရုပ်မှန်ပြင်
သိတယ်မှတ်၍၊ ပွတ်တိုက်လျှင်
သိစိတ်ဆိုတဲ့၊ နာမ်ရိပ်ထင်
ဖဿကြောင့်လဲ၊ နာမ်ရိပ်ထင်
ဝေဒနာကြောင့်လဲ၊ နာမ်ရိပ်ထင်
ဝိညာဏ်ကြောင့်လဲ၊ နာမ်ရိပ်ထင်။

ထိုသို့ထင်ရာ၌ သတ္တဝါတို့၏သန္တာန်တွင်ရှိသော တလက်ဆွမ်းမျှလောက်သော သွေးရည်၏အတွင်း၌ တည်သော နှလုံးသည်းပွတ်ကို မယူမူ၍ ထိုသည်းပွတ်၌တည်ရှိသော ကြည်မှုပသာဒကိုသာ နှလုံးရုပ်ဟုကောက်ရ၏။ ဤစကားသည် သတိပဋ္ဌာန်အဋ္ဌကထာလာသည့်အတိုင်း ဆိုခြင်းပေတည်း။ သဘောဆိုသည်ကား အကြည်ရုပ်၌ ထင်လာမှုအာရုံကို သဘောရုပ်ဟု ဆိုသည်။ ဤနှလုံးသဘော ရုပ်မှန်ပြင်ကို သိတယ်, သိတယ် ဟုပွတ်တိုက်ဖန်များသောသူသည် ဖဿ, ဝေဒနာ, ဝိညာဏ် ဆိုသော နာမ်အရိပ်ဖြစ်ပေါ်၍လာပေ၏။



**ရုပ်နာမ်ကွဲပုံ**
**မျက်စိ**

မျက်စိ, အဆင်းက၊ တစ်ခုပဲ
မြင်တဲ့စိတ်က၊ တစ်ခုပဲ
မြင်တယ်မှတ်ရာ၌၊ ၂-ခုကွဲ
စိတ်ထဲမှာထင်၊ ဉာဏ်အမြင်
မျက်စိ, အဆင်းထင်၊ ရုပ်ကိုမြင်
မြင်စိတ်ကိုထင်၊ နာမ်ကိုမြင်
၂-ပါးစုံကိုထင်၊ ရုပ်နာမ်မြင်။

**နား**

နား, အသံက၊ တစ်ခုပဲ
ကြားတဲ့စိတ်က၊ တစ်ခုပဲ
ကြားတယ်မှတ်ရာ၌၊ ၂-ခုကွဲ
စိတ်ထဲမှာထင်၊ ဉာဏ်အမြင်
နားနှင့်အသံထင်၊ ရုပ်ကိုမြင်
ကြားစိတ်ကိုထင်၊ နာမ်ကိုမြင်
၂-ပါးစုံကိုထင်၊ ရုပ်နာမ်မြင်။

**နှာ**

နှာခေါင်းအနံ့က၊ တစ်ခုပဲ
နံတဲ့စိတ်က၊ တစ်ခုပဲ
နံတယ်မှတ်ရာ၌၊ ၂-ခုကွဲ

စိတ်ထဲမှာထင်၊ ဉာဏ်အမြင်
နှာခေါင်းအနံ့ထင်၊ ရုပ်ကိုမြင်
နံစိတ်ကိုထင်၊ နာမ်ကိုမြင်
၂-ပါးစုံကိုထင်၊ ရုပ်နာမ်မြင်။

## လျှာ

လျှာအရသာက၊ တစ်ခုပဲ
စားတဲ့စိတ်က၊ တစ်ခုပဲ
စားတယ်မှတ်ရာ၌၊ ၂-ခုကွဲ
စိတ်ထဲမှာထင်၊ ဉာဏ်အမြင်
လျှာ, အရသာထင်၊ ရုပ်ကိုမြင်
စားစိတ်ကိုထင်၊ နာမ်ကိုမြင်
၂-ပါးစုံကိုထင်၊ ရုပ်နာမ်မြင်။

## ကိုယ်

ကိုယ်အတွေ့က၊ တစ်ခုပဲ
ထိတဲ့စိတ်က၊ တစ်ခုပဲ
ထိတယ်မှတ်ရာ၌၊ ၂-ခုကွဲ
စိတ်ထဲမှာထင်၊ ဉာဏ်အမြင်
ကိုယ်,အတွေ့ထင်၊ ရုပ်ကိုမြင်
ထိစိတ်ကိုထင်၊ နာမ်ကိုမြင်
၂-ပါးစုံကိုထင်၊ ရုပ်နာမ်မြင်။



## နှလုံး

နှလုံးသဘောက၊ တစ်ခုပဲ
သိတဲ့စိတ်က၊ တစ်ခုပဲ
သိတယ်မှတ်ရာ၌၊ ၂-ခုကွဲ
စိတ်ထဲမှာထင်၊ ဉာဏ်အမြင်
နှလုံးနှင့်သဘောထင်၊ ရုပ်ကိုမြင်
သိစိတ်ကိုထင်၊ နာမ်ကိုမြင်
၂-ပါးစုံကိုထင်၊ ရုပ်နာမ်မြင်။

ထိုသို့ ဉာဏ်မြင်ရာ၌ မျက်စိ, အဆင်း၊ နား, အသံ၊ နှာခေါင်း, အနံ့၊ လျှာ, အရသာ၊ ကိုယ်, အတွေ့၊ နှလုံး, သဘောတို့ကိုဆိုရာ၌ ကြည်သောမျက်စိ, ထင်သောအဆင်း၊ ကြည်သောနား, ထင်သောအသံ၊ ကြည်သော နှာခေါင်း, ထင်သောအနံ့၊ ကြည်သော လျှာ, ထင်သော အရသာ၊ ကြည်သော ကိုယ်, ထင်သောအတွေ့၊ ကြည်သောနှလုံး၊ ထင်သောသဘောတို့ကို ရည်၍ဆိုသည်။ မြင်တဲ့စိတ်, ကြားတဲ့စိတ်, နံတဲ့စိတ်, စားတဲ့စိတ်, ထိတဲ့စိတ်, သိတဲ့စိတ် ဆိုရာ၌၊ မြင်သောအခိုက်အတန့် သိသောစိတ်၊ ကြားသော, နံသော, စားသော, ထိသော, သိသော စိတ်များကို ဆိုသည်။ ဤဒွါရခြောက်ပါး, အာရုံခြောက်ပါးတည်းဟူသော ရုပ်တရားတို့နှင့် ဝိညာဏ် ခြောက်ပါးတည်းဟူသော နာမ်တရားတို့သည် သူ့အခိုက်အတန့်နှင့်သူ အားလျော်စွာ ဖြစ်ပေါ်၍ ဖြစ်ပေါ်၍ နေသည်ကို သတိ, ပညာ, ဝိပဿနာဖြင့် ရှုမှတ်ပိုင်းခြား ပွားများပါများသော သူတို့၏အာရုံ၌ အထက်ပါအတိုင်း ရုပ်နှင့်နာမ် ပိုင်းခြား၍ ထင်ပေတော့၏။

ဤသို့ ထင်ပေါ်သည်ကိုရည်၍ ဣဒဥ္စ နာမံ ဣဒဥ္စ ရူပံ ဣဒံ နာမရူပံတိ ဝဝတ္ထပေတိ။ (ဣဒဥ္စ-ဤ ညွတ်သော သဘောတရားသည်ကား၊ နာမံ၊ နာမ်တည်း။ ဣဒဥ္စ - ဤအာရုံ၌ထင် ကြည်လင်သော သဘောတရား သည်ကား၊ ရူပံ၊ ရုပ်တည်း။ ဣဒံ၊ ဤသဘောတရား ၂-ခုသည်၊ နာမရူပံ၊ နာမ်ရုပ်တည်း။ ဣတိ၊ ဤသို့၊ ဝဝတ္ထပေတိ၊ ပိုင်းခြား၏။)ဟု ဖွင့်ဆိုကြသောကြောင့် နာမ်နှင့်ရုပ်သည် ရှုမှတ်ပိုင်းခြားသော ယောဂီ၏အာရုံ၊ အလိုလို ထင်ရှားလာပုံကို ပြဆိုခြင်းပေတည်း။

## ဒိဋ္ဌိစင်ကြယ်ပုံကိုပြခြင်း

မြင်လေနာမ်ရုပ်၊ အတ္တချုပ်
ချုပ်ပါသောကြောင့်၊ သဿ, ဥစ်ကုန်
ကုန်ပါလေခြင်း သက္ကာကင်း
၆၂-ကွင်း ဒိဋ္ဌိရင်း
လွတ်ကင်းမှန်စွာ၊ သုံးဘုံမှာ။

ဤသို့ဆိုရာ၌ အထက်ပါ မြင်မှု, ကြားမှု, နံမှု, စားမှု, ထိမှု, သိမှုတို့နှင့် ရုပ်နှင့်နာမ် အပိုင်းအခြား ကွဲခြားပြတ်သား၍နေသော ပုဂ္ဂိုလ်တို့မှာ ငါမြင်ခြင်း, ငါကြားခြင်း အစရှိသော ငါဖြင့်မှတ်သော သဘောတရား တို့သည် ကင်းဝေးပပျောက်၍ သွားကြလေကုန်၏။ ဤသို့ ပပျောက်၍သွားသော အခိုက်အတန့်ကိုရည်၍ ငါပျောက် သည်ဟု ဆိုရ၏။ ငါဆိုသောစကားသည် ကိုယ်ကို ဆိုသည်။ ကိုယ်ဆိုသောစကားကို ပါဠိလို အတ္တဟု ဆိုသည်။ ထိုနာမ်ရုပ် ထင်သော အခိုက်အတန့်တို့၌ ငါမရှိခြင်းကြောင့် ကိုယ်မရှိ၊



ကိုယ်မရှိခြင်းကြောင့် အတ္တပျောက်၊ ဤအတ္တပျောက်မှုကို အတ္တဒိဋ္ဌိချုပ်သည်ဟု ဆိုရ၏။ အတ္တဒိဋ္ဌိချုပ်ခြင်းကြောင့် ထိုအခိုက် အတန့်၌ပင် သတ္တဝါရှိသည်, သတ္တဝါပြတ်သည်, သေသည်ဟူသော သိမှတ်ခြင်းမှကင်းသောကြောင့် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ၂-ပါး ကုန်သည်ဟု ဆိုရာ၏။ သဿတ, ဥစ္ဆေဒ ၂-ပါးကုန်ခြင်းကြောင့် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တို့၏အပေါ်၌ ငါ့ကိုယ်ဟု ယူမှားသော သက္ကာယဒိဋ္ဌိ ၂၀-လည်းကင်းကွာသဖြင့် ၆၂-ပါး သော ဒိဋ္ဌိတရားတို့သို့ ကင်းစင်လွင့်ပျောက် မရောက်ခြင်းကို ဘုံသုံးပါးမှလွတ်သော အသိအမြင် အထင်ဉာဏ်မျိုးဟု ဆိုရာ၏။

## သက္ကာယဒိဋ္ဌိ ၂၀-ကို ပြခြင်း

### ရုပ်

ရုပ်ကို - ငါဟုယူမှားမှု
ငါ၌လဲ - ရုပ်ဟုယူမှားမှု
ရုပ်၌လဲ - ငါဟုယူမှားမှု
ရုပ်ရှိခန္ဓာကို - ငါဟုဆို။

### ဝေဒနာ

ဝေဒနာကို - ငါဟုယူမှားမှု
ငါ၌လဲ - ဝေဒနာဟုယူမှားမှု
ဝေဒနာ၌လဲ - ငါဟုယူမှားမှု
ဝေဒနာရှိခန္ဓာကို - ငါဟုဆို။

## သညာ

သညာကို - ငါဟုယူမှားမှု
ငါ၌လဲ - သညာဟုယူမှားမှု
သညာ၌လဲ - ငါဟုယူမှားမှု
သညာရှိခန္ဓာကို - ငါဟုဆို။

## သင်္ခါရ

သင်္ခါရကို - ငါဟုယူမှားမှု
ငါ၌လဲ - သင်္ခါရဟုယူမှားမှု
သင်္ခါရ၌လဲ - ငါဟုယူမှားမှု
သင်္ခါရရှိခန္ဓာကို - ငါဟုဆို။

## ဝိညာဏ်

ဝိညာဏ်ကို - ငါဟုယူမှားမှု
ငါ၌လဲ - ဝိညာဏ်ဟုယူမှားမှု
ဝိညာဏ်၌လဲ - ငါဟုယူမှားမှု
ဝိညာဏ်ရှိခန္ဓာကို - ငါဟုဆို။

ဤသို့ ရူပက္ခန္ဓာ၌ ယူမှားခြင်း ၄-ပါး၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့၌ ယူမှားခြင်း ၄-ပါး ၄-ပါးစီကို ပေါင်းသောအားဖြင့် ကိုယ်ဟုယူမှားသော သက္ကာယဒိဋ္ဌိ ၂၀ ဖြစ်သတည်း။



## ဖဿပစ္စက ပေါ်ပုံကိုပြခြင်း

### မျက်စိ

မျက်စိတစ်ခုတည်းကပင်၊ ဖဿပစ္စက မထင်
အဆင်းတစ်ခုတည်းကပင်၊ ဖဿပစ္စက မထင်
၂-ပါးတို့၏အကြားကပင်၊ ဖဿပစ္စက မထင်။

### နား

နားတစ်ခုတည်းကပင်၊ ဖဿပစ္စက မထင်
အသံတစ်ခုတည်းကပင်၊ ဖဿပစ္စက မထင်
၂-ပါးတို့၏အကြားကပင်၊ ဖဿပစ္စက မထင်။

### နှာ

နှာခေါင်းတစ်ခုတည်းကပင်၊ ဖဿပစ္စက မထင်
အနံ့တစ်ခုတည်းကပင်၊ ဖဿပစ္စက မထင်
၂-ပါးတို့၏အကြားကပင်၊ ဖဿပစ္စက မထင်။

### လျှာ

လျှာတစ်ခုတည်းကပင်၊ ဖဿပစ္စက မထင်
အရသာတစ်ခုတည်းကပင်၊ ဖဿပစ္စက မထင်
၂-ပါးတို့၏အကြားကပင်၊ ဖဿပစ္စက မထင်။

### ကိုယ်

ကိုယ်တစ်ခုတည်းကပင်၊ ဖဿပစ္စက မထင်
အတွေ့တစ်ခုတည်းကပင်၊ ဖဿပစ္စက မထင်
၂-ပါးတို့၏အကြားကပင်၊ ဖဿပစ္စက မထင်။

### ဝတ္ထုရုပ်

ဝတ္ထုရုပ်ထဲကပင်၊ ဖဿပဉ္စက မထင်
ဓမ္မာယတနထဲကပင်၊ ဖဿပဉ္စက မထင်
အကြောင်းကိုစွဲ၍ပင်၊ ဖဿပဉ္စက မထင်
စည်လက်ခတ်နှင့်၊ ရိုက်သောသွင်
ပေါ်ထွက်လာတဲ့ အသံလိုပင်
မြင်ခိုက်မှာလဲ ငါးပါးထင်
ကြားခိုက်မှာလဲ ငါးပါးထင်
နံခိုက်မှာလဲ ငါးပါးထင်
စားခိုက်မှာလဲ ငါးပါးထင်
ထိခိုက်မှာလဲ ငါးပါးထင်
သိခိုက်မှာလဲ ငါးပါးထင်။

ဤသို့ထင်ရာ၌ ဖဿပဉ္စကဆိုသည်ကား၊ ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ်ကို ဆိုလိုသည်။ ဤငါးပါးသောတရားတို့သည် မျက်စိ, အဆင်း, မြင်စိတ်၊ နား, အသံ, ကြားစိတ် အစရှိသောအားဖြင့် ဒွါရ, အာရုံ, ဝိညာဏ် သီးခြားတစ်ခုခုတို့မှ ဖြစ်ပေါ်၍လာကြသည် မဟုတ်၊ အကြောင်းအားလျော်စွာ မြင်ခိုက်, ကြားခိုက်, နံခိုက်, စားခိုက်, ထိခိုက်, သိခိုက်တို့၌ တွေ့ဆုံသောအခါ ဖြစ်ပေါ်သော တရားတို့ပေတည်း။ ဥပမာအားဖြင့် စည်၏မျက်နှာပြင်ကို လက်ခတ်နှင့်ရိုက်သောအခါ ထွက်ပေါ်လာသော အသံကဲ့သို့ ဒွါရ, အာရုံ, ဝိညာဏ်ပေါင်းဆုံသော အခါ ဖြစ်သော တရား ၅-ခု အစုပေတည်း။

ဤသို့ နာမ်နှင့်ရုပ်ကို အပိုင်းအခြားနှင့်တကွ၊ ရှုမှတ်သော အာရုံ၌သိခြင်းကြောင့် နာမရူပပရိစ္ဆေဒဉာဏ်ဟုလည်း ခေါ်၏။



နာမ်ရုပ်ကို ပိုင်းခြားသဖြင့် နာမ်ဆိုသောသဘောသည်လည်း သင်္ခါရ၊ ရုပ်ဆိုသောသဘောသည်လည်း သင်္ခါရ၊ ဤ ရုပ်သင်္ခါရ, နာမ်သင်္ခါရ ၂-ပါးတို့၏ အပြတ်အသား အကွဲအခြားကို မြင်သောကြောင့် သင်္ခါရပရိစ္ဆေဒဟုလည်း ဆို၏။ နာမ်ရုပ်ကို ပိုင်းခြားသဖြင့် ငါဟူသော အတ္တဒိဋ္ဌိသည် ကင်းစင်လွင့်ပျောက်ပါသဖြင့် ဒိဋ္ဌိဝိသုဒ္ဓိ ဟုလည်း ဆိုသည်။ ဤကား ဒိဋ္ဌိဝိသုဒ္ဓိ။

**နာမရူပ ပရိစ္ဆေဒဉာဏ် ပြီး၏။**

**ဒိဋ္ဌိ ဝိသုဒ္ဓိအခန်း ပြီး၏။**

## ၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိအခန်း

### ပစ္စယပရိဂ္ဂဟဉာဏ်

### စကာ္ဘ

ပေါ်ခဲ့ပြီးတဲ့၊ ရုပ်နာမ်အစဉ်
မြင်တယ်မှတ်ခိုက်၊ ကြောင်း, ကျိုးမြင်
ပစ္စယပရိဂ္ဂဟ၊ ဉာဏ်ဟုထင်
ဟေတုအကြောင်းလဲ၊ ဉာဏ်မှာမြင်
ပစ္စယအကြောင်းလဲ၊ ဉာဏ်မှာမြင်။

ဟုဆိုရာ၌ နာမရူပပရိစ္ဆေဒဉာဏ်က ပေါ်ခဲ့ပြီးသော ရုပ်တရား, နာမ်တရား ၂-ပါးတို့၏အကြောင်းကို သိမ်းဆည်းရာ၌ သုံးပါးသော ကာလတို့တွင် ယုံမှားခြင်းကင်းပျောက်၍ တည်သောဉာဏ်သည် ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်၏။ ပစ္စယပရိဂ္ဂဟဉာဏ်ဟုလဲ ဆို၏။

ထိုပစ္စယပရိဂ္ဂဟဉာဏ်ကို ပြည့်စုံစေလိုသော ယောဂီပုဂ္ဂိုလ်မှာ ဥပမာအားဖြင့် လိမ္မာသော ဆေးသမားသည် အနာရောဂါကို တွေ့သောအခါ ထိုအနာရောဂါ၏ မူလအခြေ အကြောင်းရင်းကို ရှာကြံသကဲ့သို့လည်းကောင်း၊ အလွန်သနားတတ်သော ယောကျ်ားသည် နုနယ်၍ ပက်လက် သာအိပ်နိုင်သော ကလေးငယ်တစ်ဦး မော်တော်ကား, ရထားတို့ဖြင့် အစဉ်မပြတ်သွားလာ၍နေသော လမ်းဆုံ, လမ်းမ, လမ်းလေးခွ၌ အိပ်နေသည်ကိုမြင်သဖြင့် ဤသူငယ်သည် မည်သည့်မိဘတို့က မွေးဖွားပြီး ပစ်ထားသော သားငယ်ပါလိမ့်ဟု သူငယ်၏မူလအကြောင်းဖြစ်သော မိဘတို့၏ အပေါ်၌ အာရုံသက်ဝင် စိတ်မှာထင်ပေါ်လာသလို၊ ထို့အတူ ဤအကြောင်းကို သိမ်းဆည်းသော ပစ္စယပရိဂ္ဂဟဉာဏ်သည်လည်း ပေါ်ခဲ့ပြီးသော ရုပ်နာမ် ၂-ပါး အကျိုးတရားကိုထင်မြင်သဖြင့် ဤရုပ်နာမ် ၂-ပါး အကျိုးတရားတို့သည်ကား အဘယ်အကြောင်းမှ လာသနည်းဟု အကြောင်းတရားကို အာရုံ၌ထင်ခြင်းသည် ဉာဏ်အမြင်ဟု ဆို၏။

ဟေတု အကြောင်းဆိုသည်ကား အကျိုးကိုဖြစ်စေတတ်သော ဇနကအကြောင်းကို ဆိုသည်။ ပစ္စယ အကြောင်းဆိုသည်ကား အကျိုးကို ထောက်ပံ့စေတတ်သော ဥပထမ္ဘကအကြောင်းကို ဆိုသည်။

**သောတ**

ပေါ်ခဲ့ပြီးတဲ့၊ ရုပ်နာမ်အစဉ်
ကြားတယ်မှတ်ခိုက်၊ ကြောင်း, ကျိုးမြင်
ပစ္စယပရိဂ္ဂဟ၊ ဉာဏ်ဟုထင်



ဟေတုအကြောင်းလဲ၊ ဉာဏ်မှာမြင်
ပစ္စယအကြောင်းလဲ၊ ဉာဏ်မှာမြင်။

**ဃာန**

ပေါ်ခဲ့ပြီးတဲ့၊ ရုပ်နာမ်အစဉ်
နံတယ်မှတ်ခိုက်၊ ကြောင်း, ကျိုးမြင်
ပစ္စယပရိဂ္ဂဟ၊ ဉာဏ်ဟုထင်
ဟေတုအကြောင်းလဲ၊ ဉာဏ်မှာမြင်
ပစ္စယအကြောင်းလဲ၊ ဉာဏ်မှာမြင်။

**ဇိဝှာ**

ပေါ်ခဲ့ပြီးတဲ့၊ ရုပ်နာမ်အစဉ်
စားတယ်မှတ်ခိုက်၊ ကြောင်း, ကျိုးမြင်
ပစ္စယပရိဂ္ဂဟ၊ ဉာဏ်ဟုထင်
ဟေတုအကြောင်းလဲ၊ ဉာဏ်မှာမြင်
ပစ္စယအကြောင်းလဲ၊ ဉာဏ်မှာမြင်။

**ကာယ**

ပေါ်ခဲ့ပြီးတဲ့၊ ရုပ်နာမ်အစဉ်
ထိတယ်မှတ်ခိုက်၊ ကြောင်း, ကျိုးမြင်
ပစ္စယပရိဂ္ဂဟ၊ ဉာဏ်ဟုထင်
ဟေတုအကြောင်းလဲ၊ ဉာဏ်မှာမြင်
ပစ္စယအကြောင်းလဲ၊ ဉာဏ်မှာမြင်။

## မန

ပေါ်ခဲ့ပြီးတဲ့၊ ရုပ်နာမ်အစဉ်
သိတယ်မှတ်ခိုက်၊ ကြောင်း, ကျိုးမြင်
ပစ္စယပရိဂ္ဂဟ၊ ဉာဏ်ဟုထင်
ဟေတုအကြောင်းလဲ၊ ဉာဏ်မှာမြင်
ပစ္စယအကြောင်းလဲ၊ ဉာဏ်မှာမြင်။

## ရုပ်အကြောင်းပေါ်ပုံ

မျက်စိ, အဆင်းကြောင့်၊ မြင်တာပဲ
နား, အသံကြောင့်၊ ကြားတာပဲ
နှာခေါင်း, အနံ့ကြောင့်၊ နံတာပဲ
လျှာ, အရသာကြောင့်၊ စားတာပဲ
ကိုယ်, အတွေ့ကြောင့်၊ ထိတာပဲ
နှလုံး, သဘောကြောင့်၊ သိတာပဲ။

## နာမ်အကြောင်းပေါ်ပုံ

သွားချင်လို့လဲ၊ သွားတာပဲ
ရပ်ချင်လို့လဲ၊ ရပ်တာပဲ
ထိုင်ချင်လို့လဲ၊ ထိုင်တာပဲ
အိပ်ချင်လို့လဲ၊ အိပ်တာပဲ။



## ရုပ်အကြောင်းကိုခွဲပြခြင်း

### မျက်စိ

မျက်စိ, အဆင်းကြောင့်၊ မြင်တယ်ထင်
ရုပ်အကြောင်း, နာမ်အကျိုး၊ ဉာဏ်မှာမြင်
မျက်စိ, အဆင်းထင်၊ အကြောင်းရုပ်ထင်
မြင်စိတ်ကိုထင်၊ အကျိုးနာမ်ထင်။

### နား

နား, အသံကြောင့်၊ ကြားတယ်ထင်
ရုပ်အကြောင်း, နာမ်အကျိုး၊ ဉာဏ်မှာမြင်
နား, အသံထင်၊ အကြောင်းရုပ်ထင်
ကြားစိတ်ကိုထင်၊ အကျိုးနာမ်ထင်။

### နှာ

နှာခေါင်း, အနံ့ကြောင့်၊ နံတယ်ထင်
ရုပ်အကြောင်း, နာမ်အကျိုး၊ ဉာဏ်မှာမြင်
နှာခေါင်း, အနံ့ထင်၊ အကြောင်းရုပ်ထင်
နံစိတ်ကိုထင်၊ အကျိုးနာမ်ထင်။

### လျှာ

လျှာ, အရသာကြောင့်၊ စားတယ်ထင်
ရုပ်အကြောင်း, နာမ်အကျိုး၊ ဉာဏ်မှာမြင်
လျှာ, အရသာထင်၊ အကြောင်းရုပ်ထင်
စားစိတ်ကိုထင်၊ အကျိုးနာမ်ထင်။

**ကိုယ်**

ကိုယ်အတွေ့ကြောင့်၊ ထိတယ်ထင်
ရုပ်အကြောင်း, နာမ်အကျိုး၊ ဉာဏ်မှာမြင်
ကိုယ်အတွေ့ထင်၊ အကြောင်းရုပ်ထင်
ထိစိတ်ကိုထင်၊ အကျိုးနာမ်ထင်။

## နာမ်အကြောင်းကိုခွဲပြခြင်း

**သွား**

သွားချင်လို့လဲ၊ သွားတယ်ထင်
နာမ်အကြောင်း, ရုပ်အကျိုး၊ ဉာဏ်မှာမြင်
သွားလိုသဘောထင်၊ အကြောင်းနာမ်ထင်
သွားသောသဘောထင်၊ အကျိုးရုပ်ထင်။

**ရပ်**

ရပ်ချင်လို့လဲ၊ ရပ်တယ်ထင်
နာမ်အကြောင်း, ရုပ်အကျိုး၊ ဉာဏ်မှာမြင်
ရပ်လိုသဘောထင်၊ အကြောင်းနာမ်ထင်
ရပ်သောသဘောထင်၊ အကျိုးရုပ်ထင်။

**ထိုင်**

ထိုင်ချင်လို့လဲ၊ ထိုင်တယ်ထင်
နာမ်အကြောင်း, ရုပ်အကျိုး၊ ဉာဏ်မှာမြင်
ထိုင်လိုသဘောထင်၊ အကြောင်းနာမ်ထင်
ထိုင်သောသဘောထင်၊ အကျိုးရုပ်ထင်။



**အိပ်**

အိပ်ချင်လို့လဲ၊ အိပ်တယ်ထင်
နာမ်အကြောင်း, ရုပ်အကျိုး၊ ဉာဏ်မှာမြင်
အိပ်လိုသဘောထင်၊ အကြောင်းနာမ်ထင်
အိပ်သောသဘောထင်၊ အကျိုးရုပ်ထင်။

ဤသို့မြင်ရာ၌ ရုပ်အကြောင်း, နာမ်အကျိုးဆိုသည်ကား စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ သောတဉ္စ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ (စက္ခုံ စ၊ မျက်စိကိုလည်း၊ ပဋိစ္စစွဲ၍၊ ရူပေ စ၊ အဆင်း တို့ကိုလည်း၊ ပဋိစ္စ၊ စွဲ၍၊ စက္ခုဝိညာဏံ၊ မြင်ခြင်းသည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သောတဉ္စ၊ နားကိုလည်း၊ ပဋိစ္စ၊ စွဲ၍၊ သဒ္ဒေ စ၊ အသံတို့ကိုလည်း၊ ပဋိစ္စ၊ စွဲ၍၊ သောတဝိညာဏံ၊ ကြားခြင်းသည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။) ဤသို့ အစ ရှိသော စကားတို့ဖြင့် ဟောတော်မူသောကြောင့် မြင်သောခဏ မျက်စိကြည်တာက စက္ခုဒွါရ၊ အဆင်းထင်တာက ရူပါရုံ၊ ဤ ဒွါရ, အာရုံ ၂-ပါးစုံက အကြောင်း၊ မြင်တာ, တွေ့တာ, ခံစားတာက အကျိုး၊ အကြောင်းနှင့် အကျိုး ပေါင်းဆုံကြသည်ဟု ထင်တဲ့သဘောက ဉာဏ်၊ အကြောင်းကား ရုပ်၊ အကျိုးကား နာမ်။

ကြားသောခဏ နားကြည်တာက သောတဒွါရ၊ အသံထင် တာက သဒ္ဒါရုံ၊ ဤဒွါရ, အာရုံ ၂-ပါးစုံက အကြောင်း၊ ကြားတာ, တွေ့တာ, ခံစားတာက အကျိုး၊ အကြောင်းနှင့်အကျိုး ပေါင်းဆုံ ကြသည်ဟု ထင်တဲ့ သဘောက ဉာဏ်၊ အကြောင်းကား ရုပ်၊ အကျိုးကား နာမ်။

နံသောခဏ နှာခေါင်းကြည်တာက ဃာနဒွါရ၊ အနံ့ထင်တာက ဂန္ဓာရုံ၊ ဤဒွါရ, အာရုံ ၂-ပါးစုံက အကြောင်း၊ နံတာ, တွေ့တာ, ခံစားတာက အကျိုး၊ အကြောင်းနှင့်အကျိုး ပေါင်းဆုံ ကြသည်ဟု ထင်တဲ့သဘောက ဉာဏ်၊ အကြောင်းကား ရုပ်၊ အကျိုးကား နာမ်။

စားသောခဏ လျှာကြည်တာက ဇိဝှာဒွါရ၊ အရသာထင်တာက ရသာရုံ၊ ဤဒွါရ, အာရုံ ၂-ပါးစုံက အကြောင်း၊ စားတာ, တွေ့တာ, ခံစားတာက အကျိုး၊ အကြောင်းနှင့်အကျိုး ပေါင်းဆုံ ကြသည်ဟု ထင်တဲ့သဘောက ဉာဏ်၊ အကြောင်းကား ရုပ်၊ အကျိုးကား နာမ်။

ထိသောခဏ ကိုယ်ကြည်တာက ကာယဒွါရ၊ အတွေ့ထင် တာက ဖောဋ္ဌဗ္ဗာရုံ၊ ဤဒွါရ, အာရုံ ၂-ပါးစုံက အကြောင်း၊ ထိတာ, တွေ့တာ, ခံစားတာက အကျိုး၊ အကြောင်းနှင့်အကျိုး ပေါင်းဆုံကြသည်ဟု ထင်တဲ့သဘောက ဉာဏ်၊ အကြောင်းကား ရုပ်၊ အကျိုးကား နာမ်။

သိသောခဏ မနောကြည်တာက မနောဒွါရ၊ သိတဲ့သဘော ထင်တာက ဓမ္မာရုံ၊ ဤဒွါရ, အာရုံ ၂-ပါးစုံက အကြောင်း၊ သိတာ, တွေ့တာ, ခံစားတာက အကျိုး၊ အကြောင်းနှင့်အကျိုး ပေါင်းဆုံကြသည်ဟု ထင်တဲ့သဘောက ဉာဏ်၊ အကြောင်းကား ရုပ်၊ အကျိုးကား နာမ်။ ဤကား ရုပ်အကြောင်းကိုပြခြင်းတည်း။

သွားသောခဏ သွားလိုသောသဘောစိတ်က အကြောင်း၊ သွားသောသဘောရုပ်က အကျိုး၊ အကြောင်းနှင့်အကျိုး ပေါင်းဆုံ ကြသည်ဟု ထင်တဲ့သဘောက ဉာဏ်၊ အကြောင်းကား နာမ်၊ အကျိုးကား ရုပ်၊ ပြန်သောခဏ, လှမ်းသောခဏ စသည်၌ အတူတူပင်မှတ်ရာ၏။



## ယုံမှားပျောက်ပုံ

မြင်လေကြောင်းကျိုး၊ ယုံမှားမျိုး
ကာလကိုမှတ်၊ ၁၆-ရပ်
ဌာနမှာ - ၈၊ အာရုံ - ၂
ယုံမှားခြင်းရာ၊ တစ်ခုသာ
ပျောက်ပျက်ကုန်ကင်း၊ အာရုံရှင်း
ဉာဏ်ရင်းမှန်စွာ၊ ပစ္စယာ

ဤသို့ဆိုရာ၌ ဝိပဿနာ ရှုမှတ်ရာတွင် ယောဂီပုဂ္ဂိုလ်တို့၏ အာရုံ၌ အကြောင်းနှင့်အကျိုး ထင်လာသော အခါ အတိတ်၌ ယုံမှားခြင်း ၅-ပါး၊ အနာဂတ်၌ ယုံမှားခြင်း ၅-ပါး၊ ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆-ပါးဟုဆိုအပ်သော ၁၆-ရပ်သောကာလကို မှတ်၍ ယုံမှားခြင်းလည်း ကင်းပျောက်၏။ ဌာနမှာ - ၈ ဆိုသည့်အတိုင်း ဘုရား၌ ယုံမှားခြင်း, တရား၌ ယုံမှားခြင်း, သံဃာ၌ ယုံမှားခြင်း, အကျင့်၌ ယုံမှားခြင်း, အတိတ်၌ယုံမှားခြင်း, အနာဂတ်၌ ယုံမှားခြင်း, ပစ္စုပ္ပန်၌ ယုံမှားခြင်း, ပဋိစ္စသမုပ္ပါဒ်၌ ယုံမှားခြင်းဟု ဆိုအပ်သော ၈-ပါးသောယုံမှားခြင်းသည်လည်း ပျောက်၏။ အာရုံ ၂-ဆိုသည့် အတိုင်း ရုပ်နာမ်၌ ယုံမှားခြင်း၊ ရုပ်နာမ်၏အကြောင်း၌ ယုံမှားခြင်း၊ ပျောက်ပျက် ကုန်ကင်း၊ အာရုံရှင်း၏။ ယုံမှားခြင်းရာ၊ တစ်ခုသာ ဆိုသည့်အတိုင်း ယုံမှားသောအခြင်းအရာ ဝိစိကိစ္ဆာလည်း ပျောက် ပျက်ကုန်ကင်း အာရုံရှင်းတော့၏။ ဤအာရုံရှင်းသော သဘောကို မှတ်၍ မူလဉာဏ်ရင်း၏အမည်ကို ပစ္စယပရိဂ္ဂဟဉာဏ်ဟု ဆို၏။

**ပစ္စယပရိဂ္ဂဟ**ဉာဏ် **ပြီး၏။**

**ကင်္ခါဝိတရဏဝိသုဒ္ဓိ အခန်းပြီး၏။**

# ၅။ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိအခန်း

## သမ္မသနဉာဏ်

## ပရိညာသုံးပါးကိုပြခြင်း

ပရိညာဆိုတာက - သုံးခုပြား
ဉာတပရိညာကလဲ - တစ်ခုတစ်ပါး
တီရဏပရိညာကလဲ - တစ်ခုတစ်ပါး
ပဟာနပရိညာကလဲ - တစ်ခုတစ်ပါး
နာမရူပ, ပစ္စယကို - ဉာတဆို
သမ္မသန, ဥဒယကို - တီရဏဆို
ဘင်္ဂအစ, မဂ်ဉာဏ်ကျအောင် - ပဟာနဆို

ထိုသို့ဆိုရာ အထက်ပါစကားများ၌ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဆိုသည်ကား မဂ်ဟုတ်သည်, မဟုတ်သည်ကိုသိ၍ တည်သော ဉာဏ်ကို မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဉာဏ်ဟုဆို၏။ ထိုဉာဏ်နှင့် ပြည့်စုံလိုသော ယောဂီပုဂ္ဂိုလ်သည် ရုပ်အပေါင်း, နာမ်အပေါင်းဟု ဆိုအပ်သော နည်းပြဝိပဿနာကို အားထုတ်ခြင်းကို ပြုအပ်၏။ ထို့ကြောင့် ယောဂီပုဂ္ဂိုလ်သည် ဩဘာသ အစရှိသောသဘော တရားတို့သည် ဖြစ်ကုန်သည်ရှိသော် မဂ် ဟုတ်, မဟုတ်ကို သိသော



ကြောင့် အားထုတ်သော ဝိပဿနာယောဂီပုဂ္ဂိုလ်၏ ဝိပဿနာ သည် ရုပ်ကလာပ်, နာမ်ကလာပ် ကို အားထုတ်ခြင်း၌ အစမည်၏။ ထို့ကြောင့် ဤဝိသုဒ္ဓိကို ကင်္ခါဝိတရဏဝိသုဒ္ဓိ၏အခြားမဲ့၌ ပြအပ်၏။ စင်စစ် အားဖြင့် တီရဏပရိညာ ဖြစ်သည်ရှိသော် မဂ္ဂါမဂ္ဂဉာဏ် ဖြစ်၏။ တီရဏပရိညာသည်လည်း ဉာတပရိညာ၏ အခြားမဲ့၌ ဖြစ်၏။ ထို့ကြောင့် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကို ပြည့်စုံစေလိုသော ယောဂီပုဂ္ဂိုလ်သည် ရုပ်ကလာပ် နာမ်ကလာပ်ကို သုံးသပ်ရာ၌ ရှေးဦးစွာ အားထုတ်ခြင်းကို ပြုအပ်၏။

နောက်ကပြဆိုခဲ့သော လောကီပရိညာ သုံးပါးတို့မှာကား ဉာတပရိညာတစ်ခု, တီရဏပရိညာတစ်ခု, ပဟာနပရိညာတစ်ခု သုံးမျိုးရှိ၏။ ထိုသုံးမျိုးကိုရည်၍ 'အဘိညာ ပညာ ဉာတဋ္ဌေန ဉာဏံ၊ ပရိညာ ပညာ တီရဏဋ္ဌေန ဉာဏံ၊ ပဟာန ပညာ ပရိစာဂဋ္ဌေနဉာဏံ' ဟု ဟောတော်မူ၏။ ထိုစကားသုံးချက်တို့၌ ရုပ်သည် ဖောက်ပြန်သော လက္ခဏာရှိ၏။ ဝေဒနာသည် ခံစားသော လက္ခဏာရှိ၏။ ဤသို့ထိုထိုသော သဘောတရားတို့၏ မိမိလက္ခဏာကို ကောင်းစွာမှတ်သည်၏ အစွမ်းအားဖြင့်ဖြစ်သော ပညာသည် ဉာတပရိညာမည်၏။ ရုပ်သည် မမြဲ၊ ဝေဒနာသည် မမြဲ၊ ဤသို့အစရှိသော နည်းဖြင့် ထိုသဘာဝဓမ္မတရားတို့၏ သာမညလက္ခဏာသို့တင်၍ ဖြစ်သောလက္ခဏာလျှင် အာရုံရှိသော ဝိပဿနာပညာသည် တီရဏပရိညာ မည်၏။ ထိုတရားတို့၌ သာလျှင် နိစ္စသညာ စသည်ကိုပယ်သည်၏ အစွမ်းအားဖြင့်ဖြစ်သော လက္ခဏာလျှင် အာရုံရှိသော ဝိပဿနာပညာသည် ပဟာနပရိညာ မည်၏။

## ပရိညာသုံးပါးကို ဉာဏ်နှင့်ပိုင်းခြား၍ပြခြင်း

ထိုပရိညာသုံးပါးတို့၌ သင်္ခါရကို ပိုင်းခြားသည်မှစ၍ ပစ္စယပရိဂ္ဂဟဉာဏ်တိုင်အောင် ဉာတပရိညာ၏ ဖြစ်ရာတည်း။ ထို ၂-ဉာဏ်၌ သဘောတရားတို့၏ မိမိလက္ခဏာကို ထိုးထွင်းသိခြင်း သည်သာလျှင် အစိုးရ တော့၏။ ရုပ်ကလာပ်, နာမ်ကလာပ်ကို သုံးသပ်သည်မှစ၍ ဥဒယဗ္ဗယဉာဏ်တိုင်အောင် တီရဏပရိညာ၏ ဖြစ်ရာဘုံမည်၏။ ထိုအကြား၌ သာမညလက္ခဏာကို ထိုးထွင်း၍ သိခြင်းသည်သာလျှင် အစိုးရ၏။ ဘင်္ဂါနုပဿနာ ကိုအစပြု၍ အထက်၌ ပဟာနပရိညာ၏ ဖြစ်ရာဘုံမည်၏။ ထိုဉာဏ်မှစ၍ မမြဲဟုရှုသော် မြဲတဲ့အမှတ်ကို ပယ်စွန့်ခြင်း, ဆင်းရဲဟုရှုသော် ချမ်းသာတဲ့အမှတ်ကို ပယ်စွန့်ခြင်း,အစိုးမရဟု ရှုသော် အစိုးရသော အမှတ်ကို ပယ်စွန့်ခြင်း, ငြီးငွေ့ခြင်းကြောင့် နန္ဒီပယ်၊ တပ်မက် ကင်းလို့ ရာဂပယ်၊ ချုပ်တာမြင်လို့ ဖြစ်တာပယ်၊ တဖန်စွန့်လို့ တဖန်ပယ်၊ ဤသို့ အနိစ္စသညာ အစရှိသော ၇-ပါးသော အနုပဿနာကို အစိုးရ၏။ သို့အတွက် ဤသုံးပါးသော ပရိညာ တို့တွင် သင်္ခါရကို ပိုင်းခြားသောနာမရူပပရိစ္ဆေဒဉာဏ်, ရုပ်နာမ်၏ အကြောင်းကို သိမ်းဆည်းသော ပစ္စယပရိဂ္ဂယဉာဏ်၊ ဤဉာဏ် ၂-ပါးကို ရောက်ပြီးရပြီးသော ယောဂီပုဂ္ဂိုလ်သည် ဉာတပရိညာကို ရပြီးသည် ဖြစ်ပါ၍ ဤမှတပါးသော ပရိညာကို ရလိုရောက်လိုသော ယောဂီပုဂ္ဂိုလ်သည် တီရဏပရိညာဖြစ်သည်ရှိသော် မဂ္ဂါမဂ္ဂဉာဏ် ဖြစ်၏။ တီရဏပရိညာသည်လည်း ဉာတပရိညာ၏ အခြားမဲ့၌ ဖြစ်၏။ ထို့ကြောင့် ထိုမဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိကို ပြည့်စုံစေလိုသော ယောဂီပုဂ္ဂိုလ်သည် ရုပ်ကလာပ်၊ နာမ်ကလာပ်ကို သုံးသပ်ရာ၌ အားထုတ်ခြင်း ကို ပြအပ်ပေသတည်း။



### အားထုတ်ပုံ

#### အဆင်း

မြင်ပြီးရုပ်နာမ်တွေကလဲ - ကုန်ခဲ့ပြီ
မြင်ဆဲရုပ်နာမ်တွေလဲ - ကုန်နေဆဲ
မြင်လတ္တံ့ရုပ်နာမ်တွေကလဲ - ကုန်မှာပဲ
သုံးသပ်ဆင်ခြင် - ဉာဏ်အမြင်
မြင်ပြီးကိုထင် - အတိတ်ကိုထင်
မြင်ဆဲကိုထင် - ပစ္စုပ္ပန်ထင်
မြင်လတ္တံ့ကိုထင် - အနာဂတ်ထင်။

#### အသံ

ကြားပြီးရုပ်နာမ်တွေကလဲ - ကုန်ခဲ့ပြီ
ကြားဆဲရုပ်နာမ်တွေကလဲ - ကုန်နေဆဲ
ကြားလတ္တံ့ရုပ်နာမ်တွေကလဲ - ကုန်မှာပဲ
သုံးသပ်ဆင်ခြင် - ဉာဏ်အမြင်
ကြားပြီးကိုထင် - အတိတ်ကိုထင်
ကြားဆဲကိုထင် - ပစ္စုပ္ပန်ထင်
ကြားလတ္တံ့ကိုထင် - အနာဂတ်ထင်။

#### အနံ့

နံ့ပြီးရုပ်နာမ်တွေကလဲ - ကုန်ခဲ့ပြီ
နံ့ဆဲရုပ်နာမ်တွေလဲ - ကုန်နေဆဲ
နံ့လတ္တံ့ရုပ်နာမ်တွေကလဲ - ကုန်မှာပဲ
သုံးသပ်ဆင်ခြင် - ဉာဏ်အမြင်
နံ့ပြီးကိုထင် - အတိတ်ကိုထင်

နံဆဲကိုထင် - ပစ္စုပ္ပန်ထင်
နံလတ္တံ့ကိုထင် - အနာဂတ်ထင်။

**အရသာ**

စားပြီးရုပ်နာမ်တွေကလဲ - ကုန်ခဲ့ပြီ
စားဆဲရုပ်နာမ်တွေလဲ - ကုန်နေဆဲ
စားလတ္တံ့ရုပ်နာမ်တွေကလဲ - ကုန်မှာပဲ
သုံးသပ်ဆင်ခြင် - ဉာဏ်အမြင်
စားပြီးကိုထင် - အတိတ်ကိုထင်
စားဆဲကိုထင် - ပစ္စုပ္ပန်ထင်
စားလတ္တံ့ကိုထင် - အနာဂတ်ထင်။

**အတွေ့**

ထိပြီးရုပ်နာမ်တွေကလဲ - ကုန်ခဲ့ပြီ
ထိဆဲရုပ်နာမ်တွေလဲ - ကုန်နေဆဲ
ထိလတ္တံ့ရုပ်နာမ်တွေကလဲ - ကုန်မှာပဲ
သုံးသပ်ဆင်ခြင် - ဉာဏ်အမြင်
ထိပြီးကိုထင် - အတိတ်ကိုထင်
ထိဆဲကိုထင် - ပစ္စုပ္ပန်ထင်
ထိလတ္တံ့ကိုထင် - အနာဂတ်ထင်။

**သဘော**

သိပြီးရုပ်နာမ်တွေကလဲ - ကုန်ခဲ့ပြီ
သိဆဲရုပ်နာမ်တွေလဲ - ကုန်နေဆဲ
သိလတ္တံ့ရုပ်နာမ်တွေကလဲ - ကုန်မှာပဲ
သုံးသပ်ဆင်ခြင် - ဉာဏ်အမြင်



သိပြီးကိုထင် - အတိတ်ကိုထင်
သိဆဲကိုထင် - ပစ္စုပ္ပန်ထင်
သိလတ္တံ့ကိုထင် - အနာဂတ်ထင်။

**၁၁ - ဌာနသုံးသပ်ပုံ**

**မြင်ခြင်း**

မြင်ပြီးခိုက်ကလဲ - မြင်ဆဲမဟုတ်
မြင်ဆဲခိုက်ကလဲ - မြင်လတ္တံ့မဟုတ်
အတွင်းမြင်ခိုက်ကလဲ - အပမြင်မဟုတ်
အယုတ်မြင်ခိုက်ကလဲ - အမြတ်မြင်မဟုတ်
အကြမ်းမြင်ခိုက်ကလဲ - အနုမြင်မဟုတ်
အဝေးမြင်ခိုက်ကလဲ - အနီးမြင်မဟုတ်။

**ကြားခြင်း**

ကြားပြီးခိုက်ကလဲ - ကြားဆဲမဟုတ်
ကြားဆဲခိုက်ကလဲ - ကြားလတ္တံ့မဟုတ်
အတွင်းကြားခိုက်ကလဲ - အပကြားမဟုတ်
အယုတ်ကြားခိုက်ကလဲ - အမြတ်ကြားမဟုတ်
အကြမ်းကြားခိုက်ကလဲ - အနုကြားမဟုတ်
အဝေးကြားခိုက်ကလဲ - အနီးကြားမဟုတ်။

**နံခြင်း**

နံပြီးခိုက်ကလဲ - နံဆဲမဟုတ်
နံဆဲခိုက်ကလဲ - နံလတ္တံ့မဟုတ်
အတွင်းနံခိုက်ကလဲ - အပနံမဟုတ်
အယုတ်နံခိုက်ကလဲ - အမြတ်နံမဟုတ်

အကြမ်းနံခိုက်ကလဲ - အနုနံမဟုတ်
အဝေးနံခိုက်ကလဲ - အနီးနံမဟုတ်။

**စားခြင်း**

စားပြီးခိုက်ကလဲ - စားဆဲမဟုတ်
စားဆဲခိုက်ကလဲ - စားလတ္တံ့မဟုတ်
အတွင်းစားခိုက်ကလဲ - အပစားမဟုတ်
အယုတ်စားခိုက်ကလဲ - အမြတ်စားမဟုတ်
အကြမ်းစားခိုက်ကလဲ - အနုစားမဟုတ်
အဝေးစားခိုက်ကလဲ - အနီးစားမဟုတ်။

**ထိခြင်း**

ထိပြီးခိုက်ကလဲ - ထိဆဲမဟုတ်
ထိဆဲခိုက်ကလဲ - ထိလတ္တံ့မဟုတ်
အတွင်းထိခိုက်ကလဲ - အပထိမဟုတ်
အယုတ်ထိခိုက်ကလဲ - အမြတ်ထိမဟုတ်
အကြမ်းထိခိုက်ကလဲ - အနုထိမဟုတ်
အဝေးထိခိုက်ကလဲ - အနီးထိမဟုတ်။

**သိခြင်း**

သိပြီးခိုက်ကလဲ - သိဆဲမဟုတ်
သိဆဲခိုက်ကလဲ - သိလတ္တံ့မဟုတ်
အတွင်းသိခိုက်ကလဲ - အပသိမဟုတ်
အယုတ်သိခိုက်ကလဲ - အမြတ်သိမဟုတ်
အကြမ်းသိခိုက်ကလဲ - အနုသိမဟုတ်
အဝေးသိခိုက်ကလဲ - အနီးသိမဟုတ်။



**သမ္မသနဉာဏ် အနုသယကိလေသာမကင်းပုံ**

ကုန်တဲ့သဘောကြောင့်လဲ၊ မမြဲဘူးကွယ်
ကြောက်အပ်တဲ့သဘောကြောင့်လဲ၊ ဆင်းရဲရတယ်
အနှစ်မရှိတဲ့သဘောကြောင့်လဲ၊ အစိုးမရဘွယ်
ဆင်ခြင်သမ္မသန - ဉာဏ်ဓမ္မ
အနုသယကိလေ - မကင်းပေ
ခြင်းရာသုံးသပ် - တဇပညတ်
ပရမတ်နှင့် - နီးဆုံးမှတ်
ကျမ်းမြတ်ဋီကာ - မိန့်မြွက်ရှာ။

ဤသို့ ဆိုအပ်သည်နှင့်အညီ ဤကား ရုပ်၊ ဤကား နာမ်ဟု အမှတ်ပြုသောအားဖြင့် အစုအခဲ အပေါင်း လိုက်သာဖြစ်၍ ဥပါဒ်၊ ဋ္ဌီ၊ ဘင် အားဖြင့် သင်္ခတလက္ခဏာ ထင်တယ် မဆိုရ၊ သဘာဝ လက္ခဏာမျှသာထင်သော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် အစုစုတို့ကို သာမညလက္ခဏာသို့တင်၍ ဥပါဒ်၊ ဋ္ဌီ၊ ဘင် ယခုအားဖြင့် မထင်သော်လည်း နောင်ထင်ရန် ခန္ဓာနာမ်ရုပ်သို့ သွင်းသော်လည်း အတွင်းဝင်မည်လည်း မဟုတ်တတ်၊ ခန္ဓာနာမ်ရုပ်မှလွတ်သော်လည်း မချွတ်လွတ်မည်လည်း မဟုတ်တတ်၊ တဇ္ဇာပညတ်၊ ပရမတ် အစစ်မဟုတ်၊ မဟုတ် သော်လည်း ပရမတ်သဘောထင်အောင် ပြောလျှင်ဟောလျှင် ဝေါဟာရတွင်သော အခြင်းအရာကိုယူဆောင်၍ ဖြစ်သောအခြင်းအရာ၊ ပျက်သောအခြင်းအရာကို အနိစ္စဟု၊ ဖြစ်ခြင်း၊ ပျက်ခြင်းနှင့် နှိပ်စက်သောအရာကို ဒုက္ခဟု၊ မဖြစ်မီက မဖြစ်ပါစေနှင့်ဟု တောင့်တမရ၊ ဖြစ်သာဖြစ်ရသော်လည်း မပျက်ပါစေနှင့်ဟု တောင့်တမရ၊ ပျက်သာ ပျက်ရ အလိုသို့မလိုက်သော အခြင်း

အရာကို အနတ္တဟု ရှုနည်းကိုပြသော နည်းပြသမ္မသနဉာဏ်ကို အားထုတ်အပ်၏။ တဇ္ဇာပညတ်ဟု ဆုံးဖြတ်ရာ သက်သေမှာကား -

'တယိမေ တယောပိ အာကာရာ အသဘာဝ
ဓမ္မတ္တာ ခန္ဓပရိယာပန္နာ န ဟောန္တိ၊ ခန္ဓေဟိ
ဝိနာ အနုပလဗ္ဘနီယတော ခန္ဓဝိမုတ္တာပိ န
ဟောန္တိ၊ ခန္ဓေပန ဥပါဒါယ ဝေါဟာရဝသေန
လဗ္ဘမာနာ တဒါဒီနဝ ဝိဘာဝနာယ ဝိသေသ
ကာရဏာဘူတာ တဇ္ဇာပညတ္တိ ဝိသေသာတိ ဝေဒိတဗ္ဗာ'

အနက်။ ။တယိမေ - တယောက္ကမေ တယောပိ၊ အဘာဝါကာရ အဘိဏှပဋိပီဠနာကာရ အဝသဝတ္တနာကာရ သုံးပါးလည်းဖြစ်ကုန်သော၊ က္ကမေအာကာရာ၊ ဤအခြင်းအရာ အာကာရတို့သည်၊ အသဘာဝဓမ္မတ္တာ၊ သဘောတရား မဟုတ်သည်၏အဖြစ်ကြောင့်၊ ခန္ဓပရိယာပန္နာ၊ ခန္ဓာ၌ အကျုံးဝင်ကုန်သည်။ နဟောန္တိ၊ မဖြစ်ကုန်။ ခန္ဓေဟိ၊ ခန္ဓာတို့နှင့်၊ ဝိနာ၊ ကင်း၍၊ အနုပလဗ္ဘနီယတော၊ မရအပ်သောကြောင့်၊ ခန္ဓဝိမုတ္တာပိ ခန္ဓာမှ လွတ်ကုန် သည်လည်း၊ နဟောန္တိ၊ မဖြစ်ကုန်။ ခန္ဓေပန၊ ခန္ဓာတို့ကိုကား၊ ဥပါဒါယ၊ စွဲ၍၊ ဝေါဟာရဝသေန၊ ခေါ်ဝေါ် ပြောဆိုသောအလိုအားဖြင့်၊ လဗ္ဘမာနာ၊ ရအပ်ကုန်သော၊ တဒါဒီနဝဝိဘာဝနာယ၊ အဘာဝါကာရ အဘိဏှ ပဋိပီဠနာကာရ အဝသဝတ္တနာကာရ ထိုသုံးပါးသောအခြင်းအရာ အာကာရတို့၏အပြစ်ကို ထင်ရှားစွာပြခြင်း၏။ ဝိသေသ ကာရဏာဘူတာ၊ ထူးသောအကြောင်းဖြစ်၍ ဖြစ်ကုန်သော၊ တဇ္ဇာပညတ္တိဝိသေသာ၊ တဇ္ဇာပညတ်အထူးတို့တည်း၊ က္ကတိ၊ ဤသို့၊ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

**သမ္မသနဉာဏ်ပြီး၏။**



**ဥဒယဗ္ဗယဉာဏ်အနု**
**မျက်စိ**

မြင်တုန်းမှတ်ခိုက် - ဖြစ်, ပျက်ထင်
ဥဒယဗ္ဗယ - ဉာဏ်ခေါ်တွင်
မျက်စိ,အဆင်းကိုလဲ - ဖြစ်, ပျက်ထင်
မြင်စိတ်ကိုလဲ - ဖြစ်, ပျက်ထင်
မျက်စိ, အဆင်းဖြစ်ပျက်ထင်
ရုပ်ဖြစ်ပျက်ထင်
မြင်စိတ်ဖြစ်ပျက်ထင် - နာမ်ဖြစ်ပျက်ထင်
၂-ပါးစုံဖြစ်ပျက်ထင် - ရုပ်-နာမ်ဖြစ်ပျက်ထင်။

**နား**

ကြားတုန်းမှတ်ခိုက် - ဖြစ်, ပျက်ထင်
ဥဒယဗ္ဗယ - ဉာဏ်ခေါ်တွင်
နား, အသံကိုလဲ - ဖြစ်, ပျက်ထင်
ကြားစိတ်ကိုလဲ - ဖြစ်, ပျက်ထင်
နား, အသံဖြစ်ပျက်ထင်
ရုပ်ဖြစ်ပျက်ထင်
ကြားစိတ်ဖြစ်ပျက်ထင် - နာမ်ဖြစ်ပျက်ထင်
၂-ပါးစုံဖြစ်ပျက်ထင် - ရုပ်-နာမ်ဖြစ်ပျက်ထင်။

**နှာခေါင်း**

နံတုန်းမှတ်ခိုက် - ဖြစ်, ပျက်ထင်
ဥဒယဗ္ဗယ - ဉာဏ်ခေါ်တွင်
နှာခေါင်း, အနံ့ကိုလဲ - ဖြစ်, ပျက်ထင်

နံ့စိတ်ကိုလဲ - ဖြစ်, ပျက်ထင်
နှာခေါင်း, အနံ့ ဖြစ်, ပျက်ထင်
ရုပ်ဖြစ်ပျက်ထင်
နံ့စိတ်ဖြစ်ပျက်ထင် - နာမ်ဖြစ်ပျက်ထင်
၂-ပါးစုံဖြစ်ပျက်ထင် - ရုပ်-နာမ်ဖြစ်ပျက်ထင်။

**လျှာ**

စားတုန်းမှတ်ခိုက် - ဖြစ်, ပျက်ထင်
ဥဒယဗ္ဗယ - ဉာဏ်ခေါ်တွင်
လျှာ, အရသာကိုလဲ - ဖြစ်, ပျက်ထင်
စားစိတ်ကိုလဲ - ဖြစ်, ပျက်ထင်
လျှာ, အရာသာ ဖြစ်, ပျက်ထင်
ရုပ်ဖြစ်ပျက်ထင်
စားစိတ်ဖြစ်ပျက်ထင် - နာမ်ဖြစ်ပျက်ထင်
၂-ပါးစုံဖြစ်ပျက်ထင် - ရုပ်-နာမ်ဖြစ်ပျက်ထင်။

**ကိုယ်**

ထိတုန်းမှတ်ခိုက် - ဖြစ်, ပျက်ထင်
ဥဒယဗ္ဗယ - ဉာဏ်ခေါ်တွင်
ကိုယ်, အတွေ့ကိုလဲ - ဖြစ်, ပျက်ထင်
ထိစိတ်ကိုလဲ - ဖြစ်, ပျက်ထင်
ကိုယ်, အတွေ့ - ဖြစ်ပျက်ထင်
ရုပ်ဖြစ်ပျက်ထင်
ထိစိတ်ဖြစ်ပျက်ထင် - နာမ်ဖြစ်ပျက်ထင်
၂-ပါးစုံဖြစ်ပျက်ထင် - ရုပ်-နာမ်ဖြစ်ပျက်ထင်။



**စိတ်**

သိတုန်းမှတ်ခိုက် - ဖြစ်, ပျက်ထင်
ဥဒယဗ္ဗယ - ဉာဏ်ခေါ်တွင်
နှလုံး, သဘောကိုလဲ - ဖြစ်, ပျက်ထင်
သိစိတ်ကိုလဲ - ဖြစ်, ပျက်ထင်
နှလုံး, သဘော ဖြစ်ပျက်ထင် - ရုပ်ဖြစ်ပျက်ထင်
သိစိတ်ဖြစ်ပျက်ထင် - နာမ်ဖြစ်ပျက်ထင်
၂-ပါးစုံဖြစ်ပျက်ထင် - ရုပ်, နာမ်ဖြစ်ပျက်ထင်။

ဤသို့ ဒွါရ, အာရုံ ဝိညာဏ်တို့၌ အဖြစ်, အပျက်သဘောတရားတို့သည် ရှုမှတ်ပိုင်းခြားသော ယောဂီ တို့၏ဉာဏ်၌ ဖြစ်မှု, ပျက်မှု၌ သာလျှင် အာရုံအစဉ်ဝင်၍ ထင်မြင်လေတော့၏။ အချို့ယောဂီ တို့မှာ ဖြစ်, အသစ် ကိုထင်ခြင်း၊ အချို့ယောဂီတို့မှာ ပျက်, အကုန် ဟုထင်ခြင်း၊အချို့ယောဂီများ၌ ဖြစ်အသစ်ပျက်အကုန် ၂-ပါးစုံ ထင်ကြပေကုန်၏။ ထို့ကြောင့် -

**သဘာဝဥဒယဗ္ဗယ**

ဖြစ်,အသစ်ထင်တာက ဥဒယထင်
ပျက်,အကုန်ထင်တာက ဝယထင်
၂-ပါးစုံထင်တာက ဥဒယဗ္ဗယထင်။

**ဖြစ်ပျက်သစ္စာ ၄-ပါး**

အကြောင်းဖြစ်ကိုထင် - သမုဒယထင်
အကြောင်းပျက်ကိုထင် - နိရောဓထင်
ခဏဖြစ်,ပျက်ကိုထင် - ဒုက္ခထင်
၂-ပါးစုံဖြစ်, ပျက်ထင်, မဂ္ဂထင်။

**ဖြစ်ပျက် ပဋိစ္စသမုပ္ပါဒ်**

အကြောင်းဖြစ်ကိုထင် - အနုလုံထင်
အကြောင်းပျက်ကိုထင် - ပဋိလုံထင်
ခဏဖြစ်, ပျက်ကိုထင် - ပဋိစ္စထင်။

**ဖြစ်,ပျက်နည်း ၄-ပါး**

အကြောင်းကိုထင် - ဧကတ္တထင်
ခဏဖြစ်ကိုထင် - နာနတ္တထင်
အကြောင်းဖြစ်,ပျက်ကိုထင်
အဗျာပါရထင်
အကြောင်းဖြစ်ကိုထင် - ဧဝံဓမ္မတာထင်။

**ဖြစ်ပျက်လက္ခဏာ**

ဖြစ်အသစ်ကိုထင် - ဒုက္ခထင်
ပျက်အကုန်ကိုထင် - အနိစ္စထင်
၂-ပါးစုံကိုထင်, အနတ္တထင်
ဖြစ်အသစ်ထင်တာက - ဥဒယပဲ
ပျက်အကုန်ထင်တာက - ဝယပဲ
၂-ပါးစုံထင်တာက - ဥဒယဗ္ဗယပဲ။

ဤသို့ ဥဒယဗ္ဗဉာဏ်နု အဖြစ်,အပျက် သဘောသည်ကား အကြောင်းအဖြစ်,အပျက်၊ ခဏအဖြစ်, အပျက် ၂-မျိုးတို့တွင် အကြောင်းအဖြစ်၏ထင်ချက် - သမုဒယသစ္စာ၊ အကြောင်းအပျက်၏ ထင်ချက် - နိရောဓသစ္စာ၊ ခဏဖြစ်,ပျက်ထင်ချက် - ဒုက္ခသစ္စာ၊ ၂-ပါးစုံ ဖြစ်, ပျက်ထင်ချက် - မဂ္ဂသစ္စာဟု သစ္စာ ၄-ပါးကိုပြခြင်း၊



အကြောင်းဖြစ်, ထင်ခြင်းဟူသော အနုလောမပဋိစ္စသမုပ္ပါဒ်၊ အကြောင်းပျက်, ထင်ခြင်းဟူသော ပဋိလောမပဋိစ္စသမုပ္ပါဒ်၊ ခဏဖြစ်, ပျက်ထင်ခြင်းဟူသော ပဋိစ္စသမုပ္ပန္နတရား တို့သည်လည်းကောင်း၊ အကြောင်းဖြစ်ထင်ခြင်းဟူသော ဧကတ္တနည်း၊ ခဏဖြစ် ထင်ခြင်းဟူသော နာနတ္တနည်း၊ အကြောင်းဖြစ်, ပျက်ထင်ခြင်းဟူသော အဗျာပါရနည်း၊ အကြောင်းဖြစ်, ထင်ခြင်းဟူသော ဧဝံဓမ္မတာနည်းတို့ကို လည်းကောင်း၊ အနိစ္စ, ဒုက္ခ, အနတ္တဟု ဆိုအပ်သော အဖြစ်,အပျက်၏ လက္ခဏာတို့ကိုလည်းကောင်း သိကာမျှဖြစ်သော ယောဂီပုဂ္ဂိုလ်သည် ဝိပဿနုပက္ကိလေသ ၁၀-ပါး၏ အညစ်အကြေး အရိအမှေးမှ မကင်းသေးသည့် အတွက်ကြောင့် ဥဒယဗ္ဗယဉာဏ် အနုစားဟုဆို၏။

**ဥဒယဗ္ဗယဉာဏ်အနု ပြီး၏။**
**မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ပြီး၏။**

# ၆။ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိအခန်း

## ဥဒယဗ္ဗယဉာဏ်အရင့်

ဤ ဥဒယဗ္ဗယဉာဏ်အရင့်ကစ၍ ဘင်ဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်ဟု ဆိုအပ်သော ဝိပဿနာဉာဏ်ရှစ်ပါး၊ ကိုးခုမြောက်သော သစ္စာနုလောမိကဉာဏ် ဟူသော အနုလောမဉာဏ်တစ်ပါး၊ ဤဉာဏ်ကိုးပါးကိုပြည့်စုံစေလိုသော ယောဂီပုဂ္ဂိုလ်သည် ဥပက္ကိလေသာမှ ကင်းလွတ်သော ဥဒယဗ္ဗယဉာဏ်ကို အစပြု၍ အားထုတ်အပ်၏။

ဤ ဥဒယဗ္ဗယဉာဏ်ကို အားထုတ်ခြင်း၌ အဘယ်အကျိုးရှိသနည်း။ လက္ခဏာကိုမှတ်ခြင်း၌ အကျိုးရှိ၏။ အကျိုးရှိပုံမှာ - နောက်၌ပြခဲ့သော ဥဒယဗ္ဗယဉာဏ်နုသည်ကား ၁၀-ပါးသော ဝိပဿနုပက္ကိလေသတရားတို့ဖြင့် လူးလဲလိမ်းကျံ၍နေသည်၏ အဖြစ်ကြောင့် ဟုတ်တိုင်းမှန်စွာ လက္ခဏာသုံးပါးကို ကောင်းစွာ မှတ်ခြင်းငှာ မစွမ်းနိုင်ဘဲ ယခု ဝိပဿနုပက္ကိလေသ မှ လွတ်သော ဥဒယဗ္ဗယဉာဏ်သည်ကား လက္ခဏာကို ကောင်းစွာမှတ်ခြင်းငှာ စွမ်းနိုင်၏။

### လက္ခဏာမထင်ပုံ

ရှေ့နောက်အစဉ်စပ်လို့လဲ - ဖြစ်,ပျက်အနိစ္စမထင်
ဣရိယာပုထ်မပြတ်လို့လဲ - နှိပ်စက်ဒုက္ခမထင်
ဃနလေးပါးကပ်လို့လဲ - အစိုးမရ အနတ္တ မထင်။

### လက္ခဏာထင်ပုံ

ရှေ့နောက်အစဉ်မစပ်လို့လဲ - ဖြစ်,ပျက်အနိစ္စထင်
ဣရိယာပုထ်ပြတ်လို့လဲ - နှိပ်စက်ဒုက္ခထင်
ဃနလေးပါးမကပ်လို့လဲ - အစိုးမရ အနတ္တထင်
ဖြစ်,ပျက်ရှုံမျှ - အနိစ္စထင်၊ ဖြစ်,ပျက်တဲ့ အခြားအရာက၊
အနိစ္စလက္ခဏာထင်
နှိပ်စက်ရှုံမျှ - ဒုက္ခထင်၊ နှိပ်စက်တဲ့အခြင်းအရာက
ဒုက္ခလက္ခဏာထင်
အစိုးမရရှုံမျှအနတ္တထင်၊ အစိုးမရတဲ့အခြင်းအရာက
အနတ္တလက္ခဏာထင်။



### ဒုက္ခကိုပြခြင်း

ဒုက္ခပေါ် ဒုက္ခဆင့်တာက၊ ဒုက္ခဒုက္ခပင်
ဒုက္ခပေါ် သုခဆင့်တာ၊ ဝိပရိဏာမဒုက္ခပင်
ဖြစ်မှု,ပျက်မှု နှိပ်စက်တာက၊ သင်္ခါရဒုက္ခပင်
နှိပ်စက်တာက၊ ဒုက္ခပင်
နှိပ်စက်တဲ့အခြင်းအရာက၊ ဒုက္ခလက္ခဏာပင်
နှိပ်စက်မှုရှုတာက၊ ဒုက္ခာနုပဿနာပင်။

### ဃနမကြေပုံ

အစဉ်တွေတွဲလို့လဲ - အခဲဃန မကြေ
အပေါင်းတွေတွဲလို့လဲ - အခဲဃန မကြေ
အာရုံတွေတွဲလို့လဲ - အခဲဃန မကြေ
ကိစ္စတွေတွဲလို့လဲ - အခဲဃန မကြေ။

### ဃနကြေပုံ

အစဉ်တွေကွဲလို့လဲ - အခဲဃနကြေ
အပေါင်းတွေကွဲလို့လဲ - အခဲဃနကြေ
အာရုံတွေကွဲလို့လဲ - အခဲဃနကြေ
ကိစ္စတွေကွဲလို့လဲ - အခဲဃနကြေ

### မကြေ ၆-နေရာ

မြင်သောခဏတွဲလို့လဲ - အခဲဃနမကြေ
ကြားသောခဏတွဲလို့လဲ - အခဲဃနမကြေ
နံသောခဏတွဲလို့လဲ - အခဲဃနမကြေ

စားသောခဏတွဲလို့လဲ - အခဲယနမကြေ
ထိသောခဏတွဲလို့လဲ - အခဲယနမကြေ
သိသောခဏတွဲလို့လဲ - အခဲယနမကြေ။

### ကြေ ၆-နေရာ

မြင်သောခဏကွဲလို့လဲ - အခဲယနကြေ
ကြားသောခဏကွဲလို့လဲ - အခဲယနကြေ
နံသောခဏကွဲလို့လဲ - အခဲယနကြေ
စားသောခဏကွဲလို့လဲ - အခဲယနကြေ
ထိသောခဏကွဲလို့လဲ - အခဲယနကြေ
သိသောခဏကွဲလို့လဲ - အခဲယနကြေ။

### အနတ္တလက္ခဏာ

အစိုးမရတာက - အနတ္တပင်
အစိုးမရတဲ့ အခြင်းအရာက -အနတ္တလက္ခဏာပင်
အစိုးမရမှုရှုတာက - အနတ္တာနုပဿနာပင်။
ဥဒယဗ္ဗယဉာဏ်အရင့် ပြီး၏။

## ဘင်ဉာဏ်

### အပျက်ထင်ပုံ

အပျက်မြင်သောကြောင့် - အပျက်ထင်၏
အပျက်ထင်တာက - ဘင်ဉာဏ်
အပျက်ဆိုတာက - ရုပ်နာမ်ပဲ
အပျက်ထင်တာက - ယောဂီဉာဏ်ပဲ။



### အနုပဿနာ ၇-ပါး

အနိစ္စထင်တုန်း - နိစ္စပျောက်
ဒုက္ခထင်တုန်း - သုခပျောက်
အနတ္တထင်တုန်း - အတ္တပျောက်
ငြီးငွေ့နေတုန်း - နန္ဒီပျောက်
တပ်မက်ကင်းတုန်း - တဏှာပျောက်
ချုပ်တာမြင်တုန်း - ဖြစ်တာပျောက်
တဖန်စွန့်တုန်း - တဖန်ပျောက်။

### ကံကီလေသာ ကုန်ပုံ

အနိစ္စမြင်တုန်း - နိစ္စပျောက်
ပျောက်တဲ့နိစ္စ - ဆိုး, ကောင်းကုန်
ကုန်ပါလေခြင်း - ပြုပြင်ကင်း
ကင်းပါသောကြောင့် - ကျိုးမဖြစ်
ရုပ်, နာမ်ဒေါသ - စွန့်ခွာပစ်
တဘက်အာရုံ - ဝင်ပြေးပုံ။

### ဒိဋ္ဌနှင့် အန္ဒယ

ပျက်ဆဲ, ချုပ်တာက - ဒိဋ္ဌပစ္စက္ခဉာဏ်
ပျက်ပြီး, ပျက်လတ္တံ့ချုပ်တာက
အန္ဒယ, အနုမာနဉာဏ်
ဒိဋ္ဌပစ္စက္ခဆိုတာက - မျက်မြင်ကိုယ်တွေ့ပဲ
အန္ဒယ, အနုမာနဆိုတာက
အစဉ်ကြံဆဆဲ။

### ဇောမကျပုံ

အဖြစ်တွေမနှောလို့လဲ - ဇောမကျနိုင်
အပျက်သဘောမို့လဲ - ဝဋ္ဋောမှာထိုင်
ဥပါဒ်ဆိုတာလဲ - သူမမှီနိုင်
ဌီဆိုတာလဲ - သူမမှီနိုင်
ပဝတ္တဆိုတာလဲ - သူမမှီနိုင်
နိမိတ္တဆိုတာလဲ - သူမမှီနိုင်။

### ကိလေသာ အဖော်ကင်းပုံ

အဖော်တွေကင်းလို့လဲ - ပျင်းစရာအခြေ
ကိလေသာတရားကလဲ - အားပျောက်လို့ခွေ
ဒိဋ္ဌိလူဆိုး - မြူအခိုးသေ
တဏှာစက်ကွင်း - လွတ်ကင်းပလေ။

### ဉာဏ်လယ်ရောက်ပုံ

အပျက်နှစ်ပါးမို့ - ဉာဏ်အားအလယ်
အာရုံပျက်လဲ - ထင်ရမယ်
ရှုစိတ်ပျက်လဲ - ထင်ရမယ်

### အမြင်နှင့် အစဉ်

အနိစ္စကို - အမြင်ဉာဏ်ဆို
ဒုက္ခ,အနတ္တကို - အစဉ်ဉာဏ်ဆို
နိဗ္ဗာန်ကို - အမြင်ဉာဏ်ဆို
ဝိရာဂဆို - အစဉ်ဉာဏ်ဆို



နိရောဓကို - အမြင်ဉာဏ်ဆို
ပဋိနိဿဂ္ဂကို - အစဉ်ဉာဏ်ဆို။

### အထင်

ကုန်တဲ့သဘောကို - အထင်ဉာဏ်ဆို
ပျက်တဲ့သဘောကို - အထင်ဉာဏ်ဆို
ဆိတ်တဲ့သဘောကို - အထင်ဉာဏ်ဆို။

### ပျက်ပုံ

ကွဲလုနီးတဲ့ - အိုးခွက်သွင်
ပြန့်ကာကြဲတဲ့ - မြူလိုပင်
ရေပြင်မိုးပေါက် - ထိခတ်စင်
ကုန်တာကိုလဲ - ဉာဏ်မှာမြင်
ပျက်တာကိုလဲ - ဉာဏ်မှာမြင်
ပြိုတာကိုလဲ - ဉာဏ်မှာမြင်။

### ပျက်စ, လယ်, ဆုံး

စင်ကြယ်စိတ်မြတ် - ပျက်အစ
ပွားမှုဥပေက္ခာ - ပျက်လယ်မှာ
ပြီးဆုံးဘာဝနာ - ပျက်ဆုံးသာ။

### ပျက်စ စ, ပျက်စ လယ်, ပျက်စ ဆုံး

နှောက်ရှက်ပိတ်ပင် - နီဝရဏစင်
ညစ်ကြေးမထင် - ကိလေစင်
အာရုံ၌ပင်၊ ပျက်စ - အစထင်

စင်ကြယ်စိတ်စဉ် - မဖျိုမပင်
သမထနိမိတ်တွင် - သူရောက်လျှင်
ပျက်စ - အလယ်ထင်
ရောက်သောစိတ်စဉ် - မဖျိုမပင်
သမထနိမိတ်တွင် - သူပြေးဝင်
ပျက်စ - အဆုံးထင်။

**ပျက်လယ် စ, ပျက်လယ် လယ်, ပျက်လယ် ဆုံး**

စိတ်မြတ်စင်ကြယ် - လျစ်လျူတွယ်
ပျက်လယ်, အစ - မှတ်ကုန်ကြ
နိမိတ်သမထာ - ရောက်စိတ်မှာ
လျစ်လျူကပ်တွယ် - ပျက်လယ်, လယ်
ကိလေသာရင်း, အဖော်ကင်း
ရှုခြင်းလျစ်လျူ - ပျက်လယ်, အဆုံးယူ။

**ဘာဝနာပြီးဆုံးပုံ**

သမာဓိ, ပညာ - စုံသောအခါ
ပြီးဆုံးဘာဝနာ - တစ်လက္ခဏာ
ကျွန္တြေငါးဖြာ - ကိလေကွာ
ပြီးဆုံးဘာဝနာ - နှစ်လက္ခဏာ
အထက်ပါ ၇ ပါး - လုံးလပွား
ပြီးဆုံးဘာဝနာ - သုံးလက္ခဏာ
အထက်ပါ ၇ ပါး - မှီဝဲငြား
ပြီးဆုံးဘာဝနာ - လေးလက္ခဏာ။



**ဝိပဿနာချိန်**

ပညာ, သမာဓိ ၂-ပါး၏၊ မြတ်ချိန်တွင်
ကျွန္တြေငါး၏၊ အလေးကိုတင်
ဝီရိယဆိုတဲ့၊ ဘောင်ကိုက်လျှင်
ဥပါဒ်, ဆိုတာလဲ၊ မှီဝဲမှုထင်
ဌီ, ဆိုတာလဲ၊ မှီဝဲမှုထင်
ဘင်, ဆိုတာလဲ၊ မှီဝဲမှုထင်။

**ဘင်္ဂဉာဏ် ပြီး၏။**

# ဘယဉာဏ်

**ဘေးထင်ပုံ**

အပျက်မြင်သောကြောင့် - ဘေးထင်၏
ဘေးထင်တာက - ဘယဉာဏ်
အပျက်ဆိုတာက - ရုပ်, နာမ်ပဲ
ဘေးထင်တာက - ယောဂီဉာဏ်ပဲ။

**ဘေးထင်မှုလက္ခဏာ**

အပျက်တွေများလို့လဲ - စိတ်ထားမတည်
ရတက်ပွေပွားသလိုပဲ - ရုပ်တရားကိုမှီ
သွားတဲ့နေရာမှာလဲ - ပျက်လို့မကြည်
ရပ်တဲ့နေရာမှာလဲ - ပျက်လို့မကြည်
ထိုင်တဲ့နေရာမှာလဲ - ပျက်လို့မကြည်
အိပ်တဲ့နေရာမှာလဲ - ပျက်လို့မကြည်။

**ဥပမာ**

သုံးယောက်သားရှိတဲ့ - မွေးမိခင်
မင်းဒဏ်သင့်လို့လဲ - ကွပ်မျက်လျှင်
သားကြီးဦးခေါင်း - မြေလျှောင်းမြင်
သားလတ်လည်ပင်း - ဖြတ်ဆဲတွင်
သားငယ်မောင်လဲ - မလွဲပင်
ပျက်ဆဲရုပ်, နာမ်တို့၏ - ကုန်တာမြင်
ပျက်ပြီးကိုလဲ - မြင်သည်ပင်
မပျက်သေးကိုလဲ - မြင်သည်ပင်။

**တစ်နည်း ဥပမာ**

မီးတွင်းသုံးခု - မြင်ရာတွင်
အပြစ်ရှိသူများ - ကျရောက်လျှင်
အတိုင်းမသိ - ဒုက္ခထင်
သုံးဘုံရောက်ငြား - သူများပင်
ဒုက္ခဝဋ်ကင်း - မလွတ်ကင်းစင်။

**ကာလ ၃-ပါး၌ ဘေးထင်ပုံ**

တစ္ဆေကြောက်သလိုလဲ - ကြောက်သည်မမည်
သူရဲကြောက်သလိုလဲ - ကြောက်သည်မမည်
ရှေ့ကရုပ်, နာမ်တွေလဲ - ပျက်ခဲ့ပြီ
ယခု ရုပ်, နာမ်တွေကလဲ - ပျက်နေသည်
နောင် ရုပ်, နာမ်တွေကလဲ - ပျက်ဦးမည်
ပိုင်းခြားရုံပင် - ကြောက်တာမြင်။



**ပဝတ္တနှင့် နိမိတ္တ ၂-ပါးစုံကြောက်ပုံ**

ပျက်စ, ထင်တာက - ပဝတ္တကိုကြောက်
ပျက်အဆုံး, ထင်တာက - နိမိတ္တကိုကြောက်
အစ,အဆုံးထင်တာက - ၂ ပါးစုံကိုကြောက်
ပဝတ္တကြောက်တာက - ဒုက္ခပဲ
နိမိတ္တကြောက်တာက - အနိစ္စပဲ
၂-ပါးစုံကြောက်တာက - အနတ္တပဲ။

**အနတ္တအာရုံ**

ရွာပျက်ကြီးလိုထင်
နတ်မြို့စသည်ကဲ့သို့ပင်
ကင်းတာကိုမြင်
သုဉ်းတာကိုမြင်
ဆိတ်တာကိုမြင်
အစောင့်မရှိ - အချည်းနှီးကိုမြင်
အနတ္တ - ဉာဏ်မှာထင်။

**မျက်မှောက်နှင့် ကြံဆ**

ပျက်ဆဲကြောက်တာက - ဒိဋ္ဌပစ္စက္ခဉာဏ်
ပျက်ပြီး, ပျက်လတံ့ကြောက်တာက
အနွယ, အနုမာနဉာဏ်
ဒိဋ္ဌ, ပစ္စက္ခဆိုတာက - မျက်မြင်, ကိုယ်တွေ့ပဲ
အနွယ, အနုမာနဆိုတာက - အစဉ်ကြံဆဆဲ
**ဘယဉာဏ် ပြီး၏။**

# အာဒီနဝဉာဏ်

## အပြစ်မြင်ပုံ

အပျက်မြင်သောကြောင့် - အပြစ်ထင်၏
အပြစ်ထင်တာက - အာဒီနဝဉာဏ်
အပျက်ဆိုတာက - ရုပ်နာမ်ပဲ
အပြစ်ထင်တာက - ယောဂီဉာဏ်ပဲ။

### ဥပမာ

အပျက်မြင်သောကြောင့် - ဘေးဟုထင်
ဘေးထင်သောကြောင့် - အပြစ်တွေမြင်
ဘုံကြီးသုံးဘုံ - မီးပုံသွင်
ဓာတ်ကြီးလေးအင် - မြွေကြီးထင်
ငါးခန္ဓာတော့ - သူသတ်ထား
ခြောက်ပါးအာယတန - ရွာသုည
ပြင်ပသူခိုး - မီးတောက်မျိုး
၇+၉ ဝိညာ၊ သတ္တဝါ။

ဥပမာအားဖြင့် သေမှာကြောက်သောစိတ်သည် ကံဘုရင်ထံသို့ သွား၍ သေခြင်းတရား၏ကင်းဝေးရာကို တောင်းရမ်းလေရာ ဓာတ်ကြီး ၄-စင်းကိုပေးလိုက်သော် ဓာတ်၏အပြစ်သဘောကို သိသော အသိဉာဏ်ဆရာ သည် ပြောပြသဖြင့် ဓာတ်ဘေးမှ ကင်းဝေးအောင် ပြေးရာတွင် ဓာတ်ကြီး ၄-ပါးတည်းဟူသော 'မြွေလေးစင်း' တို့ကလိုက်ခြင်း၊ ခန္ဓာ ၅-ပါးတည်းဟူသော သူသတ်ယောက်ျား ငါးဦးတို့လိုက်ခြင်း၊ တဏှာတရားဟူသော သူလျှို



တို့က မြှူချော့ခြင်းတို့ကြောင့် ဒွါရ ၆-ပါးတည်းဟူသော ရွာဆိုး, ရွာပျက်ကြီးသို့ ပြေးဝင်ရာ၊ အာရုံ ၆-ခဏ်း ဟူသော သူခိုးတို့က ထဖမ်းသဖြင့် အားကိုးရာကင်းသောကြောင့် ရှေ့သို့လည်းမပြေးနိုင်, နောက်သို့လည်း မဆုတ်နိုင်ဘဲ ငုတ်တုတ်ထိုင် အာရုံပြုတ်သဖြင့် တစ်ဖက်တည်းဟူသော နိဗ္ဗာန်သို့ လှမ်းတက်ရလေကုန်၏။ ထို့ကြောင့် -

သေမှာကြောက်လှတဲ့ - စိတ်သက်လယ်
ဘုရင်ကံမှောက်သို့လဲ - ရောက်ရာဝယ်
ယုယပိုက်ထွေး - ကျွေးမွေးဘွယ်
ဓာတ်ကြီး ၄ စင်း - ပေးလိုက်တယ်
ဓာတ်သဘောသိတဲ့ - အသိဉာဏ်ကွယ်
အပြစ်စုံနှောလို့လဲ - ပြောပြတယ်
ဓာတ်ဘေးကင်းဝေး - ထွက်ပြေးတယ်
ခန္ဓာငါးကလဲ - သူလိုက်တွယ်
တဏှာတရားကလဲ - အနားကဆွယ်
ဒွါရ ၆ ပါးသို့လဲ - ပြေးဝင်တယ်
အာရုံ ၆ ခဏ်း - ထဖမ်းမယ်
အားကိုးရာကင်းလှတယ် - စိတ်ရင်းသယ်
အဖော်တွေဘေးပြုလို့ - မအေးသူ့နယ်
ရှေ့ကိုပြေးပြန်လဲ - ရေပင်လယ်
နောက်သို့ဆုတ်ပြန်လဲ - ရန်သူ့နယ်
တဖက်ကမ်း - တက်လှမ်းနိဗ္ဗာန်ကွယ်။

### ဓာတ်ကြီး ၄-ပါး ကိုက်သေပုံ

ပထဝီကိုက်တော့လဲ - ကြမ်းလို့သေ
အာပေါကိုက်တော့လဲ - ယိုစီးပလေ
တေဇောကိုက်တော့လဲ - ပူလောင်နေ
ဝါယောကိုက်တော့လဲ - အပိုင်းပြတ်သေ
ဓာတ်ကြီး ၄ ပါး - မြွေနဂါးတွေ
ဤကိုယ်စွဲ၍၊ အမြဲတမ်းကိုက်၍သေ။

### ရုပ်နှင့် နာမ် သတ်ပုံ

ရုပ်တရားသတ်လို့လဲ - နာမ်တရားသေ
နာမ်တရားသတ်လို့လဲ - ရုပ်တရားသေ
ရုပ်ပင်ရုပ်ချင်း - သတ်လို့သေ
နာမ်ပင်နာမ်ချင်း - သတ်လို့သေ။

### သူသတ်ထင်ပုံ

ခန္ဓာအချင်းချင်းသတ်လို့လဲ - သူသတ်ထင်
ရှိသောခန္ဓာ၌ သူသတ်ထင်လို့လဲ - သူသတ်ထင်။

### သူလျှိုထင်ပုံ

ဝိပဿနာပညာဦးခေါင်းပြတ်လို့လဲ - သူလျှိုထင်
ယောနိသို့ကပ်လို့လဲ - သူလျှိုထင်။

### သံသရာ ၁၅-ပါးကို ပြခြင်း

ဖြစ်ပေါ်တဲ့သဘောကလဲ - သံသရာပဲ
အစဥ်စပ်တဲ့သဘောကလဲ - သံသရာပဲ။



ငါထင်တဲ့သဘောကလဲ - သံသရာပဲ
အားထုတ်တဲ့သဘောကလဲ - သံသရာပဲ
ဘဝစပ်တဲ့သဘောကလဲ - သံသရာပဲ
လာရောက်တဲ့သဘောကလဲ - သံသရာပဲ
အသစ်ဖြစ်တဲ့သဘောကလဲ - သံသရာပဲ
ကျရောက်တဲ့သဘောကလဲ -သံသရာပဲ
ဖြစ်ရတဲ့သဘောကလဲ - သံသရာပဲ
အိုရတဲ့သဘောကလဲ - သံသရာပဲ
နာရတဲ့သဘောကလဲ - သံသရာပဲ
သေရတဲ့သဘောကလဲ - သံသရာပဲ
စိုးရိမ်ရတဲ့သဘောကလဲ - သံသရာပဲ
ငိုကြွေးရတဲ့သဘောကလဲ - သံသရာပဲ
ပူလောင်ရတဲ့သဘောကလဲ - သံသရာပဲ

### ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါး
### အတိတ်

အဝိဇ္ဇာဆိုတာကလဲ - တစ်ပါးအင်္ဂါပဲ
သင်္ခါရဆိုတာကလဲ - တစ်ပါးအင်္ဂါပဲ။

### ပစ္စုပ္ပန်

ဝိညာဏ်ဆိုတာကလဲ - တစ်ပါးအင်္ဂါပဲ
နာမ်ရုပ်ဆိုတာကလဲ - တစ်ပါးအင်္ဂါပဲ
သဠာယတနဆိုတာကလဲ - တစ်ပါးအင်္ဂါပဲ။

ဖဿဆိုတာကလဲ - တစ်ပါးအင်္ဂါပဲ
ဝေဒနာဆိုတာကလဲ - တစ်ပါးအင်္ဂါပဲ
တဏှာဆိုတာကလဲ - တစ်ပါးအင်္ဂါပဲ
ဥပါဒါန်ဆိုတာကလဲ - တစ်ပါးအင်္ဂါပဲ
ဘဝဆိုတာကလဲ - တစ်ပါးအင်္ဂါပဲ

**အနာဂတ်**

ဇာတိဆိုတာကလဲ - တစ်ပါးအင်္ဂါပဲ
ဇရာမရဏဆိုတာကလဲ - တစ်ပါးအင်္ဂါပဲ
အားလုံးပေါင်းတော့ ၁၂ ပါး အင်္ဂါထဲ

**အခြားအရာ ၂၀**

အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ
ဤငါးပါးကိုလဲ - တတွဲတွဲ
ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ
ဤငါးပါးကိုလဲ - တတွဲတွဲ
တဏှာ, ဥပါဒါန်, ဘဝ, အဝိဇ္ဇာ, သင်္ခါရ
ဤငါးပါးကိုလဲ - တတွဲတွဲ
ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ
ဤငါးပါးကိုလဲ -တတွဲတွဲ
အားလုံးပေါင်းတော့ ၂၀-ထဲ။

**အကြောင်းအကျိုး**

ပထမအတွဲကိုတော့
အတိတ်အကြောင်းလို့ဆို



ဒုတိယအတွဲကိုတော့ - ပစ္စုပ္ပန်အကျိုးလို့ဆို
တတိယအတွဲကိုတော့
ပစ္စုပ္ပန်အကြောင်းလို့ဆို
စတုတ္ထအတွဲကိုတော့
အနာဂတ်အကျိုးလို့ဆို
အကြောင်းအကျိုးအားဖြင့်လဲ ၂-ခုထဲ။

**အလွှာ ၄-ပါး**

အတိတ်အကြောင်း ၅ ပါးကလဲ - တစ်လွှာပဲ
ပစ္စုပ္ပန်အကျိုး ၅ ပါးကလဲ - တစ်လွှာပဲ
ပစ္စုပ္ပန်အကြောင်း ၅ ပါးကလဲ - တစ်လွှာပဲ
အနာဂတ်အကျိုး ၅ ပါးကလဲ - တစ်လွှာပဲ
အလွှာအားဖြင့်လဲ ၄-လွှာထဲ။

**အစပ် ၃-ပါး**

လေးလွှာဖြစ်သောကြောင့် - သုံးစပ်ပဲ

**တစ်နည်း**

သင်္ခါရနှင့် ဝိညာဏ်ကလဲ - တစ်စပ်ပဲ
ဝေဒနာနှင့် တဏှာကလဲ - တစ်စပ်ပဲ
ဘဝနှင့် ဇာတိကလဲ - တစ်စပ်ပဲ
အစပ်အားဖြင့်လဲ - သုံးစပ်ထဲ။

**မူလ ၂-ပါး**
အဝိဇ္ဇာဆိုတာကလဲ - မူလတစ်ခုပဲ
တဏှာဆိုတာကလဲ - မူလတစ်ခုပဲ
အဝိဇ္ဇာကိုတော့ - မသိမှုဆို
တဏှာကိုတော့ - တပ်မက်မှုဆို။

**တစ်နည်း**
အတိတ်အကြောင်းအစကလဲ
အဝိဇ္ဇာမူလပဲ
ပစ္စုပ္ပန်အကြောင်းအစကလဲ
တဏှာမူလပဲ
အဝိဇ္ဇာမူလကို - မသိဟုဆို
တဏှာမူလကို -တပ်မက်ဟုဆို
အားလုံးပေါင်းတော့ - မူလ ၂ ခုပဲ။

**ကာလ ၃-ပါး**
အဝိဇ္ဇာ, သင်္ခါရက - အတိတ်ကာလပဲ
အလယ်ရှစ်ပါးက - ပစ္စုပ္ပန်ကာလပဲ
ဇာတိ, ဇရာမရဏက - အနာဂတ်ကာလပဲ
ကာလအားဖြင့် - သုံးပါးထဲ

**ဝဋ် ၃-ပါး**
အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ကို - ကိလေသာဝဋ်ဟုဆို
သင်္ခါရ, ကမ္မဘဝကို - ကမ္မဝဋ်ဟုဆို



ကျန်တရားအပေါင်းကို - ဝိပါကဝဋ်ဟုဆို
ဝဋ်အားဖြင့်လဲ - သုံးပါးထဲ။

**အစပ် ၃-ရပ် ဉာဏ်နှင့်ဖြတ်ပုံ**
ဝေဒနာနှင့် တဏှာအစပ်ကိုတော့
ဝိပဿနာ**ဉာဏ်**နှင့်ခွဲ
သင်္ခါရနှင့် ဝိညာဏ်အစပ်ကိုတော့
ဂေါတြဘူဉာဏ်နှင့်ခွဲ
ဘဝနှင့် ဇာတိအစပ်ကိုတော့
မဂ်ဉာဏ်နှင့်ခွဲ။
**အာဒီနဝဉာဏ် ပြီး၏။**

# နိဗ္ဗိဒဉာဏ်

**ငြီးငွေ့ပုံ**
အပျက်မြင်သောကြောင့်လဲ - ငြီးငွေ့၏
ငြီးငွေ့တာကလဲ - နိဗ္ဗိဒါဉာဏ်
အပျက်ဆိုတာကလဲ - ရုပ်နာမ်ပဲ
ငြီးငွေ့တာကလဲ - ယောဂီဉာဏ်ပဲ။

**ငြီးငွေ့ခြင်းလက္ခဏာ**
သုံးဘုံတရား၌လဲ - တစ်ပါးမှမလိုချင်
ကိုယ်စိတ် ၂-ပါးကလဲ
အပျက်များလို့ သူမရှင်

မြင်တုန်းပျက်လို့လဲ - သူ့မှာမရှင်
ကြားတုန်းပျက်လို့လဲ - သူ့မှာမရှင်
နံတုန်းပျက်လို့လဲ - သူ့မှာမရှင်
စားတုန်းပျက်လို့လဲ - သူ့မှာမရှင်
ထိတုန်းပျက်လို့လဲ - သူ့မှာမရှင်
သိတုန်းပျက်လို့လဲ - သူ့မှာမရှင်။

**နိဗ္ဗိဒါဉာဏ် ပြီး၏။**

## မုဉ္စိတုကမျတာဉာဏ်

### လွတ်လိုပုံ

အပျက်မြင်သောကြောင့် - လွတ်လို၏
လွတ်လိုတာက - မုဉ္စိတုကမျတာဉာဏ်
အပျက်ဆိုတာက - ရုပ်နာမ်ပဲ
လွတ်လိုတာက - ယောဂီဉာဏ်ပဲ။

### လွတ်ခြင်းလက္ခဏာ

ယောနိ ၄ ပါးကိုလဲ - တစ်ပါးမှသူမခင်
ကိုယ်စိတ် ၂ ပါးမှလဲ
အပျက်များလို့ - လွတ်ချင်
မြင်တုန်းပျက်လို့လဲ - လွတ်လိုချင်
ကြားတုန်းပျက်လို့လဲ - လွတ်လိုချင်
နံတုန်းပျက်လို့လဲ - လွတ်လိုချင်



စားတုန်းပျက်လို့လဲ - လွတ်လိုချင်
ထိတုန်းပျက်လို့လဲ - လွတ်လိုချင်
သိတုန်းပျက်လို့လဲ - လွတ်လိုချင်။

**မုဉ္စိတုကမျတာဉာဏ် ပြီး၏။**

## ပဋိသင်္ခါဉာဏ်

### ဆင်ခြင်ပုံ

အပျက်မြင်သောကြောင့် - ဆင်ခြင်၏
ဆင်ခြင်တာက - ပဋိသင်္ခါဉာဏ်
အပျက်ဆိုတာက - ရုပ်နာမ်ပဲ
ဆင်ခြင်တာက - ပဋိသင်္ခါဉာဏ်ပဲ။

ဤပဋိသင်္ခါဉာဏ်အရာ၌ အနိစ္စတော အစရှိသော တောလေးဆယ်တို့ကို အဋ္ဌကထာဆရာမြတ်တို့ ဖွင့်ဆိုတော်မူအပ်သည်နှင့်အညီ၊ အနိစ္စတရား ၁၀-ပါး၊ ဒုက္ခတရား ၂၅-ပါး၊ အသုဘတရား ၇-ပါး၊ အနတ္တတရား ၅-ပါးတို့ကို ထုတ်ဖော်၍ ပြဆိုပေအံ့။

### ထင်ချက်

အနိစ္စထင်ချက် - တရားဆယ်ပါး
ဒုက္ခထင်ချက် - တရား ၂၅
အသုဘထင်ချက် - တရား ၇ ပါး
အနတ္တထင်ချက် - တရား ၅ ပါး။

## အနိစ္စ ၁၀-ပါး

အနိစ္စဆိုတာကလဲ - အနိစ္စတရား
ပလောကဆိုတာကလဲ - အနိစ္စတရား
စလ ဆိုတာကလဲ - အနိစ္စတရား
ပဘင်္ဂု ဆိုတာကလဲ - အနိစ္စတရား
အဓုဝ ဆိုတာကလဲ - အနိစ္စတရား
ဝိပရိဏာမ ဆိုတာကလဲ - အနိစ္စတရား
အသာရက ဆိုတာကလဲ - အနိစ္စတရား
ဝိဘဝ ဆိုတာကလဲ - အနိစ္စတရား
သင်္ခတ ဆိုတာကလဲ - အနိစ္စတရား
မရဏ ဆိုတာကလဲ - အနိစ္စတရား
အားလုံးပေါင်းတော့ - အနိစ္စထင်ချက်
တရား ၁၀ ပါး။

## ဒုက္ခမည်သူနည်း

ဒုက္ခဆိုတာက - ဘယ်တရား
ဖြစ်တဲ့သဘောကလဲ - ဒုက္ခတရား
တည်တဲ့သဘောကလဲ - ဒုက္ခတရား
ပျက်တဲ့သဘောကလဲ - ဒုက္ခတရား
ကိုယ်, စိတ် ဆင်းရဲတဲ့သဘောကလဲ-ဒုက္ခတရား
သေတဲ့သဘောကလဲ - ဒုက္ခတရား
ရုပ်နာမ်တို့၏ ဥပါဒ်, ဋ္ဌီ, ဘင်, သင်္ခတ
သဘောကလဲ - ဒုက္ခတရား



အနုလောမ ပဋိစ္စသမုပ္ပါဒ်သဘောကလဲ
ဒုက္ခတရား
အားလုံးပေါင်းတော့လဲ ၇-ပါး။

## သညာ ၄-ပါး

နိစ္စသညာ - ကိလေသာ၊
အဝိဇ္ဇာတရားကို - မြဲတယ်ဆို။
သုခသညာ - ကိလေသာ၊
တဏှာတရားကို - ချမ်းသာဆို။
သုဘသညာ - ကိလေသာ၊
တဏှာတရားကို - တင့်တယ်ဆို။
အတ္တသညာ - ကိလေသာ၊
ဒိဋ္ဌိတရားကို - ကိုယ့်ကိုယ်ဆို။

## ဒုက္ခ ၂၅-ခု

ဒုက္ခဆိုတာကလဲ - ဒုက္ခတရား
ရောဂဆိုတာကလဲ - ဒုက္ခတရား
ဂဏ္ဍဆိုတာကလဲ - ဒုက္ခတရား
သလ္လ ဆိုတာကလဲ - ဒုက္ခတရား
အဃ ဆိုတာကလဲ - ဒုက္ခတရား
အာဗာဓ ဆိုတာကလဲ - ဒုက္ခတရား
ဤတိ ဆိုတာကလဲ - ဒုက္ခတရား
ဥပဒ္ဒဝ ဆိုတာကလဲ - ဒုက္ခတရား
ဘယ ဆိုတာကလဲ - ဒုက္ခတရား

ဥပသဂ္ဂ ဆိုတာကလဲ - ဒုက္ခတရား
အတာဏ ဆိုတာကလဲ - ဒုက္ခတရား
အလေဏ ဆိုတာကလဲ - ဒုက္ခတရား
အသရဏ ဆိုတာကလဲ - ဒုက္ခတရား
အာဒီနဝ ဆိုတာကလဲ - ဒုက္ခတရား
အဃမူလ ဆိုတာကလဲ - ဒုက္ခတရား
ဝဓက ဆိုတာကလဲ - ဒုက္ခတရား
သာသဝ ဆိုတာကလဲ - ဒုက္ခတရား
မာရာမိသ ဆိုတာကလဲ -ဒုက္ခတရား
ဇာတိဓမ္မ ဆိုတာကလဲ - ဒုက္ခတရား
ဇရာဓမ္မ ဆိုတာကလဲ - ဒုက္ခတရား
ဗျာဓိဓမ္မ ဆိုတာကလဲ - ဒုက္ခတရား
သောကဓမ္မ ဆိုတာကလဲ - ဒုက္ခတရား
ပရိဒေဝဓမ္မ ဆိုတာကလဲ - ဒုက္ခတရား
ဥပါယာသဓမ္မ ဆိုတာကလဲ - ဒုက္ခတရား
သံကိလေသိကဓမ္မ ဆိုတာကလဲ - ဒုက္ခတရား
အားလုံးပေါင်းတော့ - ဒုက္ခ ၂၅။

### အသုဘ ၇-ပါး

အဇညဆိုတာကလဲ - အသုဘတရား
ဒုဂ္ဂန္ဓဆိုတာကလဲ - အသုဘတရား
ဇေဂုစ္ဆဆိုတာကလဲ - အသုဘတရား
ပဋိကူလဆိုတာကလဲ - အသုဘတရား



အမဏ္ဍနဆိုတာကလဲ - အသုဘတရား
ဝိရူပဆိုတာကလဲ - အသုဘတရား
ဝိဂစ္ဆဆိုတာကလဲ - အသုဘတရား
အားလုံးပေါင်းတော့ အသုဘ ၇-ပါး။

### အနတ္တ ၅-ပါး

ပရ ဆိုတာကလဲ - အနတ္တတရား
ရိတ္တ ဆိုတာကလဲ - အနတ္တတရား
တုစ္ဆဆိုတာကလဲ - အနတ္တတရား
သုညဆိုတာကလဲ - အနတ္တတရား
အနတ္တဆိုတာကလဲ - အနတ္တတရား
အားလုံးပေါင်းတော့ အနတ္တ ငါးပါး။

### ဆင်ခြင်မှုလက္ခဏာ

ဘုံသုံးပါးကိုလဲ - တစ်ပါးမှမလိုချင်
အပျက်တွေများလို့လဲ - စိတ်ထားကဆင်ခြင်
မြဲတာကိုလဲ - ဘာတစ်ခုမှ သူမမြင်
ချမ်းသာတာကိုလဲ - ဘာတစ်ခုမှ သူမမြင်
တင့်တယ်တာကိုလဲ - ဘာတစ်ခုမှ သူမမြင်
အစိုးရတာကိုလဲ - ဘာတစ်ခုမှ သူမမြင်။

### ဥပမာဖြင့်ပြခြင်း

ရေနေငါးကိုလဲ - ဖမ်းယူမယ် သူပြင်
ငါးဖမ်းတဲ့ဆောင်းကိုလဲ - ချောင်းဝ၌ချစဉ်
မိလေမြွေဆိုး - ငါးမျိုးထင်

ဆောင်းဝန္နိက်သွင်း - လည်ပင်းတွင်
ဆုပ်ကိုင်ဆဲမှာလဲ - ငါးကြီးပဲသူထင်
ရေပေါ်ရောက်တော့မှ - မြွေဟောက်ကိုမြင်
အမယ်လေး မြွေကြီး - ကြက်သီးထစဉ်
ကြောက်စိတ်ဖြစ်လျှင် - အပြစ်ကိုမြင်
ငြီးငွေ့လျက်ပင် - လွတ်လိုချင်
လွတ်ကြောင်းကိုပင် - သူဆင်ခြင်
မြွေအမြီးကပင် - ပြန်ဖြေစဉ်
လက် ၂ ချောင်းကိုပင် - ခေါင်းပေါ်တင်
သုံးပတ်အစဉ် - ရမ်းမွှေ့လျှင်
ပြန်ကိုက်ဖို့ပင် - သူမမြင်
သွားလေမြွေဆိုး - ဒုက္ခမျိုး
လွတ်ပြီးကမ်းပေါ် - ပြေးတက်သော်
ပြေးလာစဉ်လမ်း - ရှုကြည့်မှန်း
ဘေးဘျမ်းအစဉ် - လွတ်တာမြင်။

**ပဋိသင်္ခါဉာဏ် ပြီး၏။**

## သင်္ခါရုပေက္ခာဉာဏ်

### လောကကို ပြခြင်း

လောကဆိုတာက - သုံးခုပြား
သတ္တလောကကလဲ - တစ်ခုတစ်ပါး
သကာသလောကကလဲ - တစ်ခုတစ်ပါး



သင်္ခါရလောကကလဲ - တစ်ခုတစ်ပါး
သတ္တဝါအပေါင်းကို - သတ္တဆို
တည်ရာဘုံအပေါင်းကို - ဩကာသဆို
၂-ပါးစုံအပေါင်းကို - သင်္ခါရဆို။

### သင်္ခါရကို ပြခြင်း

သင်္ခါရဆိုတာကလဲ၊ ၂-ခုပြား
သတ္တသင်္ခါရကလဲ၊ တစ်ခုတစ်ပါး
သုညသင်္ခါရကလဲ - တစ်ခုတစ်ပါး
ပုဂ္ဂိုလ်အပေါင်းကို - သတ္တသင်္ခါရဆို။

### တိတ္ထိတို့၏အကြံ

နိစ္စလဲ - သူ့ကိုဆို
သုခလဲ - သူ့ကိုဆို
အတ္တလဲ - သူ့ကိုဆို။

### အတ္တကို ပြခြင်း

အတ္တဆိုတာကလဲ - ၂ ခုပြား
အဇ္ဈတ္တဆိုတာကလဲ - တစ်ခုတစ်ပါး
ဗဟိဒ္ဓဆိုတာကလဲ - တစ်ခုတစ်ပါး
အဇ္ဈတ္တကို - အတ္တဆို
ဗဟိဒ္ဓကို - အတ္တနိယဆို။

**တစ်နည်း အတ္တ**

အတ္တဆိုတာကလဲ -၂ ခုပြား
သကအတ္တဆိုတာကလဲ - တစ်ခုတစ်ပါး
ပရအတ္တဆိုတာကလဲ - တစ်ခုတစ်ပါး
မိမိကိုယ်ကို - သကအတ္တဆို
သူတစ်ပါးကိုယ်ကို - ပရအတ္တဆို။

**အတ္တနိယ**

အတ္တနိယဆိုတာကလဲ -၂ ခုပြား
သကအတ္တနိယဆိုတာကလဲ - တစ်ခုတစ်ပါး
ပရအတ္တနိယဆိုတာကလဲ - တစ်ခုတစ်ပါး
မိမိဥစ္စာကို - သကအတ္တနိယဆို
သူတစ်ပါးဥစ္စာကို - ပရအတ္တနိယဆို။

**သုညသင်္ခါရကို ပြခြင်း**

သုညဆိုတာကလဲ -၂ ခုပြား
ပရမတ္ထသုညကလဲ - တစ်ခုတစ်ပါး
သင်္ခါရသုညကလဲ - တစ်ခုတစ်ပါး
နိဗ္ဗာန်သည် - ပရမတ်တရား
ခန္ဓာငါးမှဆိတ်သောကြောင့်၊
ပရမတ္ထသုညဆို။
ခန္ဓာငါးသည်၊ သတ္တသင်္ခါရမှ
ဆိတ်သောကြောင့်၊ သင်္ခါရသုညဆို။



## သင်္ခါရုပေက္ခာဉာဏ်

**အညီအညွတ်ရှုပုံ**

အပျက်မြင်သောကြောင့် - အညီအညွတ်ရှု
အညီအညွတ်ရှုတာက - သင်္ခါရုပေက္ခာဉာဏ်
အပျက်ဆိုတာက - ရုပ်နာမ်ပဲ
အညီအညွတ်ရှုတာက - သင်္ခါရုပေက္ခာဉာဏ်ပဲ။

**သတိနှင့် အတ္တပယ်ပုံ**

ချစ်သားမောဃ - မောင်ရာဇ
ထင်သောသတိနှင့်လဲ - အတ္တပယ်
လောကတရား - သုဉ်းဆိတ်ငြား
သေမင်းလွန်လို့လဲ - မမြင်နိုင်ဘွယ်
ရုပ်အနိစ္စ - ရှုမြင်က
လောကမှာလဲ - သုဉ်းဆိတ်တယ်
ဝေဒနာအနိစ္စ - ရှုမြင်က
လောကမှာလဲ - သုဉ်းဆိတ်တယ်
သညာအနိစ္စ - ရှုမြင်က
လောကမှာလဲ - သုဉ်းဆိတ်တယ်
သင်္ခါရအနိစ္စ - ရှုမြင်က
လောကမှာလဲ - သုဉ်းဆိတ်တယ်
ဝိညာဏ်အနိစ္စ - ရှုမြင်က
လောကမှာလဲ - သုဉ်းဆိတ်တယ်

ကြာဖက်ပေါ်ရောက် - မိုးရေပေါက်
လျှောကျဆင်းလို့လဲ - သန့်ရှင်းတယ်
ကြက်တောင်ကြောညှင်း - မီးမြိုက်သွင်း
တွန့်လိပ်ခြင်းဖြင့်လဲ - ကောက်ကွေ့တယ်
သုံးပါးဖြစ်ခြင်း - ဝဋ္ဋဘုံတွင်း
စိတ်ရင်းဟာကလဲ - မငြီတွယ်ဘွယ်
ဗန်းဆန်ကောတွင်း - မုန့်ညက်သွင်း
ဆင့်လေခြင်းနှင့်လဲ - တူလှတယ်
ဝါဘတ်ချင်းတွင်း - လေးကိုသွင်း
ဘတ်နေခြင်းနှင့်လဲ - တူလှတယ်
ရုပ်နာမ် ၂ - ကွင်း - အာရုံရင်း
သိမ်မွေ့ခြင်းကလဲ - ထပ်တူဟယ်
နိဗ္ဗာန်အေးခြင်း - အာရုံတွင်း
ကျဆင်းပြန်မှလဲ - လွတ်မြောက်တယ်
နိဗ္ဗာန်အေးခြင်း - အာရုံတွင်း
မကျဆင်းပြန်ကလဲ - ရုပ်နာမ်တွယ်။

## လွတ်ခြင်း လွတ်ပေါက် ပြည့်စုံပုံ

### အနိစ္စ

နှလုံးသွင်းအနိစ္စ - ကုန်ထင်က
နိမိတ်ကင်းတာမှလဲ - ထွက်ပေါက်ဟယ်
ကိလေသာတရားမှလဲ - လွတ်မြောက်တယ်
အဆုံးအဖြတ်များလို့လဲ - ယုံကြည်ဖွယ်။



### ဒုက္ခ

နှလုံးသွင်းဒုက္ခ - ဘေးထင်က
တောင့်တကင်းတာမှလဲ - ထွက်ပေါက်ဟယ်
ကိလေသာတရားမှလဲ - လွတ်မြောက်တယ်
အငြိမ်းများလို့လဲ - တည်ကြည်တယ်။

### အနတ္တ

နှလုံးသွင်းအနတ္တ - ကင်းဆိတ်က
နှလုံးသွင်းကင်းတာမှလဲ - ထွက်ပေါက်ဟယ်
ကိလေသာတရားမှလဲ - လွတ်မြောက်တယ်
အသိများလို့လဲ - အသိဉာဏ်ကျယ်။

### ပယ်နိုင်သောကိလေသာ

ဖြစ်ပြီးကိလေသာကိုလဲ - မပယ်နိုင်ပေ
ဖြစ်ဆဲကိလေသာကိုလဲ - မပယ်နိုင်ပေ
ဖြစ်လတ္တံ့ကိလေသာကိုလဲ - မပယ်နိုင်ပေ
ဖြစ်ခွင့်ကိလေသာကိုတော့ - ပယ်နိုင်သလေ။

### ဖြစ်ခွင့်

ဖြစ်ခွင့်ဆိုတာကလဲ - ဖြစ်စမဟုတ်
ဖြစ်ခွင့်ဆိုတာကလဲ - ဖြစ်လယ်မဟုတ်
ဖြစ်ခွင့်ဆိုတာကလဲ - ဖြစ်ဆုံးမဟုတ်
ဖြစ်ခွင့်ဆိုတာက - ဖြစ်ခွင့်ဟုတ်။

### ဖြစ်ခွင့် ၃-မျိုး

အဟောင်းဖြစ်ခွင့်ကိုတော့ - မဂ်ဉာဏ်နှင့်ဖြုတ်
အသစ်ဖြစ်ခွင့်ကိုတော့ - ဝိပဿနာနှင့်အုပ်
တစ်ပတ်ရစ်ဖြစ်ခွင့်ကတော့ - ဒေသနာသရုပ်။

### ဝုဋ္ဌာနဂါမိနီ ၃-မျိုး

အာရုံငါးပါးမှာလဲ - ထတဲ့တဏှာ
ဉာဏ်အစားဖြင့်လဲ - သင်္ခါရုပေက္ခာ
ဒေသနာက - ပြတဲ့နာမည်ဟာ
နာနတ္တ - နာနတ္တသိတာ
ဝေဒနာတရားမှလဲ - ထတဲ့တဏှာ
ဉာဏ်အစားအားဖြင့်လဲ - အနုလောမာ
ဒေသနာက - ပြတဲ့နာမည်ဟာ
ဧကတ္တ - ဧကတ္တသိတာ
တမ္မာယတရားမှလဲ - ထတဲ့တဏှာ
ဉာဏ်အစားအားဖြင့်လဲ - ဂေါတြဘူသာ
ဒေသနာက - ပြတဲ့နာမည်ဟာ
(အတမ္မာ) အတမ္မယတာ။

လက်သည်းကွင်းဖြင့်ပြသော (အတမ္မာ)ကား သဒ္ဒါကျမ်းအလို ပဒပူရဏ၊ အလင်္ကာကျမ်းအလို ပဒါလင်္ကာရ ဆို၏။



## သင်္ခါရုပေက္ခာဉာဏ်အစ - မဂ်ဉာဏ်တိုင်အောင်ပြခြင်း

မြင်တုန်းပျက်မှု - လျစ်လျူရှု
ကြားတုန်းပျက်မှု - လျစ်လျူရှု
နံတုန်းပျက်မှု - လျစ်လျူရှု
စားတုန်းပျက်မှု - လျစ်လျူရှု
ထိတုန်းပျက်မှု - လျစ်လျူရှု
မြင်ပျက်သုံးချက် - ဆင့်ကာတက်
လေးအပျက်ကုန် - ငါးအစုံချုပ်
၆ + နှင့် + ၇ အကျိုးဖြစ်။ ။ (မန္တ)

ဤစကား၌ မြင်ပျက်သုံးပျက်အနက် နောက်ဆုံးအပျက်ကား ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ၏ ဝိပဿနာ စိတ္တုပ္ပါဒ်အာရုံ အဆုံး ဖြစ်၏။ လေးအပျက်ကုန်သည် ဆိုသည်ကား ဂေါတြဘူဉာဏ်ကို ရည်ညွှန်းထားသောကြောင့် ရုပ်နာမ်ကုန်ခြင်း, ချုပ်ခြင်းမျှသာ ဖြစ်၏။ ကိလေသာကား မချုပ်သေးဘဲဖြစ်သောကြောင့် ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိအာရုံထဲသို့လည်း သူမဝင်၊ ဉာဏဒဿန ဝိသုဒ္ဓိအာရုံသို့လည်း မရောက်နိုင်၊ သုဒ္ဓိ ၂-ပါးတို့၏ အကြား၌ ဖြစ်၍၊ သုဒ္ဓိ မခေါ်ဝေါ်လောက်သော စစ်ချက်ဖြစ်၏။ ငါးအစုံချုပ် ဟူသော စစ်ချက်, ၆ + နှင့် + ၇ အကျိုးဖြစ်သော စစ်ချက်တို့သည်ကား ဉာဏဒဿန ဝိသုဒ္ဓိမည်၏။

**ပရိကံဇော စသည်ကို ပြခြင်း**

ပရိကံဇောကလဲ - ရုပ်နာမ်မသေ
ဥပစာဇောကလဲ - ရုပ်နာမ်မသေ
အနုလုံဇောကလဲ - ရုပ်နာမ်မသေ
ဂေါတြဘူဇောကျတော့ - ရုပ်နာမ်သေ
မဂ်ဇောကျမှ ၂ - ပါးစုံသေ။

သင်္ခါရုပေက္ခာဉာဏ် ပြီး၏။
ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ ပြီး၏။

## ၇။ ဉာဏဒဿနဝိသုဒ္ဓိအခန်း

## မဂ်ဉာဏ်

အကြောင်း - ကိလေသာ၊ အကျိုး - ခန္ဓာ
အစုံချုပ်တာကို၊ မဂ်ဉာဏ်ဆို
မြင်ပျက် ၂-ချက်၊ ဆင့်ကာတက်
သုံးအပျက်ကုန် - လေးအစုံချုပ်
၅ + ၆ + ၇ - အကျိုးဖြစ်။ ။ (တိက္ခ)
ကြားပျက်သုံးပျက် - ဆင့်ကာတက်
လေးအပျက်ကုန် - ငါးအစုံချုပ်
၆ + နှင့် + ၇ - အကျိုးဖြစ်။ ။ (မန္ဒ)
နံပျက်သုံးပျက် - ဆင့်ကာတက်
လေးအပျက်ကုန် - ငါးအစုံချုပ်
၆ + နှင့် + ၇ - အကျိုးဖြစ်။ ။ (မန္ဒ)



စားပျက်သုံးပျက် - ဆင့်ကာတက်
လေးအပျက်ကုန် - ငါးအစုံချုပ်
၆ + နှင့် + ၇ - အကျိုးဖြစ်။ ။ (မန္ဒ)
ထိပျက်သုံးပျက် - ဆင့်ကာတက်
လေးအပျက်ကုန် - ငါးအစုံချုပ်
၆ + နှင့် + ၇ - အကျိုးဖြစ်။ ။ (မန္ဒ)

**မဂ်မှား, မဂ်မှန် သိနိုင်ရန်**

ဝိပဿနာဘုံ-ခန္ဓာ,နာမ်ရုပ်,သင်္ခါရ အာရုံသည် အာရုံပြုသော အားဖြင့် ကိလေသာ၏အတွင်းဖြစ်သော 'အဇ္ဈတ္တ'။ နိဗ္ဗာန်သည် အာရုံမပြုသောအားဖြင့် ကိလေသာမှအပဖြစ်သောကြောင့် 'ဗဟိရ'။ ဝိပဿနာစိတ် သည် အာရုံပြုသောအားဖြင့် ကိလေသာ၏အတွင်း ဖြစ်သော ဝိပဿနာဘုံ ခန္ဓာ,နာမ်,ရုပ်,သင်္ခါရ အာရုံ၌ တည်သော ကြောင့် 'အဇ္ဈတ္တဋ္ဌစိတ်'။ မဂ်စိတ်သည် အာရုံပြုသောအားဖြင့် ကိလေသာမှအပဖြစ်သော နိဗ္ဗာန်၌တည်သောကြောင့် 'ဗဟိရဋ္ဌ စိတ်'။

ဤအဇ္ဈတ္တဋ္ဌ,ဗဟိရဋ္ဌစိတ် ၂-တို့တွင် အဇ္ဈတ္တဋ္ဌစိတ်၏ အာရုံ သင်္ခါရကို ဆင်ခြင်သဖြင့် ၎င်းစိတ်ကို 'မဂ်မှား' ဟုသိအပ်၏။ ဗဟိရဋ္ဌစိတ်၏ အာရုံနိဗ္ဗာန်ကို ဆင်ခြင်သဖြင့် ၎င်းစိတ်ကို 'မဂ်မှန်' ဟုသိအပ်၏။

**နိဗ္ဗာန်**

အကြောင်းနှင့်အကျိုးစပ်၍လဲ
မပြတ်ဖြစ်တဲ့ - ရုပ်,နာမ်တွေ
လုံးဝပြတ်ကင်းသဖြင့် - ချုပ်ငြိမ်းခြင်း

သဘောမျှပဲ - နိဗ္ဗာန်ပေ
ချုပ်ငြိမ်းမှု - နိဗ္ဗာန်
ခံစားမှု - ဖိုလ်ဉာဏ်
ဆင်ခြင်မှု - မဟာပစ္စဝေက္ခဏာ
အနုလုံဇောကလဲ - ကိလေသာပဟာန်
မဂ်ဇောကျတော့မှ - အမတရတဲ့သောတာပန်။

**သောတာပန်၏ ပစ္စဝေက္ခဏာဇော ၅-ကြိမ်**

မဂ်ဇောဆိုတာလဲ - ကျခဲ့ပြီ
ဖိုလ်ဇောဆိုတာလဲ - ကျခဲ့ပြီ
နိဗ္ဗာန်ကိုလဲ - ရခဲ့ပြီ
ယူမှားမှု - ဒိဋ္ဌိရယ်, ယုံမှားမှု - ဝိစိကိစ္ဆာရယ်
ကိလေသာ ၂ ပါးကလဲ - ပယ်ခဲ့ပြီ
ပြစ်မှားမှု - ဒေါသရယ်
မိုက်မှားမှု - မောဟရယ်
တပ်မက်မှု - လောဘရယ်
ထောင်လွှားမှု - မာနရယ်
ကိလေသာ ၄ ပါးတော့ ကျန်သေးသည်။

**ဓမ္မာဒါသသုတ်လာ သောတာပန်၏ယုံကြည်မှု**

ငရဲလဲ - ငါမရောက်တော့ပြီ
တိရစ္ဆာန်လဲ - ငါမဖြစ်တော့ပြီ
ပြိတ္တာလဲ - ငါမဖြစ်တော့ပြီ
အပါယ်ကျဖို့သဘောလဲ - ငါ့မှာမရှိပြီ
သောတာပန်လဲ - ငါဖြစ်ပြီ



အထက်မဂ်သုံးပါးသာ - လားရာရှိသည်
ဘုရား၌လဲ - ယုံကြည်သဒ္ဓါ
တရား၌လဲ - ယုံကြည်သဒ္ဓါ
သံဃာ၌လဲ - ယုံကြည်သဒ္ဓါ
လာဘ်ထိုး,လိမ်လည်,
ခြိမ်းခြောက်လို့ - မရတော့ပြီ

**သောတာပန်စိတ်ထား ၇-မျိုး**

ဆူပွက်တရားကိုလဲ - ဆင်ခြင်တာ
ပဌမ မဟာပစ္စဝေက္ခဏာ
ပိတ်ဖုံးတရားကိုလဲ - ဆင်ခြင်တာ
ဒုတိယ - မဟာပစ္စဝေက္ခဏာ
ဤသာသနာပြင်ပ - မဂ်မရတာ
တတိယ - မဟာပစ္စဝေက္ခဏာ
သင့်တဲ့အပြစ်မှ - လျင်မြင်စွာ
စတုတ္ထ - မဟာပစ္စဝေက္ခဏာ
ဝိပဿနာအလုပ်သာ - ငဲ့ကွက်တာ
ပဉ္စမ - မဟာပစ္စဝေက္ခဏာ
တရားနာခြင်း၌ - မတင်းတိမ်တာ
ဆဋ္ဌမ - မဟာပစ္စဝေက္ခဏာ
နာတဲ့တရား၏ - သဘောသိတာ
သတ္တမ - မဟာပစ္စဝေက္ခဏာ
ဤ ၇ ပါးကို - ဆင်ခြင်တာ
သောတာပန်အစစ်မို့သာ။

**ဖလသမာပတ်**

**အရသာ**

မင်းအပေါင်းတို့ကလဲ - မင်း၏စည်းစိမ်ကို
အစဉ်ခံစားခြင်း၌လဲ - မတင်းတိမ်သလို
နတ်အပေါင်းတို့ကလဲ - နတ်၏စည်းစိမ်ကို
အစဉ်ခံစားခြင်း၌လဲ - မတင်းတိမ်သလို
အရိယာအပေါင်းတို့ကလဲ - ဖလသမာပတ်ကို
အစဉ်ဝင်စားခြင်း၌ - မတင်းတိမ်သလို။

**ဉာဏဒဿန ဝိသုဒ္ဓိပြီး၏။**

ဤသို့ သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏ ဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ, ဉာဏဒဿနဝိသုဒ္ဓိဟု ဆိုအပ်သော ဝိသုဒ္ဓိ ၇-ပါး 'မင်းကွန်းသွား' သည် ဤတွင် တစ်ရပ် အပြီးသတ်သတည်း။

**ဝိသုဒ္ဓိ ၇-ပါး မင်းကွန်းသွား ပြီး၏။**



**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

# နိဗ္ဗာန်တရား မင်းကွန်းသွား

## နိဗ္ဗာန် ၁၂ - မျိုး ထင်ပုံ

အဝိဇ္ဇာချုပ်တာမြင် - နိဗ္ဗာန်ဉာဏ်မှာထင်
သင်္ခါရချုပ်တာမြင် - နိဗ္ဗာန်ဉာဏ်မှာထင်
ဝိညာဏ်ချုပ်ထာမြင် - နိဗ္ဗာန်ဉာဏ်မှာထင်
နာမ်ရုပ်ချုပ်တာမြင် - နိဗ္ဗာန်ဉာဏ်မှာထင်
သဠာယတနချုပ်တာမြင် - နိဗ္ဗာန်ဉာဏ်မှာထင်
ဖဿချုပ်တာမြင် - နိဗ္ဗာန်ဉာဏ်မှာထင်
ဝေဒနာချုပ်တာမြင် - နိဗ္ဗာန်ဉာဏ်မှာထင်
တဏှာချုပ်တာမြင် - နိဗ္ဗာန်ဉာဏ်မှာထင်
ဥပါဒါန်ချုပ်တာမြင် - နိဗ္ဗာန်ဉာဏ်မှာထင်
ဘဝချုပ်တာမြင် - နိဗ္ဗာန်ဉာဏ်မှာထင်
ဇာတိချုပ်တာမြင် - နိဗ္ဗာန်ဉာဏ်မှာထင်
ဇရာမရဏချုပ်တာမြင် - နိဗ္ဗာန်ဉာဏ်မှာထင်။

အဝိဇ္ဇာယတွေဝ ဘိက္ခဝေ အသေသဝိရာဂ နိရောဓာ, သင်္ခါရ နိရောဓော၊ သင်္ခါရ နိရောဓာ, ဝိညာဏ နိရောဓော၊ ဝိညာဏနိရောဓာ, နာမရူပ နိရောဓော၊ နာမရူပ နိရောဓာ, သဠာယတန နိရောဓော၊ သဠာယတန နိရောဓာ, ဖဿနိရောဓော၊ ဖဿနိရောဓာ, ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ, တဏှာ နိရောဓော၊ တဏှာနိရောဓာ, ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ,

ဘဝနိရောဓော၊ ဘဝနိရောဓာ, ဇာတိနိရောဓော၊ ဇာတိနိရောဓာ, ဇရာ မရဏံ သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ။ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

**(မဟာဝါ ပါဠိတော်)။**

## နိဗ္ဗာန်ထင်ပုံ ၆၀

ဖြစ်သောသဘောကိုတော့ - ဘေးလို့ထင်
မဖြစ်သောသဘောကိုတော့ - ဘေးအေးမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။

ယောဂီပုဂ္ဂိုလ်၏အသိဉာဏ် လျှင်မြန်သောပုဒ်အနက်ကိုသာ ဆိုသည်၊ မဆိုသော်လည်း ကြွင်းသောဒုက်ပုဒ် ကောက်ချက်ထုတ်ပုံ အာရုံရှိပြီးမှတ်။

အစဉ်စပ်သောသဘောကိုတော့ - ဘေးလို့ထင်
အစဉ်ပြတ်သောသဘောကိုတော့ - ဘေးအေးမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
နိမိတ်ထင်သောသဘောကိုတော့ - ဘေးလို့ထင်
နိမိတ်မထင်သောသဘောကိုတော့ - ဘေးအေးမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
အားထုတ်သောသဘောကိုတော့ - ဘေးလို့ထင်
အားမထုတ်သောသဘောကိုတော့ - ဘေးအေးမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
ဘဝစပ်သောသဘောကိုတော့ - ဘေးလို့ထင်
ဘဝပြတ်သောသဘောကိုတော့ - ဘေးအေးမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။



လာရောက်သောသဘောကိုတော့ - ဘေးလို့ထင်
မလာရောက်သောသဘောကိုတော့ - ဘေးအေးမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
အသစ်ဖြစ်သောသဘောကိုတော့ - ဘေးလို့ထင်
အသစ်မဖြစ်သောသဘောကိုတော့ - ဘေးအေးမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
ကျသောသဘောကိုတော့ - ဘေးလို့ထင်
မကျသောသဘောကိုတော့ - ဘေးအေးမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
ဖြစ်သောသဘောကိုတော့ - ဘေးလို့ထင်
မဖြစ်သောသဘောကိုတော့ - ဘေးအေးမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
အိုသောသဘောကိုတော့ - ဘေးလို့ထင်
မအိုသောသဘောကိုတော့ - ဘေးအေးမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
နာသောသဘောကိုတော့ - ဘေးလို့ထင်
မနာသောသဘောကိုတော့ - ဘေးအေးမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
သေသောသဘောကိုတော့ - ဘေးလို့ထင်
မသေသောသဘောကိုတော့ - ဘေးအေးမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။

စိုးရိမ်သောသဘောကိုတော့ - ဘေးလို့ထင်
မစိုးရိမ်သောသဘောကိုတော့ - ဘေးအေးမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
ငိုကြွေးသောသဘောကိုတော့ - ဘေးလို့ထင်
မငိုကြွေးသောသဘောကိုတော့ - ဘေးအေးမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
ပူလောင်သောသဘောကိုတော့ - ဘေးလို့ထင်
မပူလောင်သောသဘောကိုတော့ - ဘေးအေးမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။

ဤသို့ မစိုးရိမ်သော အသောကသဘော, မငိုကြွေးသော အပရိဒေဝသဘော, မပူလောင်သော အနုပါယာသ သဘော ရှိသော သုံးပုဒ် ကောက်ချက်ထုတ်ရာ၌ ရဟန္တာပင်ဖြစ်သော်လည်း အကြောင်း ၁၀-မျိုး၊ အကျိုး ၁၀- ပါးတို့တွင် ယခု အကျိုး ၅- ပါးတို့၏ ဇာတိမဖြစ်သည်မဟုတ်၊ ဖြစ်သောကြောင့် အပြစ်မလွတ်၊ ဤသို့ပင် အပြစ်မလွတ်သော်လည်း 'ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံယဿ နကမ္ပတိ၊ အသောကံ ဝိရဇံ ခေမံ' ဟု ဟောတော်မူသည်ကိုထောက်၍ အသောက, အပရိဒေဝ, အနုပါယာသတို့၏ ဇာတိ၏ ပစ္စယသတ္တိ ချုပ်သည်ကို မဖြစ်သောသဘောသို့ သွင်းယူလျှင် အပြစ်လွတ်သည်ပင်တည်း။

ဤသို့ ဥပ္ပါဒ, ပဝတ္တ, နိမိတ္တ, အာယူဟန, ပဋိသန္ဓိ, ဂတိ, နိဗ္ဗတ္တိ, ဥပပတ္တိ, ဇာတိ, ဇရာ, ဗျာဓိ, မရဏ, သောက, ပရိဒေဝ, ဥပါယာသ ၁၅-ပုဒ်တို့ကို ဘယနှင့်တွဲ၍၊ အနုပ္ပါဒ, အပဝတ္တ, အနိမိတ္တ, အနာယူဟန, အပ္ပဋိသန္ဓိ, အဂတိ, အနိဗ္ဗတ္တိ, အနုပပတ္တိ, အဇာတိ, အဇရာ, အဗျာဓိ, အမတံ, အသောကော, အပရိဒေဝေါ, အနုပါယာသောတို့ကို ခေမနှင့်တွဲ၍ နိဗ္ဗာန်ထင်ပုံ ၁၅-ပါး ဖြစ်သတည်း။



ဖြစ်သောသဘောကိုတော့ - ဒုက္ခထင်
မဖြစ်သောသဘောကိုတော့ - သုခမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
အစဉ်စပ်သောသဘောကိုတော့ - ဒုက္ခထင်
အစဉ်ပြတ်သောသဘောကိုတော့ - သုခမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
နိမိတ်ထင်သောသဘောကိုတော့ - ဒုက္ခထင်
နိမိတ်မထင်သောသဘောကိုတော့ - သုခမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
အားထုတ်သောသဘောကိုတော့ - ဒုက္ခထင်
အားမထုတ်သောသဘောကိုတော့ - သုခမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
ဘဝစပ်သောသဘောကိုတော့ - ဒုက္ခထင်
ဘဝပြတ်သောသဘောကိုတော့ - သုခမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
လာရောက်သောသဘောကိုတော့ - ဒုက္ခထင်
မလာရောက်သောသဘောကိုတော့ - သုခမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။

အသစ်ဖြစ်သောသဘောကိုတော့ - ဒုက္ခထင်
အသစ်မဖြစ်သောသဘောကိုတော့ - သုခမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
ကျသောသဘောကိုတော့ - ဒုက္ခထင်
မကျသောသဘောကိုတော့ - သုခမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
ဖြစ်သောသဘောကိုတော့ - ဒုက္ခထင်
မဖြစ်သောသဘောကိုတော့ - သုခမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
အိုသောသဘောကိုတော့ - ဒုက္ခထင်
မအိုသောသဘောကိုတော့ - သုခမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
နာသောသဘောကိုတော့ - ဒုက္ခထင်
မနာသောသဘောကိုတော့ - သုခမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
သေသောသဘောကိုတော့ - ဒုက္ခထင်
မသေသောသဘောကိုတော့ - သုခမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
စိုးရိမ်သောသဘောကိုတော့ - ဒုက္ခထင်
မစိုးရိမ်သောသဘောကိုတော့ - သုခမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။



ငိုကြွေးသောသဘောကိုတော့ - ဒုက္ခထင်
မငိုကြွေးသောသဘောကိုတော့ - သုခမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။

ဤသို့ ဥပ္ပါဒ, ပဝတ္တ, နိမိတ္တ, အာယူဟန, ပဋိသန္ဓိ, ဂတိ, နိဗ္ဗတ္တိ, ဥပပတ္တိ, ဇာတိ, ဇရာ, ဗျာဓိ, မရဏ, သောက, ပရိ ဒေဝ, ဥပါယာသ ၁၅-ပုဒ်တို့ကို ဒုက္ခနှင့်တွဲ၍ အနုပ္ပါဒ, အပဝတ္တ, အနိမိတ္တ, အနာယူဟန, အပ္ပဋိသန္ဓိ, အဂတိ, အနိဗ္ဗတ္တိ, အနုပပတ္တိ, အဇာတိ, အဇရာ, အဗျာဓိ, အမတံ, အသောကော, အပရိဒေဝေါ, အနုပါယာသော တို့ကို သုခနှင့်တွဲ၊ နိဗ္ဗာန်ထင်ပုံ ၁၅-ပါးဖြစ်သတည်း။

ဖြစ်သောသဘောကိုတော့ - ဝဋ္ဋတွင်းထင်
မဖြစ်သောသဘောကိုတော့ - ဝဋ္ဋကင်းမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
အစဉ်စပ်သောသဘောကိုတော့ - ဝဋ္ဋတွင်းထင်
အစဉ်ပြတ်သောသဘောကိုတော့ - ဝဋ္ဋကင်းမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
နိမိတ်ထင်သောသဘောကိုတော့ - ဝဋ္ဋတွင်းထင်
နိမိတ်မထင်သောသဘောကိုတော့ - ဝဋ္ဋကင်းမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
အားထုတ်သောသဘောကိုတော့ - ဝဋ္ဋတွင်းထင်
အားမထုတ်သောသဘောကိုတော့ - ဝဋ္ဋကင်းမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။

ဘဝစပ်သောသဘောကိုတော့ - ဝင့်တွင်းထင်
ဘဝပြတ်သောသဘောကိုတော့ - ဝင့်ကင်းမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
လာရောက်သောသဘောကိုတော့ - ဝင့်တွင်းထင်
မလာရောက်သောသဘောကိုတော့ - ဝင့်ကင်းမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
အသစ်ဖြစ်သောသဘောကိုတော့ - ဝင့်တွင်းထင်
အသစ်မဖြစ်သောသဘောကိုတော့ - ဝင့်ကင်းမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
ကျသောသဘောကိုတော့ - ဝင့်တွင်းထင်
မကျသောသဘောကိုတော့ - ဝင့်ကင်းမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
ဖြစ်သောသဘောကိုတော့ - ဝင့်တွင်းထင်
မဖြစ်သောဘောကိုတော့ - ဝင့်ကင်းမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
အိုသောသဘောကိုတော့ - ဝင့်တွင်းထင်
မအိုသောသဘောကိုတော့ - ဝင့်ကင်းမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
နာသောသဘောကိုတော့ - ဝင့်တွင်းထင်
မနာသောသဘောကိုတော့ - ဝင့်ကင်းမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။



သေသောသဘောကိုတော့ - ဝင့်တွင်းထင်
မသေသောသဘောကိုတော့ - ဝင့်ကင်းမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
စိုးရိမ်သောသဘောကိုတော့ - ဝင့်တွင်းထင်
မစိုးရိမ်သောသဘောကိုတော့ - ဝင့်ကင်းမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
ငိုကြွေးသောသဘောကိုတော့ - ဝင့်တွင်းထင်
မငိုကြွေးသောသဘောကိုတော့ - ဝင့်ကင်းမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
ပူလောင်သောသဘောကိုတော့ - ဝင့်တွင်းထင်
မပူလောင်သောသဘောကိုတော့ - ဝင့်ကင်းမြင်
နိဗ္ဗာန်ဉာဏ်မှာထင်။

ဤသို့ ဥပ္ပါဒ, ပဝတ္တ, နိမိတ္တ, အာယူဟန, ပဋိသန္ဓိ, ဂတိ, နိဗ္ဗတ္တိ, ဥပပတ္တိ, ဇာတိ, ဇရာ, ဗျာဓိ, မရဏ, သောက, ပရိ ဝေဒ, ဥပါယာသ ၁၅ - ပုဒ်တို့ကို သာမိသနှင့်တွဲ၍ အနုပ္ပါဒ, အပဝတ္တ, အနိမိတ္တ, အနာယူဟန, အပ္ပဋိသန္ဓိ, အဂတိ, အနိဗ္ဗတ္တိ, အနုပပတ္တိ, အဇာတိ, အဇရာ, အဗျာဓိ, အမတံ, အသောကော, အပရိဒေဝေါ, အနုပါယာသောတို့ကို နိရာမိသနှင့်တွဲ၍ နိဗ္ဗာန်ထင်ပုံ ၁၅-ပါးဖြစ်သတည်း။

ဖြစ်သောသဘောကိုတော့ - ရုပ်နာမ်ထင်
မဖြစ်သောသဘောကိုတော့ - နိဗ္ဗာန်မြင်
နိဗ္ဗာန်ဉာဏ်မှာထင်။

အစဉ်စပ်သောသဘောကိုတော့ - ရုပ်နာမ်ထင်
အစဉ်ပြတ်သောသဘောကိုတော့ - နိဗ္ဗာန်မြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
နိမိတ်ထင်သောသဘောကိုတော့ - ရုပ်နာမ်ထင်
နိမိတ်မထင်သောသဘောကိုတော့ - နိဗ္ဗာန်မြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
အားထုတ်သောသဘောကိုတော့ - ရုပ်နာမ်ထင်
အားမထုတ်သောသဘောကိုတော့ - နိဗ္ဗာန်မြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
ဘဝစပ်သောသဘောကိုတော့ - ရုပ်နာမ်ထင်
ဘဝမစပ်သောသဘောကိုတော့ - နိဗ္ဗာန်မြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
လာရောက်သောသဘောကိုတော့ - ရုပ်နာမ်ထင်
မလာရောက်သောသဘောကိုတော့ - နိဗ္ဗာန်မြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
အသစ်ဖြစ်သောသဘောကိုတော့ - ရုပ်နာမ်ထင်
မသစ်မဖြစ်သောသဘောကိုတော့ - နိဗ္ဗာန်မြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
ကျသောသဘောကိုတော့ - ရုပ်နာမ်ထင်
မကျသောသဘောကိုတော့ - နိဗ္ဗာန်မြင်
နိဗ္ဗာန်ဉာဏ်မှာထင်။



ဖြစ်သောသဘောကိုတော့ - ရုပ်နာမ်ထင်
မဖြစ်သောသဘောကိုတော့ - နိဗ္ဗာန်မြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
အိုသောသဘောကိုတော့ - ရုပ်နာမ်ထင်
မအိုသောသဘောကိုတော့ - နိဗ္ဗာန်မြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
နာသောသဘောကိုတော့ - ရုပ်နာမ်ထင်
မနာသောသဘောကိုတော့ - နိဗ္ဗာန်မြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
သေသောသဘောကိုတော့ - ရုပ်နာမ်ထင်
မသေသောသဘောကိုတော့ - နိဗ္ဗာန်မြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
စိုးရိမ်သောသဘောကိုတော့ - ရုပ်နာမ်ထင်
မစိုးရိမ်သောသဘောကိုတော့ - နိဗ္ဗာန်မြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
ငိုကြွေးသောသဘောကိုတော့ - ရုပ်နာမ်ထင်
မငိုကြွေးသောသဘောကိုတော့ - နိဗ္ဗာန်မြင်
နိဗ္ဗာန်ဉာဏ်မှာထင်။
ပူလောင်သောသဘောကိုတော့ - ရုပ်နာမ်ထင်
မပူလောင်သောသဘောကိုတော့ - နိဗ္ဗာန်မြင်
နိဗ္ဗာန်ဉာဏ်မှာထင်။

ဤသို့ ဥပ္ပါဒ, ပဝတ္တ, နိမိတ္တ, အာယူဟန, ပဋိသန္ဓိ, ဂတိ, နိဗ္ဗတ္တိ, ဥပပတ္တိ, ဇာတိ, ဇရာ, ဗျာဓိ, မရဏ, သောက, ပရိဒေဝ, ဥပါယာသ ၁၅ - ပုဒ်တို့ကို သင်္ခါရနှင့်တွဲ၍ အနုပ္ပါဒ, အပဝတ္တ, အနိမိတ္တ, အနာယူဟန, အပ္ပဋိသန္ဓိ, အဂတိ, အနိဗ္ဗတ္တိ, အနုပပတ္တိ, အဇာတိ, အဇရာ, အဗျာဓိ, အမတံ, အသောကော, အပရိဒေဝေါ, အနုပါယာသောတို့ကို နိဗ္ဗာနနှင့်တွဲ၍ နိဗ္ဗာန်ထင်ပုံ ၁၅-ပုဒ်ဖြစ်သတည်း။

ဤသို့လျှင် ဘယ, ခေမနှင့် ၁၅ - ပုဒ်။ ဒုက္ခ, သုခနှင့် ၁၅ ပုဒ်။ သာမိသ, နိရာမိသ နှင့် ၁၅ - ပုဒ်။ သင်္ခါရ, နိဗ္ဗာန နှင့် ၁၅ ပုဒ်။ ပေါင်းသော် နိဗ္ဗာန်ထင်ပုံ ၆၀ - ဖြစ်သတည်း။

## နိဗ္ဗာန်ထင်ပုံ - ၄၀

'အနိစ္စချုပ်တာမြင်' - နိဗ္ဗာန်ဉာဏ်မှာထင်
ဒုက္ခချုပ်တာမြင် - 'နိဗ္ဗာန်ဉာဏ်မှာထင်'
'ရောဂချုပ်တာမြင်' - နိဗ္ဗာန်ဉာဏ်မှာထင်
ဂဏ္ဍချုပ်တာမြင် - 'နိဗ္ဗာန်ဉာဏ်မှာထင်'
'သလ္လချုပ်တာမြင်' - နိဗ္ဗာန်ဉာဏ်မှာထင်
အဃချုပ်တာမြင် - 'နိဗ္ဗာန်ဉာဏ်မှာထင်'
'အာဗာဓချုပ်တာမြင်' - နိဗ္ဗာန်ဉာဏ်မှာထင်
ပရချုပ်တာမြင် - 'နိဗ္ဗာန်ဉာဏ်မှာထင်'
'ပလောကချုပ်တာမြင်' - နိဗ္ဗာန်ဉာဏ်မှာထင်
ဤတိချုပ်တာမြင် - 'နိဗ္ဗာန်ဉာဏ်မှာထင်'
'ဥပဒ္ဒဝချုပ်တာမြင်' - နိဗ္ဗာန်ဉာဏ်မှာထင်
ဘယချုပ်တာမြင် - 'နိဗ္ဗာန်ဉာဏ်မှာထင်'



'ဥပသဂ္ဂချုပ်တာမြင်' - နိဗ္ဗာန်ဉာဏ်မှာထင်
စလချုပ်တာမြင် - 'နိဗ္ဗာန်ဉာဏ်မှာထင်'
'ပဘင်္ဂုချုပ်တာမြင်' - နိဗ္ဗာန်ဉာဏ်မှာထင်
အဓုဝချုပ်တာမြင် - 'နိဗ္ဗာန်ဉာဏ်မှာထင်'
'အတာဏချုပ်တာမြင်' - နိဗ္ဗာန်ဉာဏ်မှာထင်
အလေဏချုပ်တာမြင် - 'နိဗ္ဗာန်ဉာဏ်မှာထင်'
'အသရဏချုပ်တာမြင်' - နိဗ္ဗာန်ဉာဏ်မှာထင်
ရိတ္တချုပ်တာမြင် - 'နိဗ္ဗာန်ဉာဏ်မှာထင်'
'တုစ္ဆချုပ်တာမြင်' - နိဗ္ဗာန်ဉာဏ်မှာထင်
သုညချုပ်တာမြင် - 'နိဗ္ဗာန်ဉာဏ်မှာထင်'
'အနတ္တချုပ်တာမြင်' - နိဗ္ဗာန်ဉာဏ်မှာထင်
အာဒီနဝချုပ်တာမြင် - 'နိဗ္ဗာန်ဉာဏ်မှာထင်'
'ဝိပရိဏာမဓမ္မချုပ်တာမြင်' - နိဗ္ဗာန်ဉာဏ်မှာထင်
အသာရကချုပ်တာမြင် - 'နိဗ္ဗာန်ဉာဏ်မှာထင်'
'အဃမူလချုပ်တာမြင်' - နိဗ္ဗာန်ဉာဏ်မှာထင်
ဝဓကချုပ်တာမြင် - 'နိဗ္ဗာန်ဉာဏ်မှာထင်'
'ဝိဘဝချုပ်တာမြင်' - နိဗ္ဗာန်ဉာဏ်မှာထင်
သာသဝချုပ်တာမြင် - 'နိဗ္ဗာန်ဉာဏ်မှာထင်'
'သင်္ခတချုပ်တာမြင်' - နိဗ္ဗာန်ဉာဏ်မှာထင်
မာရာမိသချုပ်တာမြင် - 'နိဗ္ဗာန်ဉာဏ်မှာထင်'
'ဇာတိဓမ္မချုပ်တာမြင်' - နိဗ္ဗာန်ဉာဏ်မှာထင်
ဇရာဓမ္မချုပ်တာမြင် - 'နိဗ္ဗာန်ဉာဏ်မှာထင်'

'ဗျာခိဓမ္မချုပ်တာမြင် - 'နိဗ္ဗာန်ဉာဏ်မှာထင်'
'မရဏဓမ္မချုပ်တာမြင်' - နိဗ္ဗာန်ဉာဏ်မှာထင်
သောကချုပ်တာမြင် - 'နိဗ္ဗာန်ဉာဏ်မှာထင်'
'ပရိဒေဝချုပ်တာမြင်' - နိဗ္ဗာန်ဉာဏ်မှာထင်
ဥပါယာသဓမ္မချုပ်တာမြင် - 'နိဗ္ဗာန်ဉာဏ်မှာထင်'
သံကိလေသိကဓမ္မချုပ်တာမြင်' - နိဗ္ဗာန်ဉာဏ်မှာထင်
'ပဉ္စက္ခန္ဓေ အနိစ္စတော ပဿန္တော အနုလောမိကံခန္တိံ
ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော
နိစ္စံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ'။

အနက် ။ ပဉ္စက္ခန္ဓေ၊ ငါးပါးသောခန္ဓာတို့ကို၊ အနိစ္စ တော၊ မမြဲဟု၊ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကံ - ခန္တိံ ၊ အနုလောမဉာဏ်ကို၊ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါး ကုန်သော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ နိစ္စံ၊ မြဲသော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့၊ ပဿန္တော၊ မြင်သော သူသည်။ သမ္မတ္တနိယာမံ၊ မဂ်သို့၊ ဩက္ကမတိ၊ သက်ဝင်၏။

ဤသို့ စသည်ဖြင့် ဟောတော်မူသောကြောင့် ၄၀-သော တောတို့၏ ဆန့်ကျင်ဘက် ၄၀-တို့သည်ကား နိဗ္ဗာနထင်ပုံ ၄၀-တို့သာတည်း။

'ဧတ္ထဟိ အနိစ္စတော, ပလောကတော, စလတော, ပဘင်္ဂုတော, အဓုဝတော၊ ပ။ မရဏ ဓမ္မတောတိ ဧကေကသ္မိံ ခန္ဓေဒသ ဒသ ကတွာ ပညာသ အနိစ္စာ နုပဿနာနိ။ ပရတော, ရိတ္တတော, တုစ္ဆတော, သုညတော, အနတ္တတောတိ, ဧကေကသ္မိံ ခန္ဓေပဉ္စ ပဉ္စ ကတွာ ပဉ္စဝီသတိ အနတ္တာနုပဿနာနိ။ သေသာနိ



ဒုက္ခတော, ရောဂတော အာဒီနိဧကေကသ္မိံ ခန္ဓေ ပဉ္စဝီသတိ ပဉ္စဝီသတိ ကတွာ ပဉ္စဝီသတိ သတံ ဒုက္ခ ဝိပဿနာနိ'

ဟု ဖွင့်ဆိုတော်မူသောကြောင့် အနိစ္စာနုပဿနာအကျယ်- ၅၀၊ အနတ္တာနုပဿနာအကျယ်-၂၅၊ ဒုက္ခာနုပဿနာအကျယ်- ၁၂၅ တို့၏ ဆန့်ကျင်ဘက်ကို ထောက်သောအားဖြင့် နိဗ္ဗာန်ထင်ပုံ ၂၀၀ ဖြစ်နိုင် သတည်း။

**ဤတွင်ရွေ့ကား နိဗ္ဗာန်တရား မင်းကွန်းသွား ပြီး၏။**

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ဉာဏ်စဉ် ၁၀ ပါး - မင်းကွန်းသွား

## ၁။ နာမရူပ ပရိစ္ဆေဒဉာဏ်

အားလုံးသောသတ္တဝါတို့၏ 'ကိုယ်' ဟူသော ပစ္စည်းတစ်ခု၊ 'စိတ်' ဟူသော ပစ္စည်းတစ်ခု နှစ်ခုသာရှိ၏။ ထိုနှစ်ခုမှာလည်း ကိုယ်ဟူသောပစ္စည်းကို လက်ညှိုးထိုး၍ ပြပါက အကြမ်းပြင်းအားဖြင့် သိနိုင်ပါ၏။ စိတ်ဟူသော ပစ္စည်းကို လက်ညှိုးထိုး၍လည်းမပြနိုင်၊ မပြနိုင်ခြင်းကြောင့် မရှိဟုလည်း မပြောဆိုနိုင်ကြောင်းကို သိရပါ၏။ ဤမပြနိုင်သော စိတ်ကို ဆုံးမရန် ခဲယဉ်းကြောင်းကို ဘုရားရှင်ကလည်း တစ်လောကလုံးကို စိတ်ကဆွဲဆောင်နေသည်။ တစ်လောကလုံးကို စိတ်ကပြုပြင်နေသည်ဟု ဟောတော်မူ၏။

ဤဆုံးမရန်ခဲယဉ်းသော စိတ်၏နေထိုင်ရာကို ရှာဖွေရန်မှာကား စိတ်ရှိသောသတ္တဝါတိုင်းတို့၏ တာဝန်ပင် ဖြစ်သည်။ စိတ်၏ နေထိုင်ရာကား သင်တို့ တစ်စုံတစ်ခုသော အလုပ်ကိစ္စကို ပြုလုပ်သောအခါ ပြုလုပ်ရာဌာနတို့၌ ပြုလုပ်သည့်အမူအရာတွေကို အစဉ်တစိုက် လိုက်၍လိုက်၍ သိနေသော သဘောတွေသည် စိတ်ပင်မဟုတ် ပါလော။ ထိုသိနေသောသဘောတွေသည် သင် တို့၏ ပြုလုပ်ရာကိစ္စအဝဝတို့၏အပေါ်၌ ကျရောက်နေသော သိမှုစိတ်တွေပင်ဖြစ်ပေ၏။ ဤသိမှုစိတ်ကို အဖြူ, အနီဟုမခွဲခြားဘဲ သိမှုစိတ်၏ ကျရာဌာနကိုသာ ခွဲခြား၍ပြပါအံ့။

အကောင်းအာရုံပေါ်၌ သိမှုစိတ်ကျရာတစ်မျိုး



အဆိုးအာရုံပေါ်၌ သိမှုစိတ်ကျရာတစ်မျိုး

အကောင်းနှင့်အဆိုး အာရုံပေါ်၌ သိမှုစိတ်ကျရာတစ်မျိုး

အကောင်းအဆိုးနှင့် ဘာမျှမသက်ဆိုင်သော အာရုံပေါ်၌ သိမှုစိတ်ကျရာတစ်မျိုးဟု ၄-မျိုးရှိ၏။

ထို ၄-မျိုးတွင် -

၁။ 'အကောင်း' အာရုံပေါ်၌ သိမှုစိတ်ကျပုံမှာ ဒါန, သီလ, ဘာဝနာ, သမထ, ဝိပဿနာကိုပြုလုပ်သော ကိစ္စတို့၌ ကျနေဆဲသောစိတ်ကို ဆိုလိုသည်။

၂။ 'အဆိုး' အပေါ်၌ သိမှုစိတ်ကျပုံမှာ သူ့အသက်ကို သတ်ခြင်း, သူ့ဥစ္စာကိုခိုးခြင်း, သူတစ်ပါးအိမ်ရာ ပြစ်မှားခြင်း, မုသား ဆိုခြင်း, သူရာသောက်ခြင်း စသော မကောင်းမှုတို့ကိုပြုလုပ်ရာကိစ္စတို့၌ စိတ်ကျဆဲကို ဆိုလိုသည်။

၃။ 'အကောင်းနှင့်အဆိုး' ရောသောအပေါ်၌ သိမှုစိတ်ကျပုံမှာ ခိုး၍, တိုက်၍, ခိုက်၍, လုယက်၍ရသော ပစ္စည်းဥစ္စာတို့ဖြင့် လှူဒါန်းခြင်း၊ ပေးကမ်းခြင်းအမှုကို ပြုလုပ်သောကိစ္စတို့၌ သိမှုစိတ်ကျဆဲကို ဆိုလိုသည်။

၄။ 'အကောင်းအဆိုးနှင့် ဘာမျှမသက်ဆိုင်' သော အပေါ်၌ သိမှုစိတ်ကျပုံမှာ ဥပမာလူတစ်ယောက်သည် ကိစ္စတစ်ခုခုဖြင့် ခရီးသွားသောအခါ လမ်းတွင်တွေ့မြင်ရသော ကျောက်ခဲ, သလဲ, မြက်မှိုက်, ထင်းချောင်း စသည်တို့ကို မတွေ့သည်ကား မဟုတ် တွေ့၏။ တွေ့သော်လည်း ထိုပစ္စည်းတို့၏အပေါ်၌ အပြစ်မမြင် အချစ်မဝင်သလို၊ ထို့အတူ မြင်မှု, ကြားမှု, နံမှု, စားမှု, ထိမှု, သိမှုတို့တွင် မြင်အာရုံ၌ စိတ်ရောက်တုန်း၊ ကြားမှု, နံမှု, စားမှု, ထိမှု, သိမှုတို့သည်လည်း မရှိသည် မဟုတ်

ရှိ၏။ ရှိသော်လည်း ၎င်းတို့၏အပေါ်၌ အပြစ်လည်း မမြင်, အချစ်လည်းမဝင်သဖြင့် အကောင်းအဆိုးနှင့် ဘာမျှ မသက်ဆိုင်ဟု ဆိုလိုသည်။

ထိုသို့ ၄-၅ဒွါရတို့၌ ကျရောက်၍နေသော သိမှုစိတ်ကို အလွယ်ဆုံးအားဖြင့် ဆုံးမရာနည်းမှာ စိတ်သည် တည်ရာ, မှီရာရှိမှသာလျှင် တည်ရာ, မှီရာတို့၏အပေါ်၌ကျရောက်မြဲဓမ္မတာဖြစ်ပါ၏။ သို့အတွက် ဤစာကို ဖတ်နေသော သင်၏စိတ်မှာ စာတစ်လုံး, တစ်လုံးတို့၏ အပေါ်၌ စိတ်တို့သည် တည်၍နေသည် မဟုတ်ပါလော။

စာတစ်လုံး, တစ်လုံးတို့၏အပေါ်၌ စိတ်သာ မတည်ခဲ့ပါလျှင် ဘယ်နည်းနဲ့မျှ ဤစာကို ဆုံးအောင် သင်ဖတ်နိုင်မည်မဟုတ်။ သို့ပါ၍ ယခုစာဖတ်နေသောခဏတွင်ပင် သင်၏စိတ်သည် စာလုံး၌ တည်ရာရှိပေသည်။ စာလုံးတွေ၏အပေါ်မှသာလျှင် စိတ်ကျနေသည်ဟု ဆိုရပေ၏။ စာလုံးတွေ၏အပေါ်၌ ဦးစွာကျနေသော ရှေးစိတ်ကို နောက်စိတ်ဖြင့် 'ငါ၏စိတ်သည် စာလုံးများအပေါ်၌ ကျရောက်နေသည်' ဟု ထပ်၍သိရမည်။ ဤနည်း အတိုင်းပြုလုပ်ရန် သင့်မှာ ဝန်လေးလိမ့်မည် မဟုတ်ပေ။

ထို့အတူ စားသောအခါမှာလည်း စားရာ၌ ဦးစွာကျသော ရှေးစိတ်ကို နောက်စိတ်ဖြင့် ထပ်၍သိရန် ကိုလည်း ခဲယဉ်းမည် မဟုတ်ပေ။ လျှုဒါန်း, ပေးကမ်းသော အခါတို့၌လည်း လျှုဒါန်း, ပေးကမ်းလိုသော ရှေးစိတ်ကို နောက်စိတ်ဖြင့်ထပ်၍ သိရန် အတွက်မှာလည်း ပို၍မခဲယဉ်းနိုင်တော့ပေ။ ဤသို့ စိတ်ကျတိုင်း, ကျတိုင်း ရှေးစိတ်ကို နောက်စိတ်ဖြင့်သိသောအလုပ်ကို လုပ်သော သင့်အား အကျိုးခံစားရပုံမှာ -

ကောင်းရာသို့ဖြစ်စေ, ဆိုးရာသို့ဖြစ်စေ, အကောင်း အဆိုး



လုံးလုံးမပါရာသို့ဖြစ်စေ ကျရောက်သော ရှေးစိတ်ကို နောက်စိတ်ဖြင့်လိုက်၍ကြည့်ရှု သတိပြုသည်ရှိသော် ငါ၏စိတ်သည် ယခုတစ်နာရီအတွင်း၌ မကောင်းရာသို့များများရောက်၍ ကောင်းရာသို့ နည်းနည်းသာ ရောက်ပါတကားဟု စိတ်ကိုစိတ်ချင်း ပြန်၍ ရှုက်ကြောက်သောသဘောအားဖြင့် မကောင်းရာသို့သွားသော ရှေ့စိတ်ကို နောက်စိတ်က မသွားနှင့်ဟု မပြောသော်လည်း ပြောသကဲ့သို့၊ မကောင်းဘက်သို့သွားသောစိတ်သည် အလိုလို တွန့်ဆုတ်သည်ကို ကိုယ်တိုင် တွေ့ကြုံခံစားရပါလိမ့်မည်။

အကျိုးမရှိရာသို့သွားသော စိတ်သည်လည်း အကျိုးမရှိမှန်း သိလာသဖြင့် အကျိုးရှိရာသို့သာ ပြောင်း၍လာသည်ကိုလည်း ကိုယ်တိုင်တွေ့ကြုံခံစားရပါလိမ့်မည်။ ဘုရား, တရား, သံဃာ, ဒါန, သီလ, ဘာဝနာနှင့် မစပ်ရာသို့ သွားသောစိတ်သည် ဘုရား, တရား, သံဃာ, ဒါန, သီလ, ဘာဝနာ အစရှိသော ကောင်းမှုကုသိုလ်တို့သို့ ချဉ်းကပ်မှီတွယ်၍လာသည်ကိုလည်း ကိုယ်တိုင်တွေ့ကြုံခံစားရပါလိမ့်မည်။

## နာမ်ရုပ်ပေါ်ပုံ

ဤသို့ စိတ်ကျရာ, ကျရာတို့၌ ရှေ့စိတ်ကို နောက်စိတ်က လိုက်၍လိုက်၍ သိပါများသောသင့်အား စိတ်ကျရာက တစ်ခုပဲ၊ စိတ်ဆိုတာက တစ်ခုပဲဟု၊ စိတ်ကျတိုင်း, ကျတိုင်း ကျသောနေရာနှင့် ကျတဲ့စိတ် နှစ်ခု ကွဲပြား၍ အပိုင်းအခြား ထင်လာလိမ့်မည်။

ထိုအချက်၌ စိတ်ကျရာထင်တာကို ရုပ်ထင်တာ၊ စိတ်ထင်တာက နာမ်ထင်တာ၊ ရုပ်ထင်တာကို ရူပပရိစ္ဆေဒ၊ နာမ်ထင်တာကို နာမပရိစ္ဆေဒ၊ နှစ်ပါးစုံထင်တာကို နာမရူပပရိစ္ဆေဒဉာဏ်ဟု ဆို၏။

## ၂။ ပစ္စယပရိဂ္ဂဟဉာဏ်

အထက်ပါ နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်ပေါ်လာရခြင်းသည်ကား စိတ်၏ 'ကျရာ' 'ကျရာ' ကိုသာ မှတ်သား ပိုင်းခြားနေသဖြင့် ဖြစ်ပေါ်လာသော အာရုံထူး, အာရုံမြတ်ဟု ဆိုပါသည်။

ထိုအာရုံထူး, အာရုံမြတ်၏ အမှန်အမှား ဝေဖန်ပိုင်းခြားရန်မှာ စိတ်ဆိုသော နာမ်သဘောသည် ဘယ်အခါမှ တည်ရာမရှိက မဖြစ်နိုင်သောသဘောမျိုးဖြစ်၏။ ၎င်း၏တည်ရာ ရုပ်သဘောနှင့် ယှဉ်တွဲမှသာလျှင် နေနိုင်၏။ သို့အတွက် စိတ်၏ကျရာသဘော တရားဟူသမျှကို ရုပ်ဟုဆို၏။ စိတ်ကို နာမ်ဟုဆို၏။ ထိုစကားကို ကျမ်းဂန်များ၌လည်း -

နာမံ၊ နာမ်ကို။ နိဿာယ၊ မှီ၍။ ရူပံ၊ ရုပ်သည်၊ ပဝတ္တတိ၊ ဖြစ်၏။ ရူပံ၊ ရုပ်ကို၊ နိဿာယ၊ မှီ၍၊ နာမံ၊ နာမ်သည်။ ပဝတ္တတိ၊ ဖြစ်၏။ နာမဿ၊ နာမ်၏။ ခါဒိတု ကာမတာယ၊ ခဲလိုသည်၏ အဖြစ်ကြောင့်၊ ရူပံ၊ ရုပ်သည်။ ဒါဒတိ၊ ခဲ၏။ နာမဿ၊ နာမ်၏။ ပိဝိတုကာမတာယ၊ သောက်လိုသည်၏အဖြစ်ကြောင့်၊ ရူပံ၊ ရုပ်သည်။ ပိဝတိ၊ သောက်၏။ နာမဿ၊ နာမ်၏။ ဗျာဟရိတု ကာမတာယ၊ စကားဆိုလိုသည်၏အဖြစ်ကြောင့်၊ ရူပံ၊ ရုပ်သည်။ ဗျာဟရတိ၊ စကားဆို၏။ နာမဿ၊ နာမ်၏။ ဣရိယာပထံ၊ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်းဟုဆိုအပ်သော ဣရိယာပုထ်ကို ကပ္ပေတုကာမတာယ၊ ပြုလိုသည်၏အဖြစ်ကြောင့်။ ရူပံ၊ ရုပ်သည်။ ဣရိယာပထံ၊ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်းဟု ဆိုအပ်သော ဣရိယာပုထ်ကို၊ ကပ္ပေတိ၊ ပြု၏ဟူ၍လည်းကောင်း၊ ရူပံ၊ ရုပ်ကား။ အညံ၊ တခြား။ နာမံ၊ နာမ်ကား။ အညံ၊ တခြား။ နာမရူပါ၊ နာမ်နှင့်ရုပ်သည်။ အသံမိဿာ၊ မရောနှောကုန်။ နာမံ၊



နာမ်သည်။ ရူပေန၊ ရုပ်မှ သုညံ၊ ဆိတ်၏။ ရူပံ၊ ရုပ်သည်။ နာမေန၊ နာမ်မှ။ သုညံ၊ ဆိတ်၏ဟုဆိုသော ကြောင့် -

ရုပ်ကိုမှီ၍လဲ - နာမ်ဖြစ်တယ်
နာမ်ကိုမှီ၍လဲ - ရုပ်ဖြစ်တယ်
မှီသောရုပ်ကလဲ - နာမ်မှဆိတ်တယ်
မှီသောနာမ်ကလဲ - ရုပ်မှဆိတ်တယ်
နာမ်စားချင်လို့လဲ - ရုပ်ကစားတယ်
နာမ်သောက်ချင်လို့လဲ - ရုပ်ကသောက်တယ်
နာမ်ပြောချင်လို့လဲ - ရုပ်ကပြောတယ်
နာမ်ပြုချင်လို့လဲ - ရုပ်ကပြုတယ်

ဤသို့ နာမ်နှင့်ရုပ်(ဝါ)စိတ်နှင့် စိတ်ကျရာ တခြားစီထင်နေသော သင့်မှာ နာမ်နှင့်ရုပ်သာ ရှုမှတ်ခိုက် ထင်နေရာ၌ ပုဂ္ဂိုလ် ရှိ၏ဟု မှားသောအယူဒိဋ္ဌိ, သတ္တဝါရှိ၏ဟု မှားသောအယူဒိဋ္ဌိ ကင်းစင်၍ သွားပါသဖြင့် ဒိဋ္ဌိဝိသုဒ္ဓိဟုဆိုသည်။

### ရုပ်နာမ်၏ အကြောင်းပေါ်ပုံ

ဤသို့ စိတ်နှင့်စိတ်ကျရာ နှစ်ဌာနကို ကွဲခြား၍ထင်နေသော သင့်မှာ သွားသောအမူအရာတစ်ခုတည်း၌ပင် သွားချင်တာက တစ်ခုပဲ၊ သွားတာက တစ်ခုပဲ၊ သွားချင်တာက သွားတာမဟုတ်။ သွားတာကလဲ သွားချင် တာမဟုတ်ဟု သွားသောအမူအရာကို အကုန်သိမြင် ဉာဏ်မှာထင်။

ထိုသို့ထင်ရာ၌ သွားချင်တာက အကြောင်းဖြစ်၏။ သွားတာက အကျိုးဖြစ်၏။ သွားချင်သောအကြောင်း ကို ပစ္စယ ခေါ်သည်။ သိမ်းဆည်းတာကို ပရိဂ္ဂဟ ခေါ်သည်။ ထို့ကြောင့် ပစ္စယပရိဂ္ဂဟ ဉာဏ် ပေါ်သည်ဟု ဆိုရသည်။

## ၃။ သမ္မသနဉာဏ်

သွားချင်တာ ဘာကြောင့် အကြောင်းဖြစ်ရသနည်း။ သွားချင်သောစိတ်သည် သွားသောအမူအရာကို မသွား, သွားအောင် စေ့ဆော်တိုက်တွန်း၍ပေးသောကြောင့် အကြောင်းဟု ဆိုသည်။

သွားသောအမူအရာ ဘာကြောင့် အကျိုးဖြစ်ရသနည်း။ သွားသောအမူအရာသည် ထိုစေ့ဆော်တိုက်တွန်း ၍ပေးသောစိတ်ကမှဖြစ်ပေါ်လာသောကြောင့် အကျိုးဟုခေါ်သည်။

သို့အတွက် သွားဆဲခဏတွင် သွားချင်သောအကြောင်းတရားနှင့် သွားသောအကျိုးတရား နှစ်ပါး လောက်ကိုသာ သိနေသောသင်၏အာရုံ၌ သွားချင်သောအကြောင်းတရားကိုလည်း ဘယ်သူကမှ မပြုပေ။ သွားသောအကျိုးတရားကိုလည်း ဘယ်သူကမှ မခံစား။ သွားချင်သောသဘောတရားနှင့် သွားတဲ့သဘောတရား နှစ်ပါးသက်သက်ကြောင့်သာ သွားတာပဲဟုထင်ခြင်းသည် အမှန်ထင်သည်ဟုဆို၏။ ကျမ်းဂန်၌လည်း -

ကမ္မဿ၊ အကြောင်းကို။ ကာရကော၊ ပြုတတ်သောသူသည်။ နတ္ထိ၊ မရှိ။ ဝိပါကဿစ၊ အကျိုးကိုလည်း။ ဝေဒကော၊ ခံစားတတ်သောသူသည်။ နတ္ထိ၊ မရှိ။ သုဒ္ဓဓမ္မာ၊ သက်သက်သောတရားတို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဧဝေတံ ဧဝံ ဧတံ၊ ဤသို့မြင်ခြင်းသည်။ သမ္မဒဿနံ၊ အမှန်မြင်ခြင်းပေတည်း။

### ရုပ်နှင့်နာမ် သုံးသပ်ပုံ

ဤသို့ စိတ်ကျရာ, ကျရာတို့၌ သတိထား၍ မှတ်သားနေသောသင့်မှာ သွားဆဲခဏ၌ ယခုမူကား သွားတုန်းပဲ၊ နောက်ကလည်း သွားခဲ့ပြီ။ ရှေ့ကိုလည်း သွားလတ္တံ့။



ရပ်ဆဲခဏ၌ ယခုမူကား ရပ်တုန်းပဲ၊ နောက်ကလည်း ရပ်ခဲ့ပြီ၊ ရှေ့ကိုလည်း ရပ်လတ္တံ့။ ထိုင်ဆဲခဏ၌ ယခုမူကား ထိုင်တုန်းပဲ၊ နောက်ကလည်း ထိုင်ခဲ့ပြီ၊ ရှေ့ကိုလည်း ထိုင်လတ္တံ့။

အိပ်ဆဲခဏ၌ ယခုမူကား အိပ်တုန်းပဲ၊ နောက်လည်း အိပ်ခဲ့ပြီ။ ရှေ့ကိုလည်း အိပ်လတ္တံ့ဟု ကိစ္စတစ်ခု, တစ်ခုတို့၌ တုန်း, ပြီ, လတ္တံ့, ဟု သုံးချက်, သုံးချက်ထင်သည်ကို သမ္မသနဉာဏ် ပေါ်သည်ဟုဆို၏။ တုန်း, ဆိုတာက ပစ္စုပ္ပန်-ဖြစ်ဆဲ၊ ပြီ, ဆိုတာက အတိတ်ဖြစ်ပြီး၊ လတ္တံ့, ဆိုတာက အနာဂတ် ဖြစ်လတ္တံ့၊ ထိုစကားကို ကျမ်းဂန်တို့၌လည်း -

အတီတာ နာဂတ ပစ္စုပ္ပန္နာနံ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်၌ ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ သံခိပိတွာ၊ ချုံး၍။ ဝ ဝတ္ထာနေပညာ၊ ပိုင်းခြားသောပညာသည်။ သမ္မသနေဉာဏံ၊ သမ္မသနဉာဏ်မည်၏ဟု ဟောတော်မူသောကြောင့် -

ဖြစ်ပြီးခိုက်ကလဲ - ဖြစ်ဆဲမဟုတ်
ဖြစ်ဆဲခိုက်ကလဲ - ဖြစ်လတ္တံ့မဟုတ်
အတွင်းဖြစ်ခိုက်ကလဲ - အပဖြစ်မဟုတ်
အကြမ်းဖြစ်ခိုက်ကလဲ - အနုဖြစ်မဟုတ်
အယုတ်ဖြစ်ခိုက်ကလဲ - အမြတ်ဖြစ်မဟုတ်
အဝေးဖြစ်ခိုက်ကလဲ - အနီးဖြစ်မဟုတ်
ထင်လေသမ္မသန - ဉာဏ်ဓမ္မ
အနုသယကိလေ - မကင်းပေ

ခြင်းရာသုံးသပ် - တဇ်ပညတ်
ပရမတ်နှင့် - နီးဆုံးမှတ်
ကျမ်းမြတ်ငြိကာ - မိန့်မြွက်ရှာ။

## ၄။ ဥဒယဗ္ဗယဉာဏ်

### ရုပ်နှင့်နာမ်၏ အဖြစ်အပျက်ပေါ်ပုံ

ဤသို့ စိတ်ကျရာ, ကျရာတို့၌ သတိကပ်၍ ရှုမှတ်နေသော သင့်မှာ ကျသောစိတ်၏အစ, ကျသောစိတ်၏ အဆုံးကိုလည်း ဉာဏ်၌ အကွင်းသား,အကွင်းသားတွေ့မြင်ထင်ရှားစွာ သိလာလိမ့်မည်။ စိတ်ကျတဲ့နေရာ၏အစ, စိတ်ကျတဲ့နေရာ၏အဆုံးကိုလည်း ဉာဏ်မှာ အကွင်းသား, အကွင်းသား ထင်ရှားစွာ သိလာလိမ့်မည်။

ကျသောစိတ်၏အစကို သိခြင်းကတော့ ဖြစ်သောသဘောကို သိခြင်းဟုဆိုသည်။ ဤဖြစ်သောသဘောကို သိခြင်းသည် စိတ်၏ ဥဒယကို သိသည်မည်၏။ ကျသောစိတ်၏အဆုံးကို သိခြင်းကတော့ ပျက်သောသဘောကို သိသည်ဟု ဆို၏။ ဤပျက်သောသဘောကိုသိခြင်းသည် ဝယဟု သိသည်မည်၏။ စိတ်ကျရာဌာန၏အစသို့ သိခြင်းကတော့လဲ ဖြစ်သောသဘောကို သိသည်မည်၏။ ဤဖြစ်သောသဘောကို သိခြင်းကို ဥဒယ, ဟုဆိုရပြန်၏။ စိတ်ကျရာဌာန၏အဆုံးကို သိခြင်းကတော့လဲ ပျက်သောသဘောကို သိသည်မည်၏။ ဤပျက်သောသဘောကို သိခြင်းကတော့လဲ ဝယဟု ဆိုရပြန်၏။ ဤသို့ အဖြစ်နှင့်အပျက်ကို သိမြင်တာကို ဥဒယဗ္ဗယဉာဏ် ပေါ်သည်ဟု ဆို၏။ ကျမ်းဂန်များ၌လည်း -



ပစ္စုပ္ပန္နာနံ၊ ပစ္စုပ္ပန်ဖြစ်ကုန်သော။ ဓမ္မာနံ၊ ရုပ်တရားနာမ်တရားတို့ကို။ ဝိပရိဏာမာနုပဿနေပညာ၊ ဖောက်ပြန်သည်ဟုရှုသောပညာသည်၊ ဥဒယဗ္ဗယာ နုပဿနေပညာ၊ ဥဒယဗ္ဗယာနုပဿနာဉာဏ် မည်၏။

မေး။ ။ ဘာတွေဖြစ်ပျက်တာကို မြင်မှသာလျှင် ဥဒယဗ္ဗယဉာဏ်ဟု ဆိုရမည်လဲ။

ဖြေ။ ။ ရုပ်, နာမ်တွေ ဖြစ်, ပျက်တာကို မြင်မှသာလျှင် ဥဒယဗ္ဗယဉာဏ်ဟု ဆိုသည်။

မေး။ ။ ဘယ် ရုပ်, ဘယ်နာမ်တွေ အဖြစ်အပျက်ကို မြင်မှ ဥဒယဗ္ဗယဉာဏ် ခေါ်သနည်း။

ဖြေ။ ။ ဥပမာ-အသံကြားခိုက်, အသံနှင့် ကြားသောစိတ် နှစ်ခုရှိရာတွင် အသံ၏အစ ထင်တာက ရုပ်၏အစ ဥဒယအဖြစ်ထင်တာ၊ အသံ၏အဆုံးထင်တာက ရုပ်၏အဆုံး ဝယ(ဝါ)ဗယ အပျက်ထင်တာ၊ အသံ၏ အစ, အဆုံး ထင်တာက ရုပ်၏အဖြစ်, အပျက် ဥဒယဗ္ဗယဉာဏ် ထင်တာ။

## ၅။ ဘင်ဉာဏ်

### ရုပ်နာမ်၏အပျက်ပေါ်ပုံ

ဤသို့ စိတ်ကျရာ, ကျရာတို့၌ သတိကပ်၍ ရှုမှတ်သော သင့်မှာ ကျသောစိတ်၏ ပျက်သွားမှု, ကျရာ ဌာန၏ ပျက်သွားမှု, ခုတင် ခုကျ, ခုတင် ခုကုန်, ခုတင် ခုပျက်, ခုတင် ခုပြို, ခုတင်, ခုချုပ် ဟု စိတ်ကျသမျှ

အလုံးစုံကို အကုန်မကြွင်း အပျက်ချည့်ပဲဟု ထင်လင်းစွာ သိမြင်ပေါ်ပေါက်လာလိမ့်မည်။

ကျသောစိတ်၏ အပျက်က နာမ်ပျက်တာ၊ ကျရာဌာန၏ အပျက်က ရုပ်ပျက်တာ၊ နှစ်ပါးစုံတာက ရုပ်, နာမ် ပျက်တာ၊ ပျက်သည်ဟု ထင်တာက ယောဂီဉာဏ်ဟု ဆိုရ၏။ ကျမ်းဂန်းများ၌ လည်း -

အာရမ္မဏ ပဋိသင်္ခါ၊ အာရုံအပျက်ကို သိမြင်၍၊ ဘင်္ဂါနု ပဿနေပညာ၊ အပျက်ဟုရှုသောပညာသည်၊ ဝိပဿနေဉာဏံ။ ဝိပဿနာဉာဏ်မည်၏။

## ကွေးမှု၌ ပျက်ပုံ

ဘယဉာဏ်၏ ရှေးဦးစွာ ဘင်္ဂဉာဏ်ကို အားထုတ်၍ သည က္ခန္ဓာ၏အရ ကွေး, ကွေးသည်ဟူသော အမှတ်ကို ပျက်၏ဟု ရှုသော ဝိပဿနာစိတ်ဖြစ်၏။ နောက် ဝိပဿနာစိတ်ဖြင့် ပျက်၏ ဟု ရှုသော ရှေ့ဝိပဿနာ စိတ်ကို ပျက်၏ဟု တစ်ဖန်ရှု၏။ ဤသို့ အစရှိသော ဉတ, ဉဏ နှစ်ပါးစုံ၏ အပျက်ကိုရှုသောနည်းဖြင့် နိစ္စသညာ, သုခသညာ, အတ္တသညာ, နန္ဒီရာဂ, သမုဒယ, အာဒါန ဆန့်ကျင်ဘက် ကိလေသာတို့ကိုလည်း တဒင်္ဂပဟာန်အားဖြင့် ပယ်၍ -

တဒင်္ဂပဟာန် ဆန့်ကျင်ဘက် ကိလေသာချုပ်သဖြင့်လည်း ဘဝတဖန် ခန္ဓာနာမ်ရုပ် တဒင်္ဂချုပ်သော နိဗ္ဗာန်ကို အာရုံပြု၍ အတိတ်, အနာဂတ်, ပစ္စုပ္ပန် သုံးပါးသော ကာလ၌ ဖြစ်သော ခန္ဓာ နာမ်ရုပ်၏ ပျက်သော သဘောကို ရေပွက် တံလျှက်ကဲ့သို့ မှတ်၍ ဘေးထင်သည့်တိုင်အောင် ရှုခြင်းသည် ဘင်္ဂဉာဏ်မည်၏။



## အသွားပျက်ပုံ

သွား-သွားတယ် မှတ်သဖြင့် သွားသောအမူအရာ၌ ကုန်တယ်, ပျက်တယ်, ပြိုတယ်, ချုပ်တယ်ဟူ၍သာ ထင်မြင်ကုန်၏။ ထိုသို့ ထင်မြင်ရာ၌ ကုန်တာ, ပျက်တာ, ပြိုတာ, ချုပ်တာက အနိစ္စ၊ ကုန်တယ်, ပျက်တယ်, ပြိုတယ်, ချုပ်တယ်ထင်တာက အနိစ္စ ထင်တာ၊ အနိစ္စထင်နေတုန်း နိစ္စတရား ပျောက်၏။ ဒုက္ခ ထင်နေတုန်း သုခတရား ပျောက်၏။ အနတ္တ ထင်နေတုန်း အတ္တတရား ပျောက်၏။ ငြီးငွေ့နေတုန်း နန္ဒီတရား ပျောက်၏။ မတပ်မက်တုန်း ရာဂတရား ပျောက်၏။ ချုပ်တာမြင်နေတုန်း ဖြစ်ပျက်တရား ပျောက်၏။

ဤသို့ ရှုမှတ်ဆဲသော သင်၏အာရုံမှာ ရေပွက်ကဲ့သို့လည်း ကောင်း, တံလျှပ်ကဲ့သို့လည်းကောင်း, ရေအစဉ် စီးကျသကဲ့သို့ လည်းကောင်း, မီးအလျှံ တက်ကြွသကဲ့သို့ လည်းကောင်း ကုန်သည်, ပျက်သည်, ပြိုသည်, ချုပ်သည်ဟု မပြတ်မြင်၍ နေသည်ကို ဘင်္ဂဉာဏ်ထင်သည်ဟု ဆိုရ၏။ အရပ်ပျက်, အအိပ် ပျက်, အထိုင်ပျက် တို့၌လည်း နည်းတူပင်ဖြစ်၏။

## ခန္ဓာသာ ပျက်ပုံ

ဤကဲ့သို့သောအပျက်တို့သည်ကား ခန္ဓာ ၅-ပါးတို့၏ပျက်ခြင်း, ပြိုခြင်း, ကုန်ခြင်း, ချုပ်ခြင်းတို့ပေတည်း။ ခန္ဓာ ၅-ပါးတို့၏ပျက်ခြင်းမှ တပါးသော တရားမရှိပြီ။ ဤခန္ဓာ ၅-ပါးတို့၏ပျက်ခြင်းကို သေ သည်ဟု ဆို၏။ ရွှဲကို စိန်သွားဖြင့်ဖောက်သောအခါ အသင့် အားဖြင့် ရှုမြင်သကဲ့သို့ သတိနှင့်ပြည့်စုံသော သင်သည် ထိုခန္ဓာ ၅-ပါး ရုပ်နာမ်တရားတို့၏ အပျက်ကို မြင်ရာ၏။

## ၆။ ဘယဉာဏ်
## ၇။ အာဒီနဝဉာဏ်
## ၈။ နိဗ္ဗိဒါဉာဏ်

### အာနိသင် ရှစ်ပါး

ဤသို့ အလုံးစုံသော ရုပ်နာမ်ခန္ဓာ သင်္ခါရတို့သည် ပျက်စီးကုန်၏, ပျက်စီးကုန်၏ဟု မပြတ်ရှုမြင်သော သင့်အား ဘဝ၌ အယူမှားကိုပယ်ခြင်း, အသင့်၌ တပ်မက်သောတဏှာကို စွန့်ခြင်း, အခါခပ်သိမ်း ဝိပဿနာ ကိုအားထုတ်ခြင်း, အသက်မွေးခြင်း၌ စင်ကြယ်ခြင်း, စိုးရိမ်ကြောင့်ကျပျောက်ခြင်း, အကြောက်ကင်းခြင်း, သည်းခံ နိုင်သော စိတ်နှလုံးကိုရခြင်း, မွေ့လျော်ခြင်း, မမွေ့လျော်ခြင်း၌ သည်းခံနိုင်ခြင်းဟုဆိုအပ်သော ဤအကျိုး ၈-ပါးနှင့် ပြည့်စုံသော ဘင်္ဂါနုပဿနာဉာဏ်ကိုရ၏။

ဤသို့ ဂုဏ်အားဖြင့် မြတ်သော အကျိုး ၈-ပါးကို မြင်၍ သေခြင်းကင်းသော နိဗ္ဗာန်သို့ရောက်ခြင်းငှာ အပျက်ထင်အောင် ရှုမြင်နိုင်သော အလေ့သဘောရှိသော ယောဂီသည် ဦးရစ်ခေါင်းပေါင်း ဦးခေါင်း၌ မီးလောင် သကဲ့သို့ ထိုအပျက်တရား၌ အဖန်တလဲလဲ သုံးသပ်ပွားများရာ၏။

ဣမာနိ အဋ္ဌဂုဏမုတ္တမာနိ၊
ဒိသွာ တဟိံ သမ္မသတေ ပုနပ္ပုနံ၊
အာဒိတ္တစေလဿိရသူပမော မုနိ၊
ဘင်္ဂါနုပဿီ အမတဿ ပတ္တိယာတိ။

ဂုဏမုတ္တမာနိ၊ ဂုဏ်အားဖြင့် မြတ်ကုန်သော။ ဣမာနိ အဋ္ဌအာနိသံသာနိ၊ ဤ ၈-ပါးသော အာနိသင် တို့ကို။ ဒိသွာ၊ မြင်၍။



အမတဿ၊ သေခြင်းကင်းသော နိဗ္ဗာန်သို့။ ပတ္တိယာ၊ ရောက်ခြင်းငှာ၊ ဘင်္ဂါနုပဿီ၊ အပျက်ဟုရှုမြင်နိုင်သော အလေ့သဘောရှိသော။ အာဒိတ္တစေလဿိရသူပမော၊ မီးလောင်သော ဦးရစ်ခေါင်းပေါင်း ဦးခေါင်းလျှင် ဥပမာရှိသော။ မုနိ၊ ရဟန်းသည်။ တဟိံ ဘင်္ဂေ၊ ထိုအပျက်၌၊ ပုနပ္ပုနံ၊ အဖန်တလဲလဲ၊ သမ္မသတေ၊ သုံးသပ်ရာ၏။ ဣတိ-ဧဝံ၊ ဤသို့။ ပေါရာဏာ၊ ရှေးဆရာတို့သည်။ အာဟု၊ ဆိုကုန်ပြီ။

### ရုပ်နာမ်၌ ဘေး, အပြစ်, ငြီးငွေ့ပုံ

အပျက်မြင်သောကြောင့် ဘေးထင်၏
ဘေးထင်တာက - ဘယဉာဏ်
အပျက်ဆိုတာက - ရုပ်နာမ်ပဲ
ဘေးထင်တာက - ယောဂီဉာဏ်ပဲ
အပျက်မြင်သောကြောင့် - အပြစ်ထင်၏။
အပြစ်ထင်တာက - အာဒီနဝဉာဏ်
အပျက်ဆိုတာက - ရုပ်နာမ်ပဲ
အပြစ်ထင်တာက - ယောဂီဉာဏ်ပဲ
အပျက်မြင်သောကြောင့် - ငြီးငွေ့၏။
ငြီးငွေ့တာက - နိဗ္ဗိဒါဉာဏ်
အပျက်ဆိုတာက - ရုပ်နာမ်ပဲ
ငြီးငွေ့တာက - ယောဂီဉာဏ်ပဲ။

ဤသို့ဆိုအပ်သည်နှင့်အညီ ဘင်ဉာဏ်ဖြင့် ရှုအပ်ပြီးသော အပျက်ရှိသော အတိတ်, အနာဂတ်, ပစ္စုပ္ပန်, ရုပ်နာမ်, ခန္ဓာတို့၌ အစတွင် ဘေးထင်ခြင်းငှာ အလယ်၌အပြစ်ထင်ခြင်းငှာ အဆုံး၌ ငြီးငွေ့ခြင်းငှာ မုဥ္စိတုကမျတာဉာဏ်၏ ရှေးဦးစွာ 'အာဒီနဝဉာဏ်' ကို အားထုတ်အပ်၏။

သင်္ခါရက္ခန္ဓာ၏အရ တိုက်တွန်းနှိုးဆော် တစ်စုံတစ်ခုပြုလိုသော စေတနာ, အားထုတ်သောသဘော-ဘေး, အားမထုတ်သော သဘော-ဘေးအေး, အားထုတ်သောသဘော-ဆင်းရဲ, အားမထုတ်သောသဘော-ချမ်းသာ, အားထုတ်သောသဘော-ဝဋ်အစ, အားမထုတ်သော သဘော - ဝဋ်အစမဟုတ်။

ဤသို့ အစရှိသောနည်းဖြင့် ဤကား သူသတ်ယောကျ်ားကဲ့သို့ အားထုတ်သောသဘော-ဘေး, ဘယ, ဒုက္ခ၊ ဤကား သူသတ်ယောကျ်ား၏လက်မှ လွတ်သောသူကဲ့သို့ အားမထုတ်သောသဘော-ဘေးအေး, ခေမာ, နိဗ္ဗာန်။

အစ၌ အားထုတ်သောသဘောကို သူသတ်ယောကျ်ားကဲ့သို့ ဘေးထင်သောအခြင်းအရာ ဘေးဟုရှုသော ဘယဉာဏ်၊ အားမထုတ်သောသဘောကို သူသတ်ယောကျ်ား၏လက်မှ လွတ်သောသူကဲ့သို့ ဘေးအေးထင်သော အခြင်းအရာ ဘေးအေးရှုသော သန္တိပဒဉာဏ်။

ဤကား အပြစ်ရှိသောသူ အသတ်ခံရသကဲ့သို့ အားထုတ်သောသဘော ဆင်းရဲဒုက္ခ၊ ဤကား အပြစ် မရှိသောသူ အသတ်မခံရသကဲ့သို့ အားမထုတ်သောသဘော ချမ်းသာနိဗ္ဗာန်။ အလယ်၌ အားထုတ်သော သဘောကို အပြစ်ရှိသောသူ အသတ်ခံသကဲ့သို့ ဆင်းရဲထင်သော အခြင်းအရာ အပြစ်ဟုရှုသော အာဒီနဝဉာဏ်။ အားမထုတ်သောသဘောကို အပြစ်မရှိသောသူ အသတ်မခံရသကဲ့သို့ ချမ်းသာထင်သော အခြင်းအရာ ချမ်းသာ နိဗ္ဗာန်ဟုရှုသော သန္တိပဒဉာဏ်။

ဤကား အပြစ်ရှိသောသူ သူသတ်ယောကျ်ား၏ ဓားစာဖြစ်သကဲ့သို့ အားထုတ်သောသဘော လောကဝဋ် ကိလေသာတို့၏



အစ သာမိသဒုက္ခ၊ ဤကား အပြစ်မရှိသောသူ သူသတ်ယောကျ်ား၏ ဓားစာမဟုတ်သကဲ့သို့ အားမထုတ်သောသဘော လောကဝဋ် ကိလေသာတို့၏ အစမဟုတ် နိရာမိသနိဗ္ဗာန်။

ဤသို့ အဆုံး၌ အားထုတ်သောသဘောကို အပြစ်ရှိသောသူ သူသတ်ယောကျ်ား၏ ဓားစာဖြစ်သကဲ့သို့ လောကဝဋ်ကိလေသာတို့၏ အစာထင်သောအခြင်းအရာ ငြီးငွေ့ဘွယ်ဟုရှုသော နိဗ္ဗိဒါဉာဏ်၊ အားမထုတ်သော သဘောကို အပြစ်မရှိသောသူ သူသတ်ယောကျ်ား၏ ဓားစာမဟုတ်သကဲ့သို့ လောကဝဋ် ကိလေသာတို့၏ အစာမဟုတ်ဟုထင်ကာ အခြင်းအရာ မွေ့လျော်ဖွယ် နိဗ္ဗာန်ဟုရှုသော သန္တိပဒဉာဏ်။

ဤသို့ အစ၌ ဘယဉာဏ် - သန္တိပဒဉာဏ်၊ အလယ်၌ အာဒီနဝဉာဏ် - သန္တိပဒဉာဏ်၊ အဆုံး၌ နိဗ္ဗိဒါ ဉာဏ် - သန္တိပဒဉာဏ်၊ အစုံအစုံ ဉာဏ်သုံးပါးတို့၏အာရုံဖြစ်သော 'ဒုက္ခနှင့် နိဗ္ဗာန်' ကို ဥပ္ပါဒအစ, ဥပါယာသ အဆုံးရှိသော ၁၅-ပါးသော ဝတ္ထုကို လွတ်လိုသည့်တိုင်အောင် ရှုသည်မည်၏။

## ဣရိယာပုထ် ၄-ပါး၌ ဘေး, အပြစ်, ငြီးငွေ့ပုံ

သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်းဟု ဆိုအပ်သော ဣရိယာပုထ် ၄-ပါးတို့၌ သတိကပ်၍ ရှုမှတ်သော သင်၏အာရုံမှာ ရေပွက်သကဲ့သို့လည်ကောင်း,တံလျှပ်သကဲ့သို့လည်းကောင်း, မီးအလျှံ တက်ကြွသကဲ့သို့ လည်းကောင်း ကုန်သည်, ပျက်သည်, ပြိုသည်, ချုပ်သည်ဟု ထင်ပါများသော သင်သည် သွားသောအမူအရာ သွား, သွားသည်ဟု မှတ်ရာ၌ ကုန်တာမြင်သဖြင့် ဘေးထင်၏။ ဘေးထင်တာကို ဘယဉာဏ်ဆို။ ကုန်တာ မြင်သဖြင့် အပြစ် ထင်၏။

အပြစ်ထင်တာကို အာဒီနဝဉာဏ်ဆို။ ကုန်တာမြင်သဖြင့် ငြီးငွေ့၏။ ငြီးငွေ့တာကို နိဗ္ဗိဒါဉာဏ်ဆို။ ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်းတို့၌လည်း နည်းတူပင်မှတ်ရာ၏။

သွားသောခဏ သွား, သွားတယ် မှတ်သဖြင့် ကုန်တာမြင်သောကြောင့် ဘေးထင်ရာ၌ ကုန်ခြင်းအစဉ်က ဒုက္ခထင်တာ၊ ဒုက္ခထင်သဖြင့် ပဝတ္တဘေး။ ကုန်ခြင်းအဆုံးက - အနိစ္စထင်တာ၊ အနိစ္စထင်သဖြင့် နိမိတ္တဘေး။ အစဉ်နှင့် အဆုံးထင်တာက အနတ္တထင်တာ၊ အနတ္တထင်သဖြင့် ၂-ပါးစုံဘေး။ ဘေးထင်၍သာ အပြစ်မြင်တာ၊ အပြစ်မြင်တာက အာဒီနဝဉာဏ်။ အပြစ်မြင်၍သာ ငြီးငွေ့တာ၊ ငြီးငွေ့တာက နိဗ္ဗိဒါဉာဏ်။ ဤသို့ ဘယ, အာဒီနဝ, နိဗ္ဗိဒါ သုံးဉာဏ်တို့သည် အမည်အားဖြင့်ကွဲသော်လည်း သဘောတစ်ခုတည်းသာ ဖြစ်ကြကုန်၏။

ယာစ ဘယတု ပဋ္ဌာနေပညာ ယဉ္စ အာဒီ
နဝေဉာဏံ ယာစ နိဗ္ဗိဒါ ဣမေ ဓမ္မာဧကတ္ထာ၊
ဗျဥ္ဇနမေဝ နာနန္တိ။

အနက်။ ။ ယာစ ဘယတု ပဋ္ဌာနေပညာ၊ အကြင် ဘယတုပဋ္ဌာနဉာဏ်လည်းတပါး။ ယဉ္စ အာဒီနဝေဉာဏံ၊ အကြင် အာဒီနဝဉာဏ်လည်းတပါး၊ ယာစနိဗ္ဗိဒါ၊ အကြင် နိဗ္ဗိဒါဉာဏ်လည်းတပါး။ ဣမေဓမ္မာ၊ ဤတရားသုံးပါးတို့သည်။ ဧကတ္ထာ၊ တူသောအနက်ရှိကုန်၏။ ဗျဥ္ဇနမေဝ၊ သဒ္ဒါသာလျှင်၊ နာနံ၊ မတူ။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်၏။



**ရုပ်နာမ်မှ - လွတ်လို, ဆင်ခြင်, အညီအညွတ်ရှုပုံ**

အပျက်မြင်သောကြောင့် - လွတ်လို၏
လွတ်လိုတာက - မုဉ္စိတုကမျတာဉာဏ်
အပျက်ဆိုတာက - ရုပ်နာမ်ပဲ
လွတ်လိုတာက - ယောဂီဉာဏ်ပဲ
အပျက်မြင်သောကြောင့် - ဆင်ခြင်၏
ဆင်ခြင်တာက - ပဋိသင်္ခါဉာဏ်
အပျက်ဆိုတာက - ရုပ်နာမ်ပဲ
ဆင်ခြင်တာက - ယောဂီဉာဏ်ပဲ
အပျက်မြင်သောကြောင့် - အညီအညွတ်ရှု
အညီအညွတ်ရှုတာက - သင်္ခါရုပေက္ခာဉာဏ်
အပျက်ဆိုတာက - ရုပ်နာမ်ပဲ
အညီအညွတ်ရှုတာက - ယောဂီဉာဏ်ပဲ။

ဤသို့ဆိုရာ၌ အောက်ပါ အာဒီနဝဉာဏ်နှင့် ထင်အပ်ပြီးသော ဘေး, ထင်အပ်ပြီးသော အပြစ်, ထင်အပ် ပြီးသော ငြီးငွေ့ဘွယ်ရှိသော ဥပ္ပါဒအစ, ဥပါယာသ အဆုံးရှိသော ၁၅-ပါးသော ဝတ္ထုကို အစ၌လွတ်လိုခြင်းငှာ, အလယ်၍ လွတ်ခြင်း၏အကြောင်းကို ဆင်ခြင်ခြင်းငှာ, အဆုံး၌လွတ်၍ အညီအမျှရှုခြင်းငှာ အနုလောမဉာဏ်၏ ရှေးဦးစွာ သင်္ခါရုပေက္ခာဉာဏ်ကို အားထုတ်အပ်၏။

ဝိညာဏက္ခန္ဓာ၏အရ စိတ်ဝိညာဏ် ၆-ပါး။ မြင်သော, ကြားသော, နံသော, စားသော, ထိသော, သိသော သဘော မမြင်, မကြား, မနံ, မစား, မထိ, မသိလို။ မြင်သော, ကြားသော, နံသော, စားသော, ထိသော, သိသော သဘော မမြဲ, ဆင်းရဲ,

အစိုးမရ, မတင့်တယ်၊ မြင်သော, ကြားသော, နံသော, စားသော, ထိသော, သိသောသဘော ငါမဟုတ်, ငါ့ဥစ္စာမဟုတ်၊ ဤသို့ အစရှိသောနည်းဖြင့် -

## ၉။ မုဉ္စိတုကမျတာဉာဏ်

ဤကား မစောင့်စည်းသောမိန်းမ ယောကျ်ားတပါးနှင့် ပေါင်းဖက်သကဲ့သို့ မြင်သော, ကြားသော, နံသော, စားသော, ထိသော, သိသောသဘော နိစ္စ, သုဘ, သုခ, အတ္တသညာ, ကိလေသာနှင့် ပေါင်းဘက်သော သံကိလေသ၊ အစ၌ မစောင့် စည်းသော မိန်းမကို ကွာရှင်းလိုသော ယောကျ်ားကဲ့သို့ မြင်သော, ကြားသော, နံသော, စားသော, ထိသော, သိသောသဘောကို လွတ်လိုသော မမြင်, မကြား, မနံ, မစား, မထိ, မသိလိုသော အခြင်းအရာ မုဉ္စိတုကမျတာဉာဏ်။

## ၁၀။ ပဋိသင်္ခါဉာဏ်

ဤကား မစောင့်စည်းသောမိန်းမ ယောကျ်ားတပါးနှင့် ပေါင်းဖက်၍ အပြစ်ရှိသကဲ့သို့ မြင်သော, ကြားသော, နံသော, စားသော, ထိသော, သိသောသဘော နိစ္စ, သုဘ, သုခ, အတ္တသညာ, ကိလေသာနှင့် ပေါင်းဘက်၍ အပြစ်ရှိသော သာဒီနဝ၊ အလယ်၌ မစောင့်စည်းသောမိန်းမနှင့် ကွာရှင်းခြင်း၏အကြောင်းကို ရှာသော ယောကျ်ားကဲ့သို့ မြင်သော, ကြားသော, နံသော, စားသော, ထိသော, သိသောသဘောနှင့် လွတ်ခြင်း၏ အကြောင်း မမြဲ, ဆင်းရဲ, အစိုးမရ, မတင့်တယ်ဟု ဆင်ခြင်သောအခြင်းအရာ ပဋိသင်္ခါဉာဏ်။



## ၁၁။ သင်္ခါရုပေက္ခာဉာဏ်

ဤကား လင်နှင့်ကွာရှင်းသောမိန်းမ၊ သူ့မယား ငါ့မယားမဟုတ်, လင်မှဆိတ်သကဲ့သို့ မြင်သော, ကြားသော, နံသော, စားသော, ထိသော, သိသောသဘော ငါမဟုတ်၊ ငါ့ဥစ္စာမဟုတ် သုညတ၊ အဆုံး၌ မစောင့်စည်းသော မိန်းမ၌ ကွာရှင်းပြီး၍ အပြစ်ကို မလို၊ အကျိုးကိုမပြု ငါ့မယားမဟုတ်ဟု အညီအမျှ ရှုသော ယောကျ်ားကဲ့သို့ မြင်သော, ကြားသော, နံသော, စားသော, ထိသော, သိသောသဘော၌ ကြောက်ခြင်း, နှစ်သက်ခြင်းကိုပယ်၍ မုန်းဘွယ်ကိုမလို၊ ချစ်ဘွယ်ကိုမပြု ငါမဟုတ် ငါ့ဥစ္စာမဟုတ်ဟု အညီအမျှရှုသော အခြင်းအရာ သင်္ခါရုပေက္ခာဉာဏ်။

ဤသို့ အစ၌ မုဉ္စိတုကမျတာဉာဏ်၊ အလယ်၌ ပဋိသင်္ခါ ဉာဏ်၊ အဆုံး၌ သင်္ခါရုပေက္ခာဉာဏ် ၃-ပါးတို့၏ အာရုံဖြစ်သော သံကိလေသ, သာဒီနဝ, သုညတကို ဝိက္ခမ္ဘနကိလေသာကွာရှင်း၊ မဂ်နှင့်ကင်းသော ဝိပဿနာ ပရိဝသ်ကို ဆောက်တည်၊ နိဗ္ဗာန် ပြည်ကမ်းတစ်ဖက် လှမ်းတက်သော အနုလောမဉာဏ် ဖြစ်သည် တိုင်အောင် ရှုအပ်၏။

ဤသို့ ဘေးထင်, အပြစ်မြင်, ငြီးငွေ့ပါများသောသူသည် သွားသောခဏ, သွား, သွားတယ်မှတ်သဖြင့် လွတ်လို၊ လွတ်လိုသောကြောင့် မုဉ္စိတုကမျတာဉာဏ်၊ လွတ်လိုသဖြင့် မလွတ်, လွတ်အောင် ဆင်ခြင်သောကြောင့် ပဋိသင်္ခါဉာဏ်၊ မလွတ်သဖြင့် အညီအညွတ်ရှိသောကြောင့် သင်္ခါရုပေက္ခာဉာဏ်ဟု ဆိုရ၏။ ရပ်, ထိုင်, အိပ်, မြင်, ကြား စသည်တို့၌လည်း အတူတူပင်။

ယာ စ မုဉ္စိတုကမျတာ ယာ စ ပဋိသင်္ခါ
နုပဿနာ ယာ စ သင်္ခါရုပေက္ခာ ဣမေ ဓမ္မာ
ဧကတ္ထာ၊ ဗျဉ္စနမေဝ နာနန္တိ။

အနက်။ ။ ယာစ မုဉ္စိတုကမျတာ၊ အကြင် မုဉ္စိတုကမျတာ ဉာဏ်လည်းတပါး။ ယာစ ပဋိသင်္ခါ နုပဿနာ၊ အကြင်ပဋိသင်္ခါ နုပဿနာဉာဏ်လည်းတပါး။ ယာစ သင်္ခါရုပေက္ခာ၊ အကြင်သင်္ခါ ရုပေက္ခာလည်း တပါး။ ဣမေဓမ္မာ၊ ဤတရားသုံးပါးတို့သည်။ ဧကတ္ထာ၊ တူသောအနက်ရှိကုန်၏။ ဗျဉ္စနမေဝ၊ သဒ္ဒါသည်သာ လျှင်၊ နာနံ၊ မတူ။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတောမူအပ်၏။

## ရုပ်နာမ်ချုပ်ပုံ

ရုပ်နာမ်ရှိက - အပျက်ရှိ
ရုပ်နာမ်မရှိက - အပျက်မရှိ
အပျက်ဆိုတာက - အဖြစ်ကလာ
အဖြစ်ဆိုတာလဲ - ရုပ်နာမ်ပဲ
အဖြစ်ရုပ်နာမ်မပေါ်က
အပျက်ရုပ်နာမ်မပေါ်
မဖြစ်ပေါ်တာကလဲ - နိဗ္ဗာန်ပဲ
ဖြစ်ပေါ်ခြင်းက - ရုပ်နာမ်ပဲ
မဖြစ်ပေါ်ခြင်းက - နိဗ္ဗာန်ပဲ
အစဉ်စပ်ခြင်းက - ရုပ်နာမ်ပဲ
အစဉ်ပြတ်ခြင်းက - နိဗ္ဗာန်ပဲ
နိမိတ်ထင်ခြင်းက - ရုပ်နာမ်ပဲ
နိမိတ်မထင်ခြင်းက - နိဗ္ဗာန်ပဲ။



## မဖြစ်ပေါ်တဲ့ နိဗ္ဗာန်

ဉပ္ပါဒေါ သင်္ခါရာတိ ဘယတုပဋ္ဌာနေပညာ
အာဒီနဝေ ဉာဏံ။ အနုပ္ပါဒေါ နိဗ္ဗာနန္တိ သန္တိ
ပဒေဉာဏံ။

အနက်။ ။ ဉပ္ပါဒေါ၊ ဖြစ်သောသဘောသည်ကား၊ သင်္ခါရာ၊ သင်္ခါရတို့တည်း။ ဣတိ၊ ဤသို့။ ဘယတုပဋ္ဌာနေပညာ၊ ဘေး ရှိ၏ဟုထင်သော ပညာသည်။ အာဒီနဝေဉာဏံ၊ အပြစ်ထင်သော ဉာဏ်မည်၏။ အနုပ္ပါဒေါ၊ မဖြစ်သောသဘောသည်ကား၊ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ခေမာတုပဋ္ဌာနေပညာ၊ ဘေးမရှိဟု ထင်သောပညာသည်။ သန္တိပဒေဉာဏံ၊ နိဗ္ဗာန်ထင်သောဉာဏ်မည်၏။

## အစဉ်ပြတ်တဲ့ နိဗ္ဗာန်

ပဝတ္တံ သင်္ခါရာတိ ဘယတုပဋ္ဌာန ပညာ
အာဒီနေဝေဉာဏံ။ အပ္ပဝတ္တံ နိဗ္ဗာနန္တိ သန္တိ
ပဒေဉာဏံ။

အနက်။ ။ ပဝတ္တံ၊ အစဉ်မပြတ်သောသဘောသည်ကား၊ သင်္ခါရာ၊ သင်္ခါရာတို့တည်း။ ဣတိ၊ ဤသို့၊ ဘယတုပဋ္ဌာနေပညာ၊ ဘေးရှိ၏ဟု ထင်သောပညာသည်။ အာဒီနဝဉာဏံ၊ အပြစ် ထင်သောဉာဏ် မည်၏။ အပဝတ္တံ၊ အစဉ်ပြတ်သောသဘော သည်ကား၊ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ ဤသို့။ ခေမတုပဋ္ဌာနေ ပညာ၊ ဘေးမရှိဟု ထင်သောပညာသည်။ သန္တိပဒေဉာဏံ၊ နိဗ္ဗာန်ထင်သောဉာဏ်မည်၏။

## နိမိတ်မထင်တဲ့ နိဗ္ဗာန်

နိမိတ္တံ သင်္ခါရာတိ ဘယတု ပဋ္ဌာနေ ပညာ
အာဒီနဝေ ဉာဏံ။ အနိမိတ္တံ နိဗ္ဗာနန္တိ သန္တိ
ပဒေဉာဏံ။

အနက်။ ။ နိမိတ္တံ၊ ငါထင်သောသဘောသည်ကား၊ သင်္ခါရာ၊ သင်္ခါရာတို့တည်း။ ဣတိ၊ ဤသို့။ ဘယတုပဋ္ဌာနေပညာ၊ ဘေးရှိ၏ ဟုထင်သော ပညာသည်။ အာဒီနဝေဉာဏံ၊ အပြစ်ထင်သောဉာဏ် မည်၏။ အနိမိတ္တံ၊ ငါမထင်သောသဘောသည်ကား၊ နိဗ္ဗာနံ၊ နိဗ္ဗာန် တည်း။ ဣတိ၊ ဤသို့။ ခေမတုပဋ္ဌာနေပညာ၊ ဘေးမရှိဟု ထင်သော ပညာသည်။ သန္တိပဒေဉာဏံ၊ နိဗ္ဗာန်ထင်သောဉာဏ်မည်၏။

## ၁၂။ အနုလောမဉာဏ်

ဤသို့ သင်္ခါရုပေက္ခာဉာဏ်ဖြင့် ခွာအပ်ပြီးသော ဝိက္ခမ္ဘန ကိလေသာ၊ ဆောက်တည်အပ်ပြီးသော ဝိပဿနာ ပရိဝါရ်ရှိသော ၂၃-ပါးသော ကောဋ္ဌာသ၊ ၁၅-ပါးသော ဝတ္ထုတို့၏အရ ၅-ပါး သော ခန္ဓာတို့တွင် ဝိညာဏက္ခန္ဓ၏ အရ တစ်စိတ်ဖြစ်သော ဒွါရ ၆-ပေါက် တစ်ပေါက်ပေါက်မှအထွက်၊ ဖွတ်နှင့်တူသောစိတ်၊ ဝိညာ အသိသဘောကို မမြဲဟု သင်္ခါရုပေက္ခာဉာဏ်ဖြင့် ရှုပြီး သည်မှနောက် အစဉ်သဖြင့်ရောက်အပ်သော မဂ်ဉာဏ်၏ ရှေးဦးစွာ ဂေါတြဘူဉာဏ်၊ ဂေါတြဘူဉာဏ်၏ ရှေးဦးစွာ အနုလောမဉာဏ်ကို အားထုတ်၍ -

အစ, အလယ်, အဆုံး ၃-ပါးလုံးရကောင်းသော အနုလောမ ဉာဏ်ဖြင့် သင်္ခါရုပေက္ခာဉာဏ်သည် မမြဲဟု ရှုအပ်ပြီးသောစိတ် ဝိညာဏ်အသိသဘောကိုပင် မမြဲ, မမြဲ, မမြဲဟု ၃-ကြိမ်တိုင်တိုင် ရှုသော အနုလောမဉာဏ်နှင့် တစ်ပြိုင်နက် မမြဲဟုရှုသော အာရုံ



နှင်နှင် စိတ်ဝိညာဏ် အသိသဘော၌ အနုသယ ပရိယုဋ္ဌာန ဘဝတစ်ဖန် ခန္ဓာနာမ်ရုပ် တဒင်္ဂအနုပ္ပါဒချုပ်သောကြောင့် နိဗ္ဗာန် ကဲ့သို့ အနုသယ ပရိယုဋ္ဌာန် ဘဝတစ်ဖန် ခန္ဓာနာမ်ရုပ် သမုစ္ဆေဒ အနုပ္ပါဒချုပ်လျှင် နိဗ္ဗာန်ပင်တည်းဟု အာရုံပြု၍ -

မျက်မှောက်ဆတ်ဆတ် မချုပ်သေးရကား တပ်အပ်မမြင် မှတ်ရုံပင် မှတ်၍ပေးအပ်သော ဂေါတြဘူဉာဏ် နှင့် မခြားမပြတ် စပ်အပ်, ရောက်အပ်သော အစဉ်ရှိသောမဂ်ဉာဏ်နှင့်တစ်ပြိုင်နက် အတိတ်, အနာဂတ်, ပစ္စုပ္ပန် ၃-တန်သော လောကီခန္ဓာတို့၌ အနုသယ, ပရိယုဋ္ဌာန် ဘဝတစ်ဖန် ခန္ဓာနာမ်ရုပ် သမုစ္ဆေဒ အနုပ္ပါဒ ချုပ်သော နိဗ္ဗာန်ကိုအာရုံပြု၍ မျက်မှောက်ဆတ်ဆတ် တပ်အပ် ထင်ထင် မဂ်ဉာဏ်မြင်သဖြင့် -

အနုလောမဉာဏ်နှင့် သမ္ပယုတ်ဖြစ်ခိုက် အဇ္ဈတ္တအမည်ရသော မဟာကုသိုလ်ဇော စိတ္တုပ္ပါဒ် သင်္ခါရ တရားသည် အနုလောမ ဉာဏ်ဖြင့် ဗဟိဒ္ဓအရ ရှစ်ပါးသော ဌာနတို့တွင် ဒုက္ခသစ္စာကိုလည်း သိမြင်နိုင်၏။ သမုဒယသစ္စာကိုလည်း သိမြင်နိုင်၏။ နိရောဓသစ္စာ, မဂ္ဂသစ္စာကို မသိမြင်နိုင်။ အတိတ်ခန္ဓာ, အနာဂတ်ခန္ဓာ, ပစ္စုပ္ပန် ခန္ဓာကိုလည်း သိမြင်နိုင်၏။ ပဋိစ္စသမုပ္ပါဒ်၏ အကြောင်းတရား, အကျိုးတရား ကိုလည်း သိမြင်နိုင်၏။

## ၁၃။ ဂေါတြဘူဉာဏ်

ဂေါတြဘူဉာဏ်နှင့် သမ္ပယုတ်ဖြစ်ခိုက် အဇ္ဈတ္တအမည်ရသော မဟာကုသိုလ်ဇော စိတ္တုပ္ပါဒ်သင်္ခါရတရား သည် ဂေါတြဘူဉာဏ်ဖြင့် ဗဟိဒ္ဓအရ ရှစ်ပါးသောဌာနတို့တွင် နိရောဓသစ္စာတစ်ပါးကိုသာလျှင် သိမြင်နိုင်၏။

## ၁၄။ မဂ်ဉာဏ်

မဂ်ဉာဏ်နှင့် သမ္ပယုတ်ဖြစ်ခိုက် အဇ္ဈတ္တ အမည်ရသော မဂ်ဇော စိတ္တုပ္ပါဒ်တရားသည် မဂ်ဉာဏ်ဖြင့် ဖြစ်ခိုက် အဇ္ဈတ္တအရ မဂ္ဂသစ္စာကိုလည်း သိမြင်နိုင်၏။ ဗဟိဒ္ဓအရ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, အတိတ်ခန္ဓာ, အနာဂတ်ခန္ဓာ, ပစ္စုပ္ပန်ခန္ဓာ, ပဋိစ္စသမုပ္ပါဒ်၏အကြောင်းတရား အကျိုးတရားကိုလည်း သိမြင်နိုင်၏။

မဂ္ဂ သမင်္ဂိဿ ဉာဏံ၊ ဒုက္ခေပေတံ ဉာဏံ၊
ဒုက္ခသမုဒယေပေတံ ဉာဏံ၊ ဒုက္ခနိရောဓေပေတံ
ဉာဏံ၊ ဒုက္ခနိရောဓဂါမိနီယာ ပဋိပဒါယပေတံ
ဉာဏံ။

အနက်။ ။ မဂ္ဂ သမင်္ဂိဿ၊ မဂ်နှင့်ပြည့်စုံသောသူ၏။ ယံ ဉာဏံ၊ အကြင်မဂ်ဉာဏ်သည်။ အတ္ထိ၊ ရှိ၏။ ဧတံ ဉာဏံ၊ ထိုဉာဏ်သည်။ ဒုက္ခေပိဉာဏံ၊ ဒုက္ခသစ္စာကိုလည်းသိ၏။ ဧတံ ဉာဏံ၊ ထိုဉာဏ်သည်၊ ဒုက္ခသမုဒယေပိဉာဏံ၊ ဒုက္ခ၏အကြောင်း သမုဒယသစ္စာကိုလည်း သိ၏။ ဧတံ ဉာဏံ၊ ထိုဉာဏ်သည်။ ဒုက္ခနိရောဓေပိ ဉာဏံ၊ ဒုက္ခ၏ချုပ်ရာ နိရောဓသစ္စာကိုလည်း သိ၏။ ဧတံ ဉာဏံ၊ ထိုဉာဏ်သည်။ ဒုက္ခနိရောဓဂါမိနီယာ ပဋိပဒါယပိဉာဏံ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်မဂ္ဂသစ္စာကိုလည်း သိ၏။

## ငါးပါးသီလ လုံပုံ

ဤသို့ ရုပ်နာမ်တို့၏ မဖြစ်ပေါ်ဘဲ ချုပ်သောအာရုံသို့ တစ်ကြိမ်မျှလောက် ရောက်ဘူး, ရဘူးသောသူမှာ သူ့အသက်ကိုသတ်ခြင်း, သူ့ဥစ္စာကိုခိုးယူခြင်း, သူတစ်ပါးအိမ်ရာကိုပြစ်မှားခြင်း, မုသားကို



ဆိုခြင်း, သူရာကို သောက်ခြင်း စသော မကောင်းမှု အကုသိုလ်အမှုတို့သည် မရှိတော့ဘဲ ရုပ်နာမ်၏ မဖြစ်ဘဲချုပ်သော ဤနိဗ္ဗာန်တရားသာလျှင် မှန်၏။ ဤတရားမှတပါး အမှန်မရှိတော့ပြီဟု မိမိသည် အယူမှန်တွေ့သော နိဗ္ဗာန်၌ ယုံမှားသောစိတ်အမြစ်ပါပြတ်သဖြင့် အပါယ်ဘုံ, အပါယ်ဘဝသို့ မရောက်တော့ပြီဟု ထိုသူ၏စိတ်မှာ တည်တော့၏။

## စိတ်မှာတည်ပုံ

စိတ်မှာတည်သော စကားသည် မရွေ့မပြောင်းတာကိုဆိုသည်။ ဘယ်လိုမရွေ့ပြောင်းသနည်း။ သင်သည် လူဖြစ်သည်ကစ၍ စားရင်းလဲလူ, သွားရင်းလဲလူ, ပြောရင်းလဲလူ, ဘယ်အမှုကိုမဆို ပြုလုပ်ရင်းလဲ လူပဲဟု ထင်နေသော သင်၏စိတ်သည် တစ်ခါတစ်ရံ ရွေ့ပြောင်း၍ ငါသည် ခွေးများဖြစ်လေရော့သလား၊ သို့မဟုတ် နွား စသော တိရစ္ဆာန်များဖြစ်လေရော့သလားဟု တစ်ခါမျှ မအောက်မေ့ဘူးတာကို စိတ်မရွေ့မပြောင်းဟု ဆို၏။

## အပါယ်မရောက်ပုံ

ထို့အတူ ရုပ်နာမ်တို့၏ မဖြစ်ပေါ်ဘဲချုပ်သော နိဗ္ဗာန်အာရုံသို့ တစ်ခါတစ်ခေါက်မျှ တွေ့ဘူး, ရောက်ဘူး သောသူ၏ စိတ်သည်လည်း ငါသည် အပါယ်သို့များရောက်ဦးမှာလား၊ မရောက်တော့ဘူးလားဆိုတာ ဒွိဟစိတ် သည် အကုန်ပျောက်ကင်းပြီး စားရင်းလဲ အပါယ်မရောက်၊ သွားရင်းလဲ အပါယ်မရောက်၊ ရပ်ရင်း, ထိုင်ရင်း, အိပ်ရင်းလဲ အပါယ်မရောက်ဟု စိတ်၌အမြဲထင်နေသည်ကို ဆို၏။ ဤသို့စိတ်၌ အပါယ်တံခါးပိတ်ပြီဟု အမြဲ တည်နေသော ပုဂ္ဂိုလ်ကို သောတာပန်ပုဂ္ဂိုလ်ဟုဆို၏။

ကျမ်းဂန်၌လည်း သဗ္ဗအပါယဒွါရာနိ၊ အလုံးစုံသော အပါယ် တံခါးတို့ကို၊ ပိဒဟတိ၊ ပိတ်၏ဟူ၍ လည်းကောင်း။ ဧဝံ၊ ဤသို့။ အနေကာ နိသံသဒါယကေန၊ များသောအာနိသင်ကိုပေးတတ်သော။ သောတာပတ္တိမဂ္ဂေန၊ သောတာပတ္တိမဂ်နှင့်။ သမ္ပယုတ္တံ၊ ယှဉ်သော ဉာဏံ၊ ဉာဏ်ကို။ သောတာပတ္တိမဂ္ဂေဉာဏန္တိ၊ သောတာ ပတ္တိမဂ်ဉာဏ် ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤကား 'သောတာပန်ပုဂ္ဂိုလ်' ဖြစ်ပုံတည်း။

သကဒါဂါမ်ပုဂ္ဂိုလ်၊ အနာဂါမ်ပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်ဖြစ်ရန် ကိုလည်း ဤနည်းအတိုင်းသာ အားထုတ်ရ သည်။ ဥဒယဗ္ဗယ ဉာဏ်ကစ၍ ပေါ်ပုံသာထူး၏။ ဤသို့သော စကားအစဉ်ဖြင့် ဉာဏ်စဉ် ၁၀-ပါး မင်းကွန်းသွား သည် နိဂုံးကမ္ပတ် အဆုံးသတ်၏။

ဤကား -

ငါတို့ ဗုဒ္ဓဘာသာ - တရားဝါဒ၏

အဆုံးအကျင့် - အဆုံးအလုပ်

အဆုံးတရား - အဆုံးစကား

အဆုံးလမ်းပေတည်း။

**ဉာဏ်စဉ် ၁၀-ပါး မင်းကွန်းသွား ပြီး၏။**

**ဝိပဿနာဉာဏ် ၁၀-ပါးသရုပ်မှာ သမ္မသနဉာဏ်မှ**

**အနုလောမဉာဏ်အထိ ရေတွက်ရန်ဖြစ်သည်။**



**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

## သစ္စာလေးပါး မင်းကွန်းသွား

### ဒေသနာ သစ္စာလေးပါး

သစ္စာဆိုတာကလဲ - လေးခုပြား

ဒုက္ခသစ္စာဆိုတာကလဲ - တစ်ခုတစ်ပါး

သမုဒယသစ္စာဆိုတာကလဲ - တစ်ခုတစ်ပါး

နိရောဓသစ္စာဆိုတာကလဲ - တစ်ခုတစ်ပါး

မဂ္ဂသစ္စာဆိုတာကလဲ - တစ်ခုတစ်ပါး

အထက်ပါစကားအရ ဆိုအပ်သော ဒုက္ခသစ္စာ, သမုဒယ သစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာဟူသော သစ္စာ ၄-ပါး တရား တို့သည် ဘုရားရှင်၏ဒေသနာက္ကမနည်းအစဉ်တွင် တင်၍ ဟော တော်မူအပ်သော ဒေသနာအစဉ်ကို သစ္စာကို ခေါ်ဆိုအပ်သော ကြောင့် ဒေသနာသစ္စာဟု ဆို၏။

### အာရုံထင် - ဥပစာသစ္စာ

ပွားမှု, သတိထင် - မဂ္ဂသစ္စာပင်

ပေါ်မှု, ရုပ်နာမ်ထင် - ဒုက္ခသစ္စာပင်

ပယ်မှု, လောဘထင် - သမုဒယသစ္စာပင်

ချုပ်မှု, တဏှာထင် - နိရောဓသစ္စာပင်

ဤလင်္ကာအရ ခွဲဝေ၍ပြရန်ကိုကား ပွားမှုသတိထင်ဆိုရာ၌ မဂ္ဂင်ရှစ်ပါးတရားတို့သည် သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာ သမာဓိဟု ရှိကြကုန်၏။ ထိုသို့ရှိရာ၌ အမှန်မြင်ခြင်းကို သမ္မာဒိဋ္ဌိ

ဟုဆိုသည်။ အမှန်ကြံခြင်းကို သမ္မာသင်္ကပ္ပဟုဆိုသည်။ အမှန်ပြောဆိုခြင်းကို သမ္မာဝါစာဟု ဆိုသည်။ အမှန်အမှုပြုခြင်းကို သမ္မာကမ္မန္တ ဆိုသည်။ အမှန်အသက်မွေးခြင်းကို သမ္မာအာဇီဝ ဆိုသည်။ အမှန်လုံ့လပြုခြင်းကို သမ္မာဝါယာမ ဆိုသည်။ အမှန် အောက်မေ့ခြင်းကို သမ္မာသတိဆိုသည်။ အမှန်တည်သည်ကို သမ္မာသမာဓိဆိုသည်။

ထိုသို့ဆိုရာ၌ ဤမဂ္ဂင်ရှစ်ပါးတရားတို့သည် မဂ္ဂသစ္စာသာဖြစ်ကြကုန်သောကြောင့် ရုပ်နာမ်၌ အမှန် ပွားမှုအာရုံထင်သော သတိကို မဂ္ဂသစ္စာထဲသို့သွင်း၍ ဖွဲ့စည်းရပါသဖြင့် မဂ္ဂသစ္စာဟု ဆို၏။ ဤထင်သော သတိဖြင့် ပွားများသော မဂ္ဂသစ္စာကို အထပ်ထပ်ရှုမှတ်ဖန်များသောသူသည် ရုပ်နာမ်တရား ထင်ရှား ပေါ်ထင်လာလိမ့်မည်။ ထိုပေါ်လာသော ရုပ်နာမ်သည်ကား မည်သူ နည်း၊ ဒုက္ခသစ္စာပင်တည်း။

ရုပ်နာမ်ဒုက္ခ တွေ့ပါများသောသူသည် ထိုရုပ်နာမ်ဒုက္ခ၌ တပ်မက်ဖွယ်, နှစ်သက်ဖွယ်, တွယ်တာဖွယ် ဖြစ်သော တဏှာလောဘ မရှိနိုင်သည်ကား အမှန်ပင်ဖြစ်၏။ မရှိကိုဆိုသဖြင့် ရှိနေသော တဏှာလောဘကို သမုဒယသစ္စာဟု ဆို၏။ ထိုလောဘတဏှာ သမုဒယသစ္စာ၏ ချုပ်ရာကိုကား နိရောဓသစ္စာဟု ဆို၏။

## အလုပ်သစ္စာ

မဂ္ဂသစ္စာပွားမှ - ဒုက္ခသစ္စာပေါ်
ဒုက္ခသစ္စာပေါ်မှ - သမုဒယသစ္စာပယ်
ပယ်တဲ့သမုဒယ - နိရောဓ



## မုချသစ္စာ

ပွားမှု, သတိထင် - မဂ္ဂသစ္စာပင်
ပေါ်မှု, ရုပ်နာမ်ထင် - ဒုက္ခသစ္စာပင်
ပယ်မှု, လောဘထင် - သမုဒယသစ္စာပင်
ချုပ်မှု, ရုပ်နာမ်ထင် - နိရောဓသစ္စာပင်

ဤသို့ဆိုရာ၌ 'ချုပ်မှုရုပ်နာမ်ထင် - နိရောဓသစ္စာပင်' ဟုဆိုသောစကား၊ နောက်ကပြဆိုခဲ့သော ဥပစာ၌ 'ချုပ်မှုတဏှာထင် - နိရောဓသစ္စာပင်' ဟု ဆိုခဲ့သောစကား ၂-ရပ်တို့တွင် တဏှာချုပ်ခြင်းနှင့် ဒုက္ခချုပ်ခြင်း ၂-မျိုးဖြစ်၏။ ထို ၂-မျိုးတို့၌ 'ယော တဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓော မုတ္တိ အနာလယောစာဂေါ - ပဋိနိဿဂ္ဂေါ' ဟူ၍လည်း 'တဏှာချုပ်ရာ နိဗ္ဗာန်ကို' မြတ်စွာဘုရား ဟော၏။ 'ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ' ဟူ၍လည်း ဒုက္ခချုပ်ရာ နိဗ္ဗာန်ကို မြတ်စွာဘုရားပင် ဟော၏။ ထိုသို့ပင် ဟောသော်ငြားလည်း သမုဒယသစ္စာတဏှာကြောင့်သာ ဒုက္ခသစ္စာ ရုပ်နာမ်ဖြစ်သည်ဟု ဟောတော်မူသည့်အတိုင်း သမုဒယသစ္စာ ချုပ်ခြင်းသည် အကြောင်းချုပ်မှုသာ ဖြစ်ပေသည်။ ဒုက္ခသစ္စာချုပ်ခြင်းသည် အကျိုးချုပ်မှုသာဖြစ်ပေသည်။

ထိုအကြောင်း, အကျိုး ၂-ပါးတို့တွင် အကျိုးသည် အကြောင်းနှင့်မကင်း၊ အကြောင်းမရှိက အကျိုးတရား မဖြစ်နိုင်ပေ။ ဖြစ်သောအကျိုးလည်း တစ်ဖန်မဖြစ်က အကြောင်းလည်း တစ်ဖန်မဖြစ်နိုင်ပေ။ သို့အတွက် အကျိုးနှင့် အကြောင်းသည် ဆက်စပ်၍နေ၏။ အကျိုးကား မျက်မှောက်အာရုံသာဖြစ်၏။ အကြောင်းကား မျက်ကွယ်အာရုံ သာဖြစ်၏။ ဥပမာ - လူတစ်ယောက်ထံသို့ တွေ့လိုသောကြောင့်သွား၏။ သွားသောသူ၏လမ်းတွင်ဖြစ်ရာ သွားသော

အခြင်းအရာကိုကား အတွေ့ခံမည့်သူသည် မမြင်နိုင်, မတွေ့နိုင်၊ အတွေ့ခံမည့်သူ၏ မျက်မှောက်သို့ ရောက်၍ သွားရေးဆိုခွင့်ပြုနေသည်ကိုသာ မြင်နိုင်, တွေ့နိုင်သလို -

ဤဥပမာ၌ သွားသောသူ၏လမ်းတွင် ဘယ်, ညာ တစ်လှမ်းစီ သွားလာမှုကား အကြောင်းတရား၊ သွားလာသဖြင့် မျက်နှာစုံညီ ပြောဆိုနေမှုကား အကျိုးတရား၊ ထို့အတူ သမုဒယသစ္စာခေါ်သော တဏှာလောဘကား အကြောင်းတရား၊ ဒုက္ခသစ္စာခေါ်သော ရုပ်နာမ်ကား အကျိုးတရား။ တိုင်ပင်ရန်သွားသောသူ၏ လာခဲ့သော လမ်းခရီးအစဉ်ကို အတိုင်ပင်ခံရသူသည် မမြင်နိုင်သလို သမုဒယသစ္စာအကြောင်းတရား ချုပ်သည်ကိုလည်း မမြင်နိုင်ပေ။ တိုင်ပင်ရာ၌ မျက်နှာစုံညီ တစ်ဦးနှင့်တစ်ဦး ဒိဋ္ဌ မျက်မှောက်တွေ့မြင်ရသလို အကျိုးဖြစ်သော ဒုက္ခသစ္စာ ချုပ်ငြိမ်းသော သဘောကိုသာ မျက်မှောက်ပြုနိုင်ပေလိမ့်မည်။ ထိုစကားသည် 'နိဗ္ဗာန သစ္ဆိကိရိယာစ ဧတံ မင်္ဂလ မုတ္တမံ' ဟူသော ဒေသနာတော်နှင့်လည်း ကိုက်ညီ၏။

### သစ္စာအနက် ၁၆-ချက်

**ဒုက္ခသစ္စာ - ၄**

နှိပ်စက်တဲ့သဘောကလဲ - ဒုက္ခပဲ
ပူပြင်တဲ့သဘောကလဲ - ဒုက္ခပဲ
ပူလောင်တဲ့သဘောကလဲ - ဒုက္ခပဲ
ဖောက်ပြန်တဲ့သဘောကလဲ - ဒုက္ခပဲ
ဒုက္ခဿ - ပီဠနဋ္ဌော, သင်္ခတဋ္ဌော,
သန္တာပဋ္ဌော, ဝိပရိဏာမဋ္ဌော၊ တထဋ္ဌော။



**သမုဒယသစ္စာ - ၄**

အားထုတ်တဲ့သဘောကလဲ - သမုဒယပဲ
အကြောင်းဆိုတဲ့သဘောကလဲ - သမုဒယပဲ
ကပ်ငြိတဲ့သဘောကလဲ - သမုဒယပဲ
ပိတ်ပင်တဲ့သဘောကလဲ - သမုဒယပဲ
သမုဒယဿ - အာယူဟနဋ္ဌော, နိဒါနဋ္ဌော
သံယောဂဋ္ဌော, ပလိဗောဓဋ္ဌော၊ တထဋ္ဌော။

**နိရောဓသစ္စာ - ၄**

ကျွတ်လွတ်တဲ့သဘောကလဲ - နိရောဓပဲ
ကင်းဆိတ်တဲ့သဘောကလဲ - နိရောဓပဲ
မပြုပြင်တဲ့သဘောကလဲ - နိရောဓပဲ
မသေတဲ့သဘောကလဲ - နိရောဓပဲ
နိရောဓဿ - နိဿရဏဋ္ဌော, ဝိဝေကဋ္ဌော,
အသင်္ခတဋ္ဌော, အမတဋ္ဌော၊ တထဋ္ဌော။

**မဂ္ဂသစ္စာ - ၄**

ထွက်မြောက်တဲ့သဘောကလဲ - မဂ္ဂပဲ
အကြောင်းဆိုတဲ့သဘောကလဲ - မဂ္ဂပဲ
မြင်နိုင်တဲ့သဘောကလဲ - မဂ္ဂပဲ
ကြီးမှူးတဲ့သဘောကလဲ - မဂ္ဂပဲ
မဂ္ဂဿ - နိယျာနဋ္ဌော, ဟေတုဋ္ဌော,
ဒဿနဋ္ဌော, အာဓိပတေယျဋ္ဌော၊ တထဋ္ဌော။

**သစ္စာလေးပါး မင်းကွန်းသွား ပြီး၏။**

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# သတိပဋ္ဌာန်တရား မင်းကွန်းသွား

### ပါဠိဘာသာ ပွားပုံ

ကာယဂတာသတိကိုပွားမှ - သုဘသညာပယ်
ဝေဒနာဂတာသတိကိုပွားမှ - သုခသညာပယ်
စိတ္တဂတာသတိကိုပွားမှ - နိစ္စသညာပယ်
ဓမ္မဂတာသတိကိုပွားမှ - အတ္တသညာပယ်။

ဤသို့ဆိုရာ၌ သတိပဋ္ဌာန်တရားသည် ကာယာနုပဿနာ သတိပဋ္ဌာန်, ဝေဒနာနုပဿနာ သတိပဋ္ဌာန်, စိတ္တာနုပဿနာ သတိပဋ္ဌာန်, ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဟု ၄-ပါးဖြစ်သတည်း။

ထို ၄-ပါးတို့တွင်

'ကာယာနုပဿနာ' သတိပဋ္ဌာန်သည်လည်း အဿာသ, ပဿာသ၊ ထွက်လေ, ဝင်လေကိုမှတ်၍ ပွားများသော ကာယာနုပဿနာသတိပဋ္ဌာန်တစ်မျိုး။ ဣရိယာပုထ် ၄-ပါး သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်း ကိုမှတ်၍ ပွားများသော ကာယာနုပဿနာသတိပဋ္ဌာန်တစ်မျိုး။ ကွေးခြင်း, ဆန့်ခြင်း အစရှိသည်ကို မှတ်၍ ပွားများသော ကာယာနုပဿနာ သတိပဋ္ဌာန်တစ်မျိုး။ ပူခြင်း, အေးခြင်း အစရှိသည်ကိုမှတ်၍ ပွားများသော ကာယာနုပဿနာ သတိပဋ္ဌာန်တစ်မျိုး။ ဆံပင်, မွေးညင်းစသော ၃၂-ပါးသော ကောဋ္ဌာသကို မှတ်၍ပွားများသော ကာယာနုပဿနာ သတိပဋ္ဌာန်တစ်မျိုး ဤငါးမျိုးနှင့်တကွ သိဝထိ ၉-ပိုင်းမှလာသော သိဝထိက ၉-မျိုးဟု ဆိုအပ်သော ကာယာနုပဿနာသတိပဋ္ဌာန် ၁၄-ပါးတို့ကိုလည်းကောင်း။



'ဝေဒနာနုပဿနာ' သတိပဋ္ဌာန်တရားသည်လည်း သုခဝေဒနာတစ်မျိုး, ဒုက္ခဝေဒနာတစ်မျိုး, အဒုက္ခမသုခဝေဒနာတစ်မျိုး, သာမိသသုခဝေဒနာတစ်မျိုး, နိရာမိသသုခဝေဒနာတစ်မျိုး, သာမိသဒုက္ခဝေဒနာတစ်မျိုး, နိရာမိသဒုက္ခဝေဒနာတစ်မျိုး, သာမိသ အဒုက္ခမသုခဝေဒနာတစ်မျိုး, နိရာမိသအဒုက္ခ မသုခဝေဒနာ တစ်မျိုး ဤသို့သော ဝေဒနာတရားတို့၌လည်းကောင်း။

'စိတ္တာနုပဿနာ' သတိပဋ္ဌာန်တရားသည်လည်း သရာဂစိတ်, ဝီတရာဂစိတ်, သဒေါသစိတ်, ဝီတဒေါသစိတ်, သမောဟစိတ်, ဝီတမောဟစိတ်, သံခိတ္တစိတ်, ဝိက္ခိတ္တစိတ်, မဟဂ္ဂတစိတ်, အမဟဂ္ဂတစိတ်, သဉတ္တရစိတ်, အနုတ္တရစိတ်, သမာဟိတစိတ်, အသမာဟိတစိတ်, ဝိမုတ္တစိတ်, အဝိမုတ္တစိတ် ဤသို့သော စိတ်တရားတို့၌လည်းကောင်း။

'ဓမ္မာနုပဿနာ, သတိပဋ္ဌာန်တရားသည်လည်း နီဝရဏတရား ၅-ပါး, ဥပါဒါန်ခန္ဓာ ၅-ပါး, အဇ္ဈတ္တိက ဗာဟိရာယတန ၆-ပါး, သစ္စာ ၄-ပါး ဤသို့သော သဘောတရားတို့၌လည်းကောင်း။ ထင်သောသတိနှင့် ရှုမှတ် ပွားများအားထုတ်သော ယောဂီပုဂ္ဂိုလ်အား ကိုယ်၌သတိထား၍ ပွားများပါလျှင် တင့်တယ်၏ဟူသော သုဘ အမှတ်ရှိသော သညာအမှတ်သည် ကွာပြတ်တော့၏။

နောက်ကပြဆိုခဲ့ပြီးသော ဝေဒနာတရားတို့၌ ပွားများမှတ်သားသော ယောဂီသည် ခံစားမှုဝေဒနာဟူသမျှ ချမ်းသာသုခဟု ထင်မှတ်သော အမှတ်မှားသညာ ကိလေသာသည်လည်း ပြတ် ကွာ၍ ရှင်းတော့၏။ ၄င်းအပြင် နောက်ကပြဆို ထိုထိုစိတ်တို့၏ ဖြစ်ပေါ်မှုကို ကြည့်ရှုမှတ်သား သတိထား၍ ပွားများမပြတ် အထပ်ထပ်အားထုတ်သောသူမှာ စိတ်သည်မြဲ၏, စိတ်သည် တည်၏ ဟူသော အမှတ်မှား

နိစ္စသညာပျောက်ကင်း၍ လွတ်မြောက်နိုင်၏။ ထိုမှတပါး အထက်ဖော်ပြပါ နီဝရဏ စသော သဘောတရားတို့ကို ရှုမှတ်ပွားများသောသူမှာ ဘယ်အရာမဆို ထိုထိုပြုလုပ်မှုတို့၌ ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာဟု အစဉ်စွဲလမ်း မပြတ်တမ်းဖြစ်ပေါ်၍နေသော အတ္တသညာ ကိလေသာသည် ပယ်ကွာပြတ်ခြင်းဖြင့် ရုပ်သိမ်းခြင်းသို့ရောက်ရလေတော့သတည်း။

## မြန်မာဘာသာ ပွားပုံ

ကိုယ်၌သတိထင် - သုဘသညာစင်
ဝေဒနာ၌သတိထင် - သုခသညာစင်
စိတ်၌သတိထင် - နိစ္စသညာစင်
သဘော၌သတိထင် - အတ္တသညာစင်

ဤ ၄-ပါးသော သတိပဋ္ဌာန်တရားကို လုံ့လမယုတ် ခုနစ်နှစ်တိုင်တိုင် ကြိုးပမ်းအားထုတ်သော သူတော်စင် အပေါင်းတို့သည် ၂-ပါးသောဖိုလ်တို့တွင် တစ်ပါးပါးသောဖိုလ်သို့ ရနိုင်, ရောက်နိုင်၏။ (ဝါ) အနာဂါမ် ရဟန္တာ တိုင်အောင် ဖြစ်နိုင်၏ဟုဆိုလိုသည်။ ခုနစ်နှစ်ဆိုသည်ကား နှစ်ပရိစ္ဆေဒများလွန်းလှသဖြင့် ပါရမီသမ္ဘာရနောက်ခံ ရှိပါက ၆-နှစ်သော်လည်းကောင်း၊ ၄-နှစ်သော်လည်းကောင်း၊ ၃-နှစ်သော်လည်းကောင်း၊ ၂-နှစ်သော်လည်း ကောင်း၊ ၁-နှစ်သော်လည်းကောင်း အားထုတ်ကာ အထက်ပါဖိုလ် ၂-ပါး ခံစားရပါ၏။ ၁-နှစ်မူကား အချိန် ပိုင်းခြား များသေးပါမူ ပါရမီအကြောင်းကံရင့်သန်သော ပုဂ္ဂိုလ်များဖြစ်ပါက ၇-လသော်လည်းကောင်း၊ ၆-လ သော်လည်းကောင်း၊ ၅-လသော်လည်းကောင်း၊ ၄-လသော်လည်းကောင်း၊ ၃-လသော်လည်းကောင်း၊ ၂-လသော်



လည်းကောင်း၊ ၁-လသော်လည်းကောင်း၊ ၁၅-ရက် သော်လည်းကောင်း အားထုတ်က အထက်ပါဖိုလ် ၂-ပါး ခံစားရပါ၏။ ၁၅-ရက်ကား အချိန်များသည်ထင်အံ့၊ ၇-ရက်နှင့်ပင် အထက်ပါဖိုလ် ၂-ပါးခံစားရကြောင်းကို ကျမ်းမြတ်သတိပဋ္ဌာန်တွင် ဘုရားရှင်ကိုယ်တော်မြတ် ရွှေနှုတ်တော်မှ တပ်အပ်မိန့်မြွက်တော် မူခဲ့ပါ၏။ သို့အတွက် သောကတရား, ပရိဒေဝတရားမှ လွတ်မြောက်လိုကြကုန်သောသူတို့သည်လည်းကောင်း၊ ဒုက္ခတရား, ဒေါမနဿတရားတို့၏ ချုပ်ခြင်းငှာ အလိုရှိကြကုန်သော သူတို့သည်လည်းကောင်း၊ နိဗ္ဗာန်ဆိုသော အသခ်ီတဓာတ် မြတ်သော တရားကို ရခြင်း, ရောက်ခြင်း, မျက်မှောက်ပြုခြင်းငှာ အလိုရှိကြကုန်သော သူတို့သည်လည်းကောင်း ဤ ၄-ပါးသော ကာယ, ဝေဒနာ, စိတ္တ, ဓမ္မဟုဆိုအပ်သော သတိပဋ္ဌာန်တို့ကို နေ့ညမပြတ် ပွားများအားထုတ်ကြရာသတည်း။

**သတိပဋ္ဌာန်တရား မင်းကွန်းသွား ပြီး၏။**

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

## ဓမ္မစကြာတရား မင်းကွန်းသွား

### ဟောရာ မာတိကာ

ပြည်နာမည်က - ဗာရာဏ
တောနာမည်က - မိဂဒါယ
ဟောတဲ့ဘုရားက - ဂေါတမ
တရားနာမည်က - ဓမ္မစက္က
တရားဦးတွေ့တာက - ကောဏ္ဍည။

ဤသို့ဆိုအပ်နှင့်အညီ ငါတို့၏သုံးလူ့သခင် ဘုရားရှင်သည် ကောဇာသက္ကရာဇ် ၁၀၃-ခုနှစ် ဝါဆို လပြည့်နေ့၌ ဗာရာဏသီပြည် မိဂဒါဝုန်တော၌ ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိ ဟု ဆိုအပ်သော ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦးကို ဟောတော်မူလေသတည်း။

### အယုတ်တရား ၂-ပါး

အယုတ်တရား ၂-ပါးကိုလဲ - ဘုရားကပယ်
ဓမ္မစကြာတရားကိုလဲ - ဟောကြားတယ်
မဇ္ဈိမလမ်း - အကျင့်ဆန်းကြယ်
မဂ္ဂင်ရှစ်ပါး - မြတ်တရားအလယ်။



ဤသို့ဆိုရာ ဒေသနာအစဉ်မှာ အယုတ်တရား ၂-ပါးဟူသည်ကား ငါးပါးအာရုံ ကာမဂုဏ်ကို အမြဲ ခံစားလေ့ရှိသော သဘောတရားတို့ကို အယုတ်တရား တစ်ပါးဟုဆို၏။ ဤအယုတ်တရား ဖြင့် ပြုကျင့်မလတ် မပြတ်နေသော သူသည်လည်း မဂ်ဖိုလ်နိဗ္ဗာန် ဆိုသော ကိလေသာသေကြောင်းတရားကို မတွေ့, မမြင်, မထင် နိုင်သောကြောင့် ကာမသုခလ္လိကာနုယောဂ အယုတ်တရားဟု ဆိုတော်မူချေသည်။

တစ်ခုသော အယုတ်တရားကား ရေငုတ်, မီးလှုံ, တုံးခုန်, ဇယ်ခုတ်ခြင်း စသော ကိလေသာစိတ်မပွား ရအောင် ပြုလုပ်ခြင်း၊ ထိုမှတပါး 'ပဉ္စတပ' ခေါ်သော အကျင့်သည်ကား မီးလေးပုံဖို၍ အလွန်ပြင်းထန်သော နေပူအရှိန်တွင် ထိုင်လျက်ကျင့်ခြင်းဟု ဆိုအပ်သော ၅-ပါးသော အပူဒဏ်ကို သည်းခံ၍ ပြုကျင့်နေတုန်းတွင် ကိလေသာတရားမတိုးပွားဟု အယူရှိသဖြင့် ကိုယ်ပင်ပန်းခြင်း ခံရသော အတ္တကိလမထာနုယောဂ အကျင့်တည်းဟူသော အယုတ်တရား တစ်ခု။ ဤအယုတ်တရား ၂-ခုကို ကျင့်ကြံနေပါမူကား မဂ်ဖိုလ်နိဗ္ဗာန် မရတာမှန်သောကြောင့်ဘုရားရှင်သည် ဇကန်အားဖြင့် ပယ်တော်မူ၏။

ဤအယုတ်တရား ၂-ပါးတို့၏ အလယ်လမ်းကြောင်းဖြစ်သော လမ်းကြီးသည်ကား မဇ္ဈိမပဋိပဒါလမ်းဟု ခေါ်၏။ ဤမဇ္ဈိမလမ်း၏ အကျင့်သည်လည်း အလွန်ပင်ဆန်းကြယ်လှသဖြင့် သာမန်ဉာဏ်ရှိသော ပုဂ္ဂိုလ်တို့မှာ သက်ဝင်ယုံကြည်နိုင်ရန်လည်း (ဝါ) သိနိုင်, မြင်နိုင်ရန်လည်း အလွန်ပင်ခဲယဉ်းသောအကျင့်မြတ်ဖြစ်၏။ ဤအကျင့် မြတ်တရားသည် အခြားမဟုတ်၊ မဂ္ဂင်ရှစ်ပါး မြတ်တရားကြီးပင်ဖြစ်ပေတော့၏။

**မဂ္ဂင်ရှစ်ပါး**

သမ္မာဒိဋ္ဌိမဂ္ဂင်ကလဲ - တရားမြတ်အလယ်
သမ္မာသင်္ကပ္ပမဂ္ဂင်ကလဲ - တရားမြတ်အလယ်
သမ္မာဝါစာမဂ္ဂင်ကလဲ - တရားမြတ်အလယ်
သမ္မာကမ္မန္တမဂ္ဂင်ကလဲ - တရားမြတ်အလယ်
သမ္မာအာဇီဝမဂ္ဂင်ကလဲ - တရားမြတ်အလယ်
သမ္မာဝါယမ မဂ္ဂင်ကလဲ - တရားမြတ်အလယ်
သမ္မာသတိမဂ္ဂင်ကလဲ - တရားမြတ်အလယ်
သမ္မာသမာဓိမဂ္ဂင်ကလဲ - တရားမြတ်အလယ်

ဤသို့ဆိုရာ၌ သမ္မာဒိဋ္ဌိဟူသည် အမှန်မြင်ခြင်းကိုဆိုသည်။ သမ္မာသင်္ကပ္ပဟူသည် အမှန်ကြံခြင်းကို ဆိုသည်။ သမ္မာဝါစာဟူသည် အမှန်ပြောဆိုခြင်းကိုဆိုသည်။ သမ္မာကမ္မန္တဟူသည် အမှန်ပြုခြင်းကို ဆိုသည်။ သမ္မာအာဇီဝဟူသည် အမှန်အသက်မွေးမှုကို ဆိုသည်။ သမ္မာဝါယာမဟူသည် အမှန်အားထုတ်ခြင်းကို ဆိုသည်။ သမ္မာသတိ ဟူသည် အမှန်အောက်မေ့ခြင်းကို ဆိုသည်။ သမ္မာသမာဓိဟူသည် အမှန်တည်ခြင်းကို ဆိုသည်။ သို့အတွက် သမ္မာဒိဋ္ဌိ အမှန်မြင်ခြင်းဆိုတာ စကား၌ အလွန်၌မြင်သည်ဟူ၍လည်း မဆိုရာ။ အယုတ်၌မြင်သည် ဟူ၍လည်း မဆိုရာ။ အလယ်အလတ်၌ မြင်သော အမြင်မှသာလျှင် မြတ်သောမြင်ခြင်းဟု ဆိုရပါသည်။

ထိုစကားတို့တွင် သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပမဂ္ဂင် ၂-ပါးသည် ပညာ၏အစုအဝေးဖြစ်ပါသောကြောင့် ပညာက္ခန္ဓာဟုဆိုသည်။ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝမဂ္ဂင် ၃-ပါးသည် သီလ၏ အစုအဝေးဖြစ်ပါသောကြောင့် သီလက္ခန္ဓာဟုဆိုသည်။ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိမဂ္ဂင် ၃-ပါးသည် သမာဓိ၏



အစုအဝေး ဖြစ်ပါသောကြောင့် သမာဓိက္ခန္ဓာဟု ဆိုသည်။ ဤခန္ဓာသုံးပါးကိုဆိုသဖြင့် မဂ္ဂင်ရှစ်ပါးဟု သိရသည်။

သီလက္ခန္ဓာ မဂ္ဂင်သုံးပါးနှင့် သမာဓိက္ခန္ဓာ မဂ္ဂင်သုံးပါး ၆င်း ခြောက်ပါးသောတရားတို့သည် တည်ကြည်မှု သမာဓိနှင့် အဆက်အစပ်ဖြစ်နေပါသဖြင့် သမထဟုဆိုရသည်။ ကြွင်းသောပညာက္ခန္ဓ၌ရှိသော မဂ္ဂင် ၂-ပါးသည် သိမှုရုပ်နာမ်အာရုံ၌ ဆက်စပ်နေပါသဖြင့် ဝိပဿနာဟုဆိုရသည်။ သမထနှင့်ဝိပဿနာ၊ သမာဓိနှင့် ပညာ ၂-ပါး စုံသည်ကို ဘာဝနာချိန်ဟုဆို၏။ ဤသို့ ဘာဝနာ ချိန်တွင်တင်၍ဝေဖန်နိုင်သောကြောင့် မဂ္ဂင်ရှစ်ပါးတရား ကို မြတ်သောတရား, ထူးသောတရား, အလယ်အလတ်လမ်းကို တန်းတန်းမတ်မတ်သွားနိုင်သော တရားဟု ဆိုသည်။

**မဂ္ဂင် ၂-မျိုး**

မဂ္ဂင်ဆိုတာက ၂-မျိုးရှိ
ဝိပဿနာမဂ္ဂင်က - တစ်မျိုးရှိ
လောကုတ္တရာမဂ္ဂင်က - တစ်မျိုးရှိ
ဝိပဿနာမဂ္ဂင်အာရုံက - သင်္ခတတရား
လောကုတ္တရာမဂ္ဂင်အာရုံက - အသင်္ခတတရား
သင်္ခတဆိုတာက - ရုပ်နာမ်တရား
အသင်္ခတဆိုတာက - နိဗ္ဗာန်တရား

အထက်ပါလက်ာအရ မဂ္ဂင်ရှစ်ပါးတရားသည်ကား ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိအတွင်း၌ အာရုံအားဖြင့် ကျဆင်း၍ ပွားများ အားထုတ်ရသော ဝိပဿနာမဂ္ဂင် တစ်မျိုး၊ ဉာဏဒဿန ဝိသုဒ္ဓိ အတွင်း၌ အာရုံအားဖြင့် ကျဆင်း၍ နိဗ္ဗာနကိုမျက်မှောက်ထင်ထင် သိမြင်သော မဂ္ဂင်တစ်မျိုးဟု ၂-မျိုးရှိ၏။ ထို ၂-မျိုးတို့တွင် ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိအတွင်း၌ အာရုံကျဆင်းသော မဂ်သည်ကား လောကုတ္တရာ သမုစ္ဆေဒပဟာန်ဖြင့် ကိလေသာကို မပယ် ဖြတ်ရသေးသောကြောင့် တဒင်္ဂမဂ်ဟုလည်းခေါ်၏။

**မဗ္ဗစကြာတရား မင်းကွန်းသွား ပြီး၏။**